# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရားမှ မဆုတ်ယုတ်**

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)


၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၁၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၂၂၄)




## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများကို ဆန့်ကျင်ရှုတ်ချပွဲ ကျင်းပ

နေပြည်တော် မေ ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ပြည်သူများက ကြိုဆိုထောက်ခံသည့်အနေဖြင့် ငြိမ်းချမ်းရေးကြိုးပမ်း ဆောင်ရွက်မှု လုပ်ငန်းများကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများအား ဆန့်ကျင်ရှုတ်ချပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ကျင်းပသည်။ (အပေါ်ပုံ)

စာမျက်နှာ ၅ ကော်လံ ၁ ❐

## နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် ၉ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ကိုလည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည် မြင့်မားရေးအတွက် ပညာသင် အခွင့်အလမ်း ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင်

စာမျက်နှာ ၃ ကော်လံ ၁ ❖


**ယနေ့ ဖတ်စရာ**

**၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်လက်ခံရာတွင် မည်သည့်ငွေကြေးမျှ မကောက်ခံဘဲ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးမည်**

ပြည်တွင်းသတင်း | စာ - ၆



**အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီး . . .**

ဆောင်းပါး | စာ - ၉



**အသိပညာသည်သာ လူ့ရဲ့ရတနာ**

ဆောင်းပါး | စာ - ၁၀

# တိုင်းရင်းသားပြည်သူလူထု၏ ငြိမ်းချမ်းရေးခံစားလိုသည့် ဆန္ဒ

နိုင်ငံတစ်ဝန်းလုံး ငြိမ်းချမ်းရေးသည် တိုင်းရင်းသားပြည်သူအားလုံးတို့၏ လိုအင်ဆန္ဒဖြစ်သည်။ လွတ်လပ်ရေး၏ အရသာ၊ ဒီမိုကရေစီ၏ အနှစ်သာရတို့ကို ဆယ်စုနှစ်ပေါင်းများစွာ အပြည့်အဝ မခံစားရသေးသည့် တိုင်းရင်းသားပြည်သူတို့၏ ငြိမ်းချမ်းရေးလိုအင်ဆန္ဒကို တပ်မတော်က ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ လာမည့်နှစ်တွင် ၇၅ နှစ်ပြည့်တော့မည့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးမှာ လက်နက်ကိုင် ပဋိပက္ခများကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားပြည်သူလူထု၏ လူမှုစီးပွားဘဝများ ပြည့်စုံဖူလုံရေးနှင့် သာယာဝပြောရေးတို့ကို အပြည့်အဝ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၏နောက်သို့ တစ်စတစ်စနှင့် ရောက်ရှိသွားခဲ့သည်။

ပြီးခဲ့သည့် ဧပြီလ ၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ခေါင်းဆောင်များကို ငြိမ်းချမ်းရေးအတွက် တိုက်ရိုက်ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့သည်။ အဆိုပါ ဖိတ်ခေါ်မှုမတိုင်မီကပင် တပ်မတော်က ယခုနှစ်ကုန်အထိ ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်ဆိုင်းထားပေးခြင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများ၏ တောင်းဆိုမှုများဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့အတွက် အာမခံချက်ပေးထားခြင်း၊ တွေ့ဆုံဆွေးနွေးမှုများအတွက် ကြိုတင်ကန့်သတ်ချက်မထားခြင်း စသည်တို့ဖြင့် ငြိမ်းချမ်းရေးအတွက် အခင်းအကျင်းများကို ဆောင်ရွက်ပေးထားခဲ့ရာ မည်သည့်အခါကမျှ မပေးခဲ့ဖူးသည့် အခွင့်အလမ်းသစ်များကို ဖော်ဆောင်ပေးထားခြင်းပင်ဖြစ်သည်။

တပ်မတော်က ငြိမ်းချမ်းရေးအတွက် သန္နိဋ္ဌာန်အဖြစ် မည်မျှပင် ကြိုးပမ်းဆောင်ရွက်ပေးစေကာမူ အခြားတစ်ဖက်တွင်မူ တုံ့ပြန်မှုတို့မှာ တိုင်းရင်းသားပြည်သူလူထု၏ မျှော်လင့်ချက်အတိုင်းဖြစ်မလာဘဲ အားမလိုအားမရဖွယ်တို့ကိုသာ တွေ့မြင်ကြရသည်။ ငြိမ်းချမ်းရေးကို တောင့်တနေကြသည့် ပြည်သူတို့၏ ဆန္ဒကို မသိကျိုးကျွန်လိုသည့်သဘော၊ ဒေသအလိုက် စစ်နယ်ရှင်များသဖွယ် အာဏာထူထောင်နေကြရသည်ကို ပျော်မွေ့နေကြသည့်သဘော၊ လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များအနေဖြင့် ရရှိနေသည့် အကျိုးစီးပွားများကို မစွန့်လွှတ်နိုင်သည့် သဘောတို့ကို တွေ့မြင်ရပြီး ငြိမ်းချမ်းရေးကို ပြက်ရယ်ပြုသူများ၊ ကမ်းလှမ်းသည့် လက်ကို ကျောခိုင်းသူများ၊ ရိုးသားဖြောင့်မတ်မှု အလျှင်းကင်းမဲ့သည့် တုံ့ပြန်မှုများကို လက်နက်ကိုင်အဖွဲ့အစည်းအချို့၌ တွေ့ရှိရသည်။ ပြည်ပနိုင်ငံများ၏ စွက်ဖက်နှောင့်ယှက်မှုများကလည်း နိုင်ငံအတွင်း၌ ထာဝရမငြိမ်းချမ်းစေရေး၊ အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုဆိုးရွားပြင်းထန်လာစေရေးအတွက် မီးလောင်ရာလေပင့်သည့်အပြင် လောင်စာဆီပါ လောင်းထည့်ပေးလျက်ရှိကြသည်။

ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ ကြိုးပမ်းဆောင်ရွက်မှုများကို ထောက်ခံပြီး ပြည်ပနိုင်ငံအချို့၏ စွက်ဖက်နှောင့်ယှက်မှုများကို ရှုတ်ချသည့် ပြည်သူလူထု၏ ဆန္ဒဖော်ထုတ်ပွဲကို နေပြည်တော်၌ ကျင်းပခဲ့ရာ ပြည်သူတို့၏ ဆန္ဒအမှန်ကို ထုတ်ဖော်ပြသခြင်းပင်ဖြစ်သည်။ နိုင်ငံရေးပါတီတစ်ခုက ကမကထပြုပေးခဲ့ခြင်းဖြစ်သည့်တိုင် ငြိမ်းချမ်းရေးသည် ပြည်သူတစ်ရပ်လုံးက လိုလားသည့် ဆန္ဒအမှန်ပင်ဖြစ်ရာ နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူလူထု၏ ဆန္ဒနှင့်အညီပင် ဖြစ်ပါကြောင်း။ ။

# မိုးဆမ်းပန်းတွေ လန်းပါစေ

* မိုးအကျမှာ၊ နိုးထလာ၍
ဆောင်းမှာနွဲ့ယိမ်း၊ နံ့သာလိမ်းလျက်
စိမ်းလဲ့သစ်လွင်၊ နွေခါတွင်လည်း
အသွင်မညှိုး၊ အယဉ်တိုးကာ
လှမျိုးစုံလင်၊ ပြစ်ကင်းစင်သည်
ဥယျာဉ်ထဲက ပန်းကလေးများ။

* ပန်းကလေးတို့၊ ဂုဏ်မချို့ဘဲ
စိမ်းညို့ဝေဖြာ၊ ပွင့်ဖူးပါမှ
အနာဂတ်ရေး၊ ဒို့ပြည်အေးလိမ့်။

* ပန်းကလေးတွေ၊ ရနံ့ဝေမှ
ဒို့မြေသန့်ရှင်း၊ ရန်မျိုးကင်းလျက်
အလင်းရောင်ဖြာ၊ အေးချမ်းသာလိမ့်။

* ပန်းကလေးများ၊ ဖူးတံကြွားလျက်
ချိုပျားရသာ၊ ဝတ်ရည်ဖြာမှ
မျက်နှာမငယ်၊ ကမ္ဘာ့အလယ်၌
တင့်တယ်ရှန်းပ၊ ဒို့ပြည်လှလိမ့်။

* သြော်...အအာအိအီ၊ အစချီလျက်
အောဘီစီဒီ၊ အီးအက်ဖ်ဂျီဟု
စုံညီနှုတ်က၊ ရွတ်ဆိုကြလျက်
တက်ကြွလန်းရွှင်၊ ပန်းဥယျာဉ်ဝယ်
ရင်သွေးမာလာ၊ ရတနာတို့
နံ့သာမှုန်ဖူး၊ ဝတ်ရည်ဦးနှင့်
တင့်မြူး လှပ၊ ရှိစေကြဖို့
မိဘဆရာ၊ ညီညွတ်စွာဖြင့်
ကြင်နာယုယ၊ ပြုစုကြ၍
မြေဆွပေါင်းသင်၊ လက်ဦးပြင်သည့်
ဥယျာဉ်မှူးများ၊ မေတ္တာအားကြောင့်
ဝင့်ကြွားထုံလန်း၊ ဥယျာဉ်နန်းဝယ်
မိုးဆမ်းပန်းတွေလန်းပါစေ။
ပွင့်သောပန်းတိုင်း မွှေးပါစေ။
မိမြန်ပြည်၏ ကျက်သရေ၊
အားလုံးမြှင့်တင်နိုင်ပါစေ။ ။

မြင်းမူ မောင်နိုင်မိုး

# နေပြည်တော် ပြည်ထောင်စုနယ်မြေ၌ ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ



**နေပြည်တော် မေ ၁၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နေပြည်တော်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကွပ်ကဲမှု အောက်ရှိ လယ်ဝေး၊ ပုဗ္ဗသီရိ၊ ပျဉ်းမနားမြို့နယ်နှင့် တပ်ကုန်းမြို့နယ် ဘဏ်ခွဲလေးခုမှ တောင်သူဦးကြီးများအား ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ယနေ့တွင် စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံစေရေး၊မြန်မာ့လယ်ယာထွက်ကုန်များကို နိုင်ငံတကာ ဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝ တိုးတက်ရေးတို့ကို ရည်ရွယ်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို အတိုးနှုန်း တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြင့် မိုးစပါး တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်း ထုတ်ချေးပေးလျက်ရှိသည်။

၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို လယ်ဝေးဘဏ်ခွဲအနေဖြင့် ကျေးရွာအုပ်စု တစ်အုပ်စု၊ တောင်သူ ၅၀၊ စပါး ၁၇၆ ဧကအတွက် ချေးငွေကျပ် ၂၆ ဒသမ ၄ သန်း၊ ပုဗ္ဗသီရိဘဏ်ခွဲအနေဖြင့် ကျေးရွာအုပ်စု တစ်အုပ်စု၊ တောင်သူ ၄၇ ဦး၊ စပါး ၁၆၅ ဧက၊ အခြားသီးနှံ ခုနစ်ဧကအတွက် ချေးငွေကျပ် ၂၅ ဒသမ ၄၅ သန်း၊ ပျဉ်းမနားမြို့နယ်ဘဏ်ခွဲအနေဖြင့် ကျေးရွာအုပ်စု တစ်အုပ်စု၊ တောင်သူ ၅၅ ဦး၊ စပါး ၁၆၃ ဧက၊ အခြားသီးနှံ ၃၂ ဧကအတွက် ချေးငွေကျပ် ၂၆ ဒသမ ၁၅ သန်းနှင့် တပ်ကုန်းမြို့နယ်ဘဏ်ခွဲအနေဖြင့် ကျေးရွာအုပ်စု တစ်အုပ်စု၊ တောင်သူ ၅၅ ဦး၊ စပါး ၁၈၁ ဧက၊ အခြားသီးနှံ ၁၀ ဧကအတွက် ချေးငွေကျပ် ၂၈ ဒသမ ၆၅ သန်း စတင်ထုတ်ချေးပေးလျက်ရှိသည်။

ပြည်ထောင်စု နယ်မြေနေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကွပ်ကဲမှုအောက်ရှိ ဘဏ်ခွဲလေးခုမှ နေပြည်တော်နယ်မြေအတွင်းရှိ တောင်သူများသို့ ချေးငွေများ စိုက်ပျိုးရာသီချိန်အမီရရှိရေး ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၂ မိုးစပါး ချေးငွေများ စတင်ထုတ်ပေး



**ရန်ကုန် မေ ၁၆**

နိုင်ငံတော်အတွင်း စားနပ်ရိက္ခာဖူလုံစေရေး၊ တောင်သူလယ်သမားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် လိုအပ်သည့် အရင်းအနှီးကုန်ကျငွေ တစ်စိတ်တစ်ဒေသကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က သက်သာသည့် အတိုးနှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရေးချေးငွေကို မေ ၁၆ ရက်မှ စတင်၍ ထုတ်ချေးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း တောင်သူ ၄၇၁ ဦးအား ချေးငွေ ၅၀၃၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်သိန်း**

# နိုင်ငံခြားရေးဝန်ကြီးဌာန ဌာနခွဲစာရေးများ အင်္ဂလိပ်စာနှင့် နိုင်ငံခြားရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၄/ ၂၀၂၂) ဖွင့်လှစ်

**နေပြည်တော် မေ ၁၆**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ကြီးမှူး၍ ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် ပထမအကြိမ် အဖြစ် သွားရောက် တာဝန်ထမ်းဆောင်မည့် ဌာနခွဲစာရေးများ အင်္ဂလိပ်စာနှင့် နိုင်ငံခြားရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၄/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




### တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက် အမှာစကားပြောကြားပြီး အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

### ရက်သတ္တရှစ်ပတ်ကြာ ဖွင့်

အဆိုပါသင်တန်းကို နေပြည်တော်၌ မေ ၁၆ ရက်မှ ဇွန် ၂၄ရက်အထိလည်းကောင်း၊ ရန်ကုန်မြို့၌ ဇွန် ၂၇ ရက်မှ ဇူလိုင် ၈ ရက်အထိ လည်းကောင်း စုစုပေါင်း ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နိုင်ငံ၏မူဝါဒများ၊ နိုင်ငံခြားရေးရာ ကိစ္စရပ်များအပြင် ဗဟုသုတများကို သိရှိနားလည်နိုင်စေရန်နှင့် အင်္ဂလိပ်စာ အရည်အသွေးပိုမိုတိုးတက်စေရန် ရည်ရွယ်၍ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

### ပို့ချသွားမည်

သင်တန်းနည်းပြ ဆရာ၊ ဆရာမများအဖြစ် ဝါရင့်သံတမန်ကြီးများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဦးစီးဌာနအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ဒဂုံတက္ကသိုလ် (နိုင်ငံတကာ ဆက်ဆံရေးဌာန)၊ နိုင်ငံခြားဘာသာ တက္ကသိုလ် (အင်္ဂလိပ်စာဌာန)တို့မှ တာဝန်ရှိသူများကို ဖိတ်ကြား၍ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ဌာနခွဲစာရေး ၃၃ ဦး တက်ရောက်မည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အုပ်ချုပ်မှုစွမ်းရည် မြင့်မားရေးသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၁၆

**ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေး သင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရတနာခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)





### တတိယအကြိမ်မြောက် ဖွင့်လှစ်

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေက ယခုသင်တန်းသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်၊ ယုံကြည်ချက်၊ စိတ်နေသဘောထားများ ပိုမိုကောင်းမွန်လာစေရန်၊ နိုင်ငံ့ဝန်ထမ်းများ သိရှိရမည့် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ရန်၊ ပြည်တွင်း/ပြည်ပနိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို လေ့လာသိရှိစေရန်၊ ကောင်းမွန်သော အုပ်ချုပ်မှုနှင့် ခေါင်းဆောင်မှုသဘောတရားများကို သိရှိနားလည်စေရန်နှင့် ပြည်သူကို ဝန်ဆောင်မှုပေးရာတွင် အားကောင်းစွာ၊ အဂတိတရားကင်းရှင်းစွာ၊ ခွဲခြားဆက်ဆံမှုကင်းရှင်းစွာဖြင့်၊ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဝန်ဆောင်မှုပေးနိုင်စေရန်ရည်ရွယ်၍ တတိယအကြိမ်မြောက် ဖွင့်လှစ်သည့်သင်တန်းဖြစ်ကြောင်း။

### အထူးဂရုပြုလေ့လာမှတ်သား

သင်တန်းတွင် တက္ကသိုလ်ရှိ ပညာဌာနကြီး ရှစ်ခုမှ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည့်အပြင် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အခြားဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးမှ ၎င်းတို့၏ လုပ်ငန်းဆိုင်ရာများနှင့် သိသင့်သိအပ်သည့် အကြောင်းအရာများကိုလည်း လာရောက်ပို့ချပေးမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပမှ အသိပညာရှင် ကျွမ်းကျင်ပညာရှင်များကလည်း လာရောက်ဆွေးနွေးပို့ချပေးမည်ဖြစ်၍ အထူးဂရုပြုလေ့လာ မှတ်သားကြရန် မှာကြားလိုကြောင်း။

### အစွမ်းကုန်ကြိုးစားအားထုတ်

သင်တန်းအတွက် သတ်မှတ်ထားရှိသည့် ကိုဗစ်ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး သတ်မှတ်ထားသော စည်းကမ်းများ၊ သင်တန်းဆိုင်ရာ စည်းကမ်း၊ တည်မြဲအမိန့်၊ ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာပြီး မိမိဌာနအဖွဲ့အစည်း၏ ဂုဏ်သိက္ခာ မြှင့်တင်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားအားထုတ်ကြရန် မှာကြားသည်။

အဆိုပါသင်တန်းသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သင်တန်းသား ၁၁၉ ဦး၊ သင်တန်းသူ ၁၂၉ဦး စုစုပေါင်း ၂၄၈ ဦးတို့ တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၁၆ ရက်မှ ဇူလိုင် ၂၂ ရက်အထိ ရက်သတ္တ ၁၀ ပတ် ကြာမြင့်မည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေသည် တက္ကသိုလ်ပင်မရုံး အစည်းအဝေးခန်းမတွင် တက္ကသိုလ်ရှိ ဆရာ ဆရာမများ၏ လေ့ကျင့်သင်ကြားမှု၊ တွေးခေါ်မြော်မြင်နိုင်မှု၊ နိုင်ငံတကာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များနှင့် ရင်ပေါင်တန်းနိုင်ရေးတို့အတွက် လေ့ကျင့်သင်ကြားမှု စွမ်းရည်မြှင့်တင်ရန် ဆောင်ရွက်သွားမည့် အစီအမံများကို တက္ကသိုလ်မှ တာဝန်ရှိသူများကို တွေ့ဆုံမှာကြားပြီး ဆွေးနွေးတင်ပြချက်များအရ ကြုံတွေ့ရသော အခက်အခဲများအပေါ် ပြန်လည်ဆွေးနွေးဖြည့်ဆည်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာ သင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နို့ကို အပြည့်အဝ သောက်စို့ နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ/ ဆရာမများ လိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှ ကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ/ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့ နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာမြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ - ၅ - ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့်ကာလများကို လစာမဲ့ခွင့်အဖြစ် သတ်မှတ်၍ ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် မေ ၁၆

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ဝန်ကြီးရုံး မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

### အလေးပေးဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က လက်ရှိကာလတွင် တရားဥပဒေစိုးမိုးရေး၏ အနှစ်သာရတစ်ခုဖြစ်သော အကောင်အထည်ဖော်ရာလည်းရောက်ရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ခုလည်းဖြစ်သော ဥပဒေအသိပညာ ပြန့်ပွားရေး (Legal Advocacy) ကိစ္စကို အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာ ပြန့်ပွားရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄)၏ မဟာဗျူဟာရည်မှန်းချက်နှင့်အညီ ဥပဒေရေးရာဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနများမှ ဝန်ထမ်းများအတွက် စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်းဆိုင်ရာ အခြေခံသင်တန်းများ၊ ဥပဒေရေးဆွဲခြင်းနှင့် ဥပဒေ(မူကြမ်း) စိစစ်အကြံပြုခြင်းဆိုင်ရာ သင်တန်းများ၊ တရားမမှုများ လိုက်ပါဆောင်ရွက်ခြင်း သင်တန်းများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် အာဆီယံ ဥပဒေအခြေခံသင်တန်းများကို ပို့ချနိုင်ခဲ့ကြောင်း။

### အသိအမှတ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်မည်

ဥပဒေရေးရာဝန်ကြီးဌာနရှိ ဦးစီးဌာနအသီးသီး၏ လုပ်ငန်းတာဝန်များအား သိရှိနားလည်စေရန်နှင့် ဥပဒေအသိပညာပြန့်ပွားစေရန် ရည်ရွယ်၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များအား ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်း(Legal Advocacy Training)ကို "နိုင်ငံ့ဝန်ထမ်း အကြီးအမှူးများအတွက် ဥပဒေရေးရာသင်တန်း"အဖြစ် ဤဝန်ကြီးဌာနမှ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အသိအမှတ်ပြုလက်မှတ် (Certificate) ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း၊ Legal Advocacy Centre သင်တန်းကျောင်း ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ ဖွင့်လှစ်ပြီးပါက ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ အရာထမ်း၊ အမှုထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်သင်တန်းများ ဝန်ကြီးဌာနပေါင်းစုံမှ အရာထမ်းများအတွက် ဘာသာရပ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

### သေသေချာချာဖတ်ရှုပြီး လိုက်နာဆောင်ရွက်

တရားစွဲမှုနှင့် အမှုလိုက်လုပ်ငန်းသည် ဤဝန်ကြီးဌာန၏ အဓိကလုပ်ငန်းဖြစ်သဖြင့် ဥပဒေရုံးအဆင့်ဆင့် ကြီးကြပ်မှုဖြင့် ထိန်းကျောင်းမှုများကို အလေးဂရုထားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ တရားစွဲနှင့် အမှုလိုက် ညွှန်ကြားချက်များကို ဥပဒေရေးရာဝန်ကြီးဌာနမှ ထုတ်ပြန်ထားသဖြင့် သေသေချာချာ ဖတ်ရှုပြီး လိုက်နာဆောင်ရွက်ရန်လိုကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ် ဥပဒေချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိများအနေဖြင့် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့် တိုးတက်ကောင်းမွန်ရေးကို ရှေးရှုပြီး တင်ပြဆွေးနွေးအကြံပြုကြရန် တိုက်တွန်းပြောကြားလိုကြောင်း မှာကြားသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန၏ တစ်နှစ်တာ လုပ်ဆောင်ချက် Video Clip ကို ပြသသည်။ ယင်းနောက် ဒုတိယအမြဲတမ်းအတွင်းဝန်က ဥပဒေရေးရာဝန်ကြီးဌာန၏ ဝန်ကြီးဌာနဖွဲ့စည်းပုံနှင့်အညီ အသစ်ဖွဲ့စည်းခဲ့သော ဌာနခွဲ၊ ဌာနစိတ်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

### ပြန်လည်ရှင်းလင်း

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များက မိမိတို့ဒေသအလိုက် လုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့် ရုံးလုပ်ငန်းများကို တင်ပြဆွေးနွေးကြပြီး လုပ်ငန်းဆိုင်ရာများကို သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့်အတူ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေအရာရှိများ တက်ရောက်ကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်နှင့် သမဝါယမကောလိပ်တို့မှ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိ

နေပြည်တော် မေ ၁၆

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ သမဝါယမကောလိပ်နှင့် အမရပူရမြို့နယ်ရှိ ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတို့မှ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုကို အားပေးကြည့်ရှုပြီး ကျောင်းများမှ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သည်။**

### မျိုးဆက်သစ်လူငယ်များ မွေးထုတ်

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များအပေါ်တွင် မူတည်နေပြီး ထိုလူငယ်များ၏ ပညာရည် ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနရှိ တက္ကသိုလ်များ၊ ကောလိပ်များ၊ သင်တန်းကျောင်းများ၊ ပုဂံယွန်းပညာကောလိပ်တို့မှ နိုင်ငံအတွက် အကျိုးပြုမည့် အသိပညာရှင်၊ အတတ်ပညာရှင် အနာဂတ်မျိုးဆက်သစ်လူငယ်များ မွေးထုတ်ပေးရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များ၊ ကောလိပ်များအနေဖြင့် အစဉ်အလာကောင်းများ ရှိခဲ့ပြီး ကောင်းမွန်သော ရည်ရွယ်ချက်၊ ရည်မှန်းချက်များဖြင့် သင်ကြားပို့ချပေးနေပါကြောင်း၊ သမဝါယမစနစ်နှင့် သမဝါယမကျောင်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်များ ရှိပါကလည်း တင်ပြပေးရန် ပြောကြားပြီး ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် ၁၀,၀၀၀ နှုန်းဖြင့် ဝန်ထမ်း ၂၈၁ ဦးအတွက် ငွေကျပ် ၂,၈၁၀,၀၀၀ ကို ပါမောက္ခချုပ်ထံ ပေးအပ်သည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သမဝါယမနှင့် စီမံခန့်ခွဲမှု ပညာတက္ကသိုလ်ရှိ e-Library နှင့် စာသင်ဆောင်များ၊ ToT သင်တန်းများ ပို့ချနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်း လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး စာသင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးသည်။

### ဆောလျင်စွာ ဖွဲ့စည်း

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၏ ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံသို့ ရောက်ရှိပြီး ဒုတိယဝန်ကြီးက ရက်ကန်းလုပ်ငန်းများ ပိုမိုအောင်မြင်နိုင်ရေးအတွက် သမဝါယမစနစ်ဖြင့် ရက်ကန်းလုပ်ငန်းရှင်များအသင်း ဆောလျင်စွာ ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြင်ဆင်ထိန်းသိမ်းရန် လိုအပ်သည်များအတွက် တင်ပြပေးစေလိုကြောင်း မှာကြားပြီး ရက်ကန်းကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ **(အောက်ဝဲပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ သမဝါယမကောလိပ်သို့ ရောက်ရှိပြီး ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

### ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် ၁၀,၀၀၀ နှုန်းဖြင့် ဝန်ထမ်း ၅၀ အတွက် ငွေကျပ် ၅၀၀,၀၀၀ ကို ကျောင်းအုပ်ကြီးထံ ထောက်ပံ့ပေးအပ်ကာ ကောလိပ်အတွင်း သင်ကြားပို့ချနေမှုများ၊ စာသင်ဆောင်များ၊ စာကြည့်တိုက်၊ စားရိပ်သာနှင့် အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေကြောင်းသွားလာရေးလုပ်ငန်းများအတွက် အရေးပါသည့် ရေကြောင်းပညာရှင်များ မွေးထုတ်ပေးရာတွင် အရည်အချင်းပြည့်ဝပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရှင်များဖြစ်အောင် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိ





ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်းဒီပလိုမာသင်တန်း အမှတ်စဉ် (၁၃) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၆**

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်းဒီပလိုမာသင်တန်း အမှတ်စဉ် (၁၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ကမာရွတ်မြို့နယ် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး၊ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး၊ လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

ဦးစွာ ပြည်ထောင်စုဝန်ကြီးကို ကျောင်းဆင်း တပ်ခွဲက အလေးပြုပြီး စစ်ကြောင်းပုံဖြင့် ချီတက် အလေးပြုကြသည်။ ထို့နောက် ပြည်ထောင်စု ဝန်ကြီးက ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်းတွင် ထူးချွန်ဆုရရှိခဲ့ကြသော စံပြအရာရှိလောင်း (ရေကြောင်း) ဆုရ သုတစိုး၊ စံပြ အရာရှိလောင်း (အင်ဂျင်နီယာ) ဆုရ ဟန်မင်းလတ်၊ ကုန်သွယ်ရေကြောင်းအရာရှိလောင်း စာပေထူးချွန် ဆုရ အားမာန်ဦးနှင့် အင်ဂျင်နီယာ အရာရှိလောင်း စာပေ ထူးချွန်ဆုရ စွမ်းထက်အောင်တို့ကို ဂုဏ်ပြုဆု များ ပေးအပ်ချီးမြှင့်သည်။

### စဉ်ဆက်မပြတ် လေ့လာသင်ယူ

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ ရေကြောင်းဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖြစ်သည့် ကုန်သွယ်ရေကြောင်း အရာရှိလောင်း များကို အားသစ်လောင်းကာ မွေးထုတ်ပေးနိုင်ခဲ့သည့် နေ့တစ်နေ့ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်သည် သက်တမ်း အားဖြင့် ရွှေရတုနှစ် (၅၀) ပြည့်ခဲ့ပြီး စတင် တည်ထောင်ချိန်မှ ရွှေရတုကာလအထိ နိုင်ငံတော် အတွက် လိုအပ်သောရေကြောင်းပညာ မျိုးဆက်သစ် များကို စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးခဲ့ သည့် သမိုင်းအစဉ်အလာ ကြီးမားခဲ့သော ရေကြောင်း ဘက်ဆိုင်ရာ ကောလိပ်ကျောင်းကြီး တစ်ကျောင်း ဖြစ်ပါကြောင်း၊ ခေတ်အဆက်ဆက် ကျောင်းဆင်း အရာရှိများသည် နိုင်ငံတကာ ရေကြောင်းပို့ဆောင် ရေးကဏ္ဍတွင် ကျရာတာဝန်များကို ထမ်းဆောင် လျက်ရှိကြပြီး ဝန်ကြီးဌာနတွင်ရှိသည့် ရေကြောင်း ဘက်ဆိုင်ရာကဏ္ဍများကို တာဝန်ယူ ဆောင်ရွက်နေ ကြသော ဌာနများတွင်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ကျေပွန်ခဲ့ကြကြောင်း၊ မြန်မာနိုင်ငံကုန်သွယ် ရေကြောင်းကောလိပ်အနေဖြင့် သင်တန်းဆင်း အရာရှိလောင်းများ၏ အလုပ်အကိုင် အခွင့်အလမ်း အတွက် နိုင်ငံခြားသင်္ဘောကုမ္ပဏီများနှင့် သဘောတူ စာချုပ်များ ချုပ်ဆိုပြီး ချိတ်ဆက်ဆောင်ရွက်ပေး လျက်ရှိသည့်အတွက် ကျောင်းဆင်းအရာရှိလောင်း များ အားလုံးရာနှုန်းပြည့် အလုပ်အကိုင်ရရှိလျက် ရှိပါကြောင်း၊ ရေကြောင်းကုန်သွယ်ရေးကဏ္ဍသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကအထောက် အကူပြုသည့်ကဏ္ဍဖြစ်ကြောင်း၊ရေကြောင်းသွားလာ ရေးလုပ်ငန်းများအတွက် အရေးပါသည့် ရေကြောင်း ပညာရှင်များ မွေးထုတ်ပေးရာတွင် အရည်အချင်း ပြည့်ဝပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရှင်များဖြစ်အောင် လေ့ကျင့်မွေးထုတ်ပေး လျက်ရှိကြောင်း၊ ကျောင်းဆင်းအရာရှိလောင်းများ အနေဖြင့် ကုန်သွယ်ရေယာဉ်များပေါ်တွင် တာဝန် ထမ်းဆောင်ရာ၌ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဂုဏ်သိက္ခာ၊ မိခင်ကျောင်းတော်ကြီး၏ ဂုဏ်သတင်း များ အစဉ်ကောင်းမွန်အောင် ဆောင်ရွက်ကြရန် အလေးထား တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံ တော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရန်၊ အနာဂတ်တွင် ထူးချွန်ထက်မြက်သည့် နိုင်ငံသား ကောင်း မျိုးဆက်သစ် ရေကြောင်းလူငယ်များဖြစ် အောင် ကြိုးစားကြရန်၊ မိမိနှင့် သက်ဆိုင်သည့် ပညာရပ်များကိုလည်း ခေတ်နှင့်အညီ ကျွမ်းကျင် ပိုင်နိုင်စွာ တတ်မြောက်အောင် စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြရန်၊ ရေကြောင်းပညာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုရေး ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

### လေ့ကျင့်ပျိုးထောင်မွေးထုတ်

မြန်မာနိုင်ငံကုန်သွယ် ရေကြောင်းကောလိပ်ကို ၁၉၆၃ ခုနှစ်တွင် ဆိပ်ကြီး၊ သန်လျင်ရေတပ်လေ့ကျင့် ရေးကျောင်း၌ ပထမဦးဆုံး စတင်ဖွင့်လှစ်ခဲ့ပြီး စတင် တည်ထောင်ချိန်မှ ယနေ့အထိ ရေကြောင်းပညာ အရာရှိလောင်း ၂၇၃၄ ဦးနှင့် ရေကြောင်းအင်ဂျင် နီယာ အရာရှိလောင်း ၂၇၇၉ ဦး စုစုပေါင်းအရာရှိ လောင်း ၅၅၁၃ ဦးကို လေ့ကျင့်ပျိုးထောင် မွေးထုတ် ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ဦးဆောင်ညွှန်ကြားရေးမှူးက မြန်မာ့သင်္ဘောကျင်း လုပ်ငန်း၏ ရေယာဉ် တည် ဆောက်ပြုပြင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင် ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းတွင် ရေယာဉ် လွန်းတင် ပြင်ဆင်နေမှု၊ လွန်းကျင်းအခြေအနေနှင့် မြန်မာ့သင်္ဘောကျင်း လုပ်ငန်းဝင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ သည် မြန်မာ့မီးရထား၊ စက်ခေါင်းစက်ရုံ (အင်းစိန်) သို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ရထား စက်ခေါင်းများ ပြင်ဆင်ရာတွင် သတ်မှတ်ကာလ အတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ရန်၊ စက်ရုံရှိ အလုပ်ရုံများအလိုက် ပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းမှုရှိစေရေး စနစ်တကျ ဆောင်ရွက်သွား ကြရန် မှာကြားပြီး စက်ခေါင်းစက်ရုံ (အင်းစိန်) ၏ စက်ရုံတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

### ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းစိန်မီးရထားဆေးရုံသို့ ရောက်ရှိကာ ဆေးရုံ ဧည့်ခန်းမတွင် ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံအမှာ စကားပြောကြားပြီး ဆေးရုံအဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သည် မြို့ပတ်ဒီဇယ်စက်ခေါင်းစက်ရုံ (အင်းစိန်) သို့ ရောက်ရှိပြီး စက်ရုံဝင်းအတွင်းရှိ ဂျပန်နိုင်ငံမှ ရောက်ရှိလာသည့် DEMU ရထားတွဲဆိုင်းသစ်များကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တွဲဆိုင်းပါ စက်ခေါင်း၊ တွဲအခြေအနေများကို ရှင်းလင်းတင်ပြ သည်။ ထို့နောက် တွဲဆိုင်းပါ စက်ခေါင်းနှင့် တွဲများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

---

❒ *ရွှေ့ဖုံးမှ*



အဆိုပါ ကြို့ဆိုထောက်ခံပွဲသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးပါတီ ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့်ဦးသိန်းညွန့်၊ဦးလှဆွေ၊ ဦးသောင်းအေး၊ ဦးဖိုးသိန်း၊ ပါတီဗဟို ပြောရေးဆိုခွင့်ရှိသူ ဦးသိန်းထွန်းဦး၊ ပြည်ထောင်စု နယ်မြေပါတီဥက္ကဋ္ဌ ဦးမြင့်လှိုင်၊ မြို့နယ် ပါတီဥက္ကဋ္ဌများနှင့် နေပြည်တော် (၈) မြို့နယ်မှ ပြည်သူ စုစုပေါင်းအင်အား ၇၀၀၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူ များက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအား အလေးပြု၍ နိုင်ငံတော်သီချင်းကို သီဆိုကာ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပါတီဗဟိုပြောရေး ဆိုခွင့်ရှိသူ ဦးသိန်းထွန်းဦးက သဘာပတိအဖြစ် ဆောင်ရွက်၍ အဖွင့်အမှာစကား ပြောကြားပြီး ဗဟိုကော်မတီဝင် တစ်ဦးနှင့် ပါတီဝင်များက ငြိမ်းချမ်းရေးသည် ဒီမိုကရေစီအတွက် အခြေခံလိုအပ်ချက်ဖြစ်သည်၊ ငြိမ်းချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအစစ်အမှန် ဖြစ်သည် ဟူသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးဟောပြောကြသည်။ (ဝဲပုံ)

ယင်းနောက် တက်ရောက်လာကြသည့် ပြည်သူများက "ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး- တို့အရေး၊ ပြည်ပစွက်ဖက်မှု အန္တရာယ် ဆန့်ကျင်တိုက်ဖျက်ရေး-တို့အရေး၊ ငြိမ်းချမ်းရေး ပျက်ပြားအောင် ဖျက်ဆီးနေသူများ ကျဆုံးရေး - တို့အရေး၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကြီး- အောင်ရမည်" ဟု ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ထောက်ခံပွဲကို ရုပ်သိမ်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၆**

နေပြည်တော်နှင့် မန္တလေးမြို့ တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသ ကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့ တွင် မိုးပိုနေမည်။ **မိုး/ဇလ**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်လက်ခံရာတွင် မည်သည့်ငွေကြေးမျှမကောက်ခံဘဲ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးမည်



နေပြည်တော် မေ ၁၆

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အခြေခံပညာဦးစီးဌာနရှိ တိုင်းဒေသကြီး/ပြည်နယ်များမှ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးမည်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများ၏ ညီညီညွတ်ညွတ် ဝိုင်းဝန်းလက်တွဲဆောင်ရွက်မှုများကြောင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အတန်းများကို အောင်မြင်စွာ ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်ကို ဇွန် ၂ ရက်တွင် စတင်တော့မည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာ ကျောင်းသားကျောင်းသူများ ကျောင်းအပ်လက်ခံရာတွင် မည်သည့်ငွေကြေးမျှမကောက်ခံဘဲ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံရေး လုပ်ငန်းများ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မေ ၁၉ ရက်တွင် ကျောင်းအပ်နှံရေးလှုပ်ရှားမှု ဆိုင်းဘုတ်များ စိုက်ထူဆောင်ရွက်ကြရမည်ဖြစ်ပြီး ပညာရေးမှူးများအားလုံးက စည်းကမ်းတကျစွာ ကြီးကြပ်ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ကျောင်းအပ်နှံရာတွင် နေထိုင်သည့် မြို့နယ်ဒေသ (Catchment Area) များတွင် ကျောင်းအပ်နှံကြရမည်ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းလက်တွဲဆောင်ရွက်**

သို့ရာတွင် မိမိသွားလာရေးအဆင်ပြေသည့် နေထိုင်ရာဒေသနှင့် နီးစပ်ရာကျောင်းများတွင် အပ်နှံနိုင်ရေးအတွက်လည်း အဆင်ပြေအောင် ဝိုင်းဝန်းညှိနှိုင်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ မေ ၁၂ ရက်တွင် တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များအားလုံး ဖွင့်လှစ်ခဲ့ရာ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်လျက်ရှိကြောင်း၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်ချိန်တွင်လည်း ဆရာ ဆရာမများအနေဖြင့် မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျောင်းအပ်နှံရေးလုပ်ငန်းများ အခက်အခဲမရှိအောင်၊ ပြဿနာမရှိအောင် ညီညီညွတ်ညွတ် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ကျောင်းအပ်နှံရေးနေ့တွင် ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များ အခမဲ့ပေးဝေသွားမည်ဖြစ်ပါကြောင်း၊ ကျောင်းဝတ်စုံများကိုလည်း ကျောင်းဖွင့်ချိန်အတွင်း ပေးဝေသွားမည်ဖြစ်ပါကြောင်း၊ ကျောင်းသုံးစာရေးကိရိယာများ၊ ဖတ်စာအုပ်များကို အနှောင့်အယှက်၊ အဖျက်အဆီး၊ ပျက်စီးဆုံးရှုံးမှုများမရှိအောင် စနစ်တကျ စီစဉ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ပညာရေးနှင့် ပတ်သက်သည့် သတင်းမှား သတင်းတုများ ပေါ်ပေါက်လာသည့်အခါ သတင်းအမှန်များကို ကျောင်းသားမိဘများ သိရှိအောင် စိတ်ရှည်စွာ ရှင်းပြကြစေလိုပါကြောင်းဖြင့် ကျောင်းသားလူငယ်များ၏ သင်ယူသင်ကြားခွင့် အခွင့်အရေးအပြည့်အဝ ရရှိအောင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က ကျောင်းသားကျောင်းသူများ ပညာသင်ယူမှု အခွင့်အလမ်းရရှိစေရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ယခုပညာသင်နှစ်၌ KG+11 အထိ စနစ်သစ်သင်ရိုးဖြင့် သင်ကြားပေးမည်ဖြစ်ပါကြောင်း၊ ယမန်နှစ်က အကြောင်းအမျိုးမျိုးကြောင့် စနစ်ဟောင်းသင်ရိုး Grade-6 မတက်ရသေးသူများအတွက် Grade-6 သင်ရိုးဟောင်းကိုလည်း ပြန်လည်သင်ကြားပေးရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျောင်းအပ်နှံရေးလုပ်ငန်းနှင့် ကျောင်းဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) သို့ ပဲခူးမြစ်မှတစ်ဆင့် အပန်းဖြေရေယာဉ်သင်္ဘောတို့ဖြင့် လာရောက်လည်ပတ်နိုင်ရေး ဆိပ်ခံဇောတံတားတည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်နေပြီဖြစ်



ရန်ကုန် မေ ၁၆

တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့သည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်) ၌ သင်္ဘောကပ်ရန် တည်ဆောက်မည့် ဆိပ်ခံဇောတံတား သယ်ယူခြင်း၊ လွှန်းတင်ခြင်း၊ ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တိုးပွားရေယာဉ်ဖြင့် ဗိုလ်တထောင် ဆိပ်ကမ်းတွင် ကမ်းကပ်ထားသည့် ဆိပ်ခံဇောကို သွားရောက်စစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရေး ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

**ဝန်ထမ်းများနှင့်တွေ့ဆုံ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် သာကေတမြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်) သို့ သွားရောက်ကာ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

**မလွဲမသွေဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်) သို့ ပဲခူးမြစ်မှတစ်ဆင့် အပန်းဖြေရေယာဉ်သင်္ဘောတို့ဖြင့် လာရောက်လည်ပတ်နိုင်ရေး ဆိပ်ခံဇောတံတားတည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်နေပြီဖြစ်ပါကြောင်း၊ တိုင်းရင်းသားကျေးရွာကို သာယာလှပရေးနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် မလွဲမသွေဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ရငွေလျာထားမှု ပြည့်မီရေး၊ လုပ်ငန်းတိုးတက်မှု အခြေအနေများကို သုံးလတစ်ကြိမ် တင်ပြဆောင်ရွက်သွားကြရန်နှင့် တာဝန်ရှိသူများမှလည်း အဆင့်ဆင့်ကြပ်မတ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကျေးရွာအတွင်းရှိ တိုင်းရင်းသား ရိုးရာနေအိမ်များတွင် ရေရရှိရေးအတွက် အဝီစိရေတွင်းများ တူးဖော်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ အရည်အချင်းကို အမြဲ တိုးတက်မြင့်မားအောင် လေ့လာသင်ယူကြရမည် ဖြစ်ပါကြောင်းနှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာနေထိုင်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**စည်းကမ်းနှင့်အညီသုံးစွဲ**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) သည် လျာထားရငွေထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဘတ်ဂျက်သုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) အတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား စီမံချက်များ ရေးဆွဲ၍ တွက်ချက်မှု (Estimate) များနှင့်အတူ တင်ပြရန် လိုအပ်ပါကြောင်း၊ မိမိတို့ဆောင်ရွက်မည့် လုပ်ငန်းများသည် နိုင်ငံတော်အတွက် အကျိုးရှိစေရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**ကွင်းဆင်းကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) အတွင်း အဝီစိရေတွင်း တူးဖော်မည့် နေရာများနှင့် ဆိပ်ခံဇောတံတားတည်ဆောက်မည့် နေရာများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**သတင်းစဉ်**

## တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များ ပုံမှန်ပညာသင်နှစ်အတိုင်း ဖွင့်လှစ်

**နေပြည်တော် မေ ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များ ၂၀၂၂ ခုနှစ် မေ ၁၂ ရက်မှ စတင်၍ ပုံမှန်ပညာသင်နှစ်ဝက် ကာလအတိုင်း ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ ကျောင်း ပြန်လည်တက်ရောက်လျက်ရှိကြသည်။

ယခုကဲ့သို့ တက္ကသိုလ်နှင့် ကောလိပ်များ စနစ်တကျဖွင့်လှစ်နိုင်ရေးအတွက် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ပြင်ဆင်ဆောင်ရွက်ခဲ့ကြပြီး တက္ကသိုလ်ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများကို ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေး အဖွဲ့နှင့် ရပ်ရွာအခြေပြု ပြည်သူလူထုလုံခြုံရေးအဖွဲ့များ ပူးပေါင်း၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားသည့် မြန်မာအမျိုးသမီးဘောလုံးအသင်းအား နိုင်ငံတော်မှထပ်မံပေးအပ်သည့် ဂုဏ်ပြုဆုငွေချီးမြှင့်

ဗီယက်နမ် မေ ၁၆

**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယနေ့တွင် ဗီယက်နမ်နိုင်ငံ Ha Long City ၌ ကျင်းပလျက်ရှိသည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲဝင် မြန်မာအားကစားသမားများကို သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာတို့၏ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ ကြိုးစားအားထုတ်မှုကို ပြသယှဉ်ပြိုင်သွားကြရန်၊ အားကစားဖြင့် နိုင်ငံတော်၏ ဂုဏ်ကို မြှင့်တင်ကြရန်နှင့် အောင်မြင်မှု ရရှိသည်နှင့်အမျှ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက စောင့်မျှော်အားပေးဂုဏ်ပြုကြမည်ဖြစ်ကြောင်း ပြောကြားပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည့် မြန်မာအမျိုးသမီးဘောလုံးအသင်းကို နိုင်ငံတော်မှ ချီးမြှင့်ငွေ အမေရိကန်ဒေါ်လာ တစ်သိန်းပေးအပ်သည်။





ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများ တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲမှ မြန်မာအားကစားသမားများ ပြိုင်ပွဲဝင်နေမှုကို ကြည့်ရှုအားပေးစဉ်။




ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ မြန်မာအမျိုးသမီး ဘောလုံးအသင်းအား နိုင်ငံတော်မှထပ်မံပေးအပ်သည့် ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။

မြန်မာ အမျိုးသမီးဘောလုံးအသင်းသည် အကြိုဗိုလ်လုပွဲအဖြစ် မေ (၁၈) ရက်တွင် ဗီယက်နမ် အမျိုးသမီး ဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဟန္နိုင်းမြို့ရှိ Tay Ho အားကစားရုံ၌ ကျင်းပလျက်ရှိသည့် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ယနေ့ပြိုင်ပွဲများအဖြစ် Ha Dong အားကစားရုံ၌ ဘိလိယက်/စနူကာ အားကစားပြိုင်ပွဲများကို လည်းကောင်း၊ Hanoi National Sport Training Center ၌ မြားပစ်နှင့် သေနတ်ပစ်အားကစားပြိုင်ပွဲများကို လည်းကောင်း၊ Hanoi Sport Training Center ၌ ပီတန်းအားကစားပြိုင်ပွဲကို လည်းကောင်း၊ Hoang Mai အားကစားရုံ၌ ပိုက်ကျော်ခြင်းပြိုင်ပွဲများကိုလည်းကောင်း၊ Bac Ninh အားကစားရုံ၌ လက်ဝှေ့အားကစားပြိုင်ပွဲများကို လည်းကောင်း ကျင်းပလျက်ရှိပြီး မြန်မာအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲတွင် ဦးပေါက်စက ဗိုလ်လုပွဲနှင့် အမျိုးသား/အမျိုးသမီး သုံးယောက်တွဲ ပီတန်းပြိုင်ပွဲတွင် မြန်မာအသင်းက အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ယနေ့အထိ ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် ငါးခု နှင့် ကြေးတံဆိပ် ကိုးခုတို့ကို ဆွတ်ခူးရရှိထားပြီး စုစုပေါင်း ဆုတံဆိပ် ၁၈ ခုဖြင့် နိုင်ငံအလိုက် အဆင့် (၇) တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



လက်ဝှေ့ပြိုင်ပွဲတွင် မြန်မာ(ယာ) နှင့် ကမ္ဘောဒီးယား ယှဉ်ပြိုင်နေစဉ်။



သေနတ်ပစ် ပြိုင်ပွဲတွင် မြန်မာ (ဝဲစွန်) ယှဉ်ပြိုင်နေစဉ်။



မြန်မာမြားပစ်ကစားသမား တစ်ဦး ပြိုင်ပွဲဝင်နေစဉ်။

❒ *ကျော်ဖုံးမှ*

ပေါက်စသည် ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရပြီး အိမ်ရှင် ဗီယက်နမ် ကစားသမားကို သုံးပွဲပြတ်ဖြင့် အနိုင်ရပြီး ဆီမီးဖိုင်နယ်တွင် ထိုင်းနာမည်ကြီး ကစားသမား ပရာပွတ်ကို ၃-၁ ပွဲဖြင့် အနိုင်ယူကာ ဗိုလ်လုပွဲ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ပေါက်စသည် ပထမပွဲငယ်တွင် ၆၅-၁၀၀ မှတ်ဖြင့် အရေးနိမ့်ခဲ့သော်လည်း ပွဲငယ်သုံးပွဲဆက်တိုက် ပြန်လည်အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ပေါက်စသည် ဒုတိယပွဲငယ်တွင် ၁၀၀-၉ မှတ်၊ တတိယပွဲငယ်တွင် ၁၀၀-၂၇ မှတ်၊ စတုတ္ထပွဲငယ်တွင် ၁၀၀-၃၀ မှတ်ဖြင့် အနိုင်ရခဲ့သည်။ ပေါက်စသည် ဗိုလ်လုပွဲတွင် စင်ကာပူနာမည်ကြီး ဘိလိယက်ကစားသမား ပီတာဂေးလ်ခရစ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မေ ၁၇ ရက် (ယနေ့) နံနက်ပိုင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပီတာဂေးလ်ခရစ်သည် ဆီးဂိမ်းဘိလိယက် တစ်ဦးချင်း ရွှေတံဆိပ်ဆုကို ၂၀၀၉ ခုနှစ်မှစတင်ကာ ခြောက်ကြိမ် ဆက်တိုက်ရယူထားသူဖြစ်သည်။ ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာကစားသမားနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ မင်းစည်သူထွန်းသည် ကွာတားဖိုင်နယ်တွင် ပီတာဂေးလ်ခရစ်ကို ရှုံးနိမ့်ခဲ့သည်။

မေ ၁၆ ရက်က ပြုလုပ်သည့် ပြိုင်ပွဲများအနက် စနူကာ 6 Reds တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာကစားသမားနှစ်ဦးဖြစ်သည့် အောင်ဖြိုးနှင့် ဝင်းကိုကိုတို့ နှစ်ဦးစလုံး ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခဲ့ရသည်။ Pool 9 Ball တစ်ဦးချင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် မြန်မာကစားသမား သော်ဇင်ထက်မှာမူ ကွာတားဖိုင်နယ်အဆင့်ဖြင့် ကျေနပ်ခဲ့ရသည်။ မြန်မာဘိလိယက်အဖွဲ့သည် စနူကာတစ်ဦးချင်းပြိုင်ပွဲ၊ ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲနှင့် Pool 10 Ball အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတို့တွင် ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ-IBSF**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၅-၂၀၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၇) တွင် ပါရှိသော ဆောင်းပါး (ပုံစာ) များ၌ ရှမ်းပြည်နယ်ပြည်သူ့အုပ်ချုပ်ရေး ပန္နက်ချလက်မှတ် ရေးထိုးပွဲကြီးတွင် နိုင်ငံတော်သမ္မတမှ အလေးပြုခံစဉ်ဟုလည်းကောင်း၊ တောင်ကြီးမြို့၌ ကျင်းပသည့် ရှမ်းပြည်နယ်ပြည်သူ့အုပ်ချုပ်ရေး ပန္နက်ချလက်မှတ် ရေးထိုးပွဲကြီးတွင် ဗိုလ်ချုပ်ကြီး နေဝင်းက မိန့်ခွန်းပြောကြားစဉ်ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် မေ ၁၆

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုက်မရောမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ သိမ်ဇရပ်မြို့တွင် ၂ ဒသမ ၇၆ လက်မ၊ လောင်းလုံးမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ရွှေကျင်မြို့တွင် ၂ ဒသမ ၀၉ လက်မ၊ မတ္တရာမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ မဒေါက်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ပြင်ဦးလွင်မြို့၊ စဉ့်ကူးမြို့၊ သပိတ်ကျင်းမြို့နှင့် ထားဝယ်မြို့တို့တွင် ၁ ဒသမ ၆၅ လက်မစီ၊ ဘီးလင်းမြို့နှင့် ကော့သောင်းမြို့တို့တွင် ၁ ဒသမ ၆၁ လက်မစီနှင့် မိုးမိတ်မြို့တွင် ၁ ဒသမ ၅၇ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားသမားအဖွဲ့ ပထမအသုတ်အား ကြိုဆို



**ရန်ကုန် မေ ၁၆**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့နှင့် အခြားဆက်စပ်မြို့များတွင် မေ ၁၂ ရက်မှ ၂၃ ရက်အထိ ကျင်းပပြုလုပ်နေသည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားသမားအဖွဲ့ ပထမအသုတ်သည် ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးဇော်ဝင်း၊ ဒုတိယ မြို့တော်ဝန်၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မိဘပြည်သူများက ပန်းစည်းများဖြင့် ဝမ်းပန်းတသာ ဂုဏ်ပြုကြိုဆိုကြသည်။

အဆိုပါ ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့တွင် ပြိုင်ပွဲအသီးသီး၌ ငွေတံဆိပ်ဆုရရှိခဲ့ကြသည့် Kurash အားကစားနည်း(73 Kg) ပြိုင်ပွဲဝင် ဖြိုးဆွေဇင်ကျော်၊ ဝူရှူးအားကစားနည်းမှ အမျိုးသမီး တစ်ဦးချင်းချန်းဆုပြိုင်ပွဲဝင် စန္ဒီဦး၊ ဆန်းဆို (60Kg) ပြိုင်ပွဲဝင် စုလှိုင်ဝင်း၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားနည်းမှ (+80Kg) ပြိုင်ပွဲဝင် မင်းဇော်ဦး၊ (+85Kg) ပြိုင်ပွဲဝင် ခင်မောင်ကျော်နှင့် ကြေးတံဆိပ်ဆု ရရှိခဲ့ကြသည့် Kurash အားကစားနည်းမှ (48 Kg) ပြိုင်ပွဲဝင် ခင်ခင်စု၊ (70 Kg) ပြိုင်ပွဲဝင် စိုးမြင့်ထွန်း၊ ပီတန်းအားကစားနည်းမှ Men Shooting ပြိုင်ပွဲဝင် ဝင်းသူရိန်ထွန်း၊ လှေလှော် အားကစားနည်းမှ အနောက်တိုင်း လှေလှော်အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲဝင် ရွှေစင်လတ် + နီလာဝင်း၊ (အရန်) စန္ဒာရွှေ၊ အနောက်တိုင်း လှေလှော်အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲဝင် ရွှေစင်လတ် + နီလာဝင်း၊ (အရံ) အိဖြူ၊ အမျိုးသမီး လေးတက်လှော် ပြိုင်ပွဲဝင် အိဖြူ + စန္ဒာရွှေ + ချစ်ဖူးငုံ + ဝင်းသူဇာသိန်း၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားနည်းမှ (55Kg) ပြိုင်ပွဲဝင် ကျော်မင်းသန်း၊ ဝူရှူး အားကစားနည်းမှ ဆန်းဆို (55Kg) ပြိုင်ပွဲဝင် ချယ်ရီသန်း၊ ဆန်းဆို (70Kg) ပြိုင်ပွဲဝင် မျိုးမင်းထက်တို့နှင့်အတူ E-Sports၊ ပြေးခုန်ပစ်၊ မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းများ၊ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများ ပြန်လည် လိုက်ပါလာကြောင်း သိရသည်။

နိုင်ငံတော်မှ ပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး အတွက် အစွမ်းကုန် ကြိုးစားနေကြသော ပြိုင်ပွဲဝင် အားကစားသမားများအား ဆုတံဆိပ်ရရှိသည်နှင့် တစ်ပြိုင်နက် ပြိုင်ပွဲကွင်းအတွင်းမှာပင် တစ်ဦးချင်းပြိုင်ပွဲ ရွှေတံဆိပ်တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၃၀၀၀၊ ငွေတံဆိပ်တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀၊ ကြေးတံဆိပ်တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိပါက တစ်ဦးချင်းစီ အမေရိကန် ဒေါ်လာ ၁၀၀၀၊ ငွေတံဆိပ်ဆုရရှိပါက တစ်ဦးချင်းစီ အမေရိကန်ဒေါ်လာ ၇၅၀၊ ကြေးတံဆိပ်ဆုရရှိပါက တစ်ဦးချင်းစီ အမေရိကန်ဒေါ်လာ ၅၀၀ နှုန်းဖြင့် ထပ်ဆောင်း ချီးမြှင့်ပေးကြောင်းသိရသည်။

**အာကာစိုး**

## ဆီးဂိမ်းဖူဆယ်အမျိုးသားပြိုင်ပွဲ အုပ်စုဒုတိယပွဲအဖြစ် မြန်မာအသင်းနှင့်ထိုင်းအသင်း ယှဉ်ပြိုင်

**ရန်ကုန် မေ ၁၆**

(၃၁) ကြိမ်မြောက် ဆီးဂိမ်း အမျိုးသား ဖူဆယ်ပြိုင်ပွဲ အုပ်စုတတိယနေ့ကို မေ ၁၆ ရက်က ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲဆက်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် နှစ်ပွဲဆက်အရေးနိမ့်ခဲ့သဖြင့် ဆုတံဆိပ်ရယူနိုင်ရန် လက်ကျန်နှစ်ပွဲတွင် မဖြစ်မနေအနိုင်ကစားရတော့မည်ဖြစ်သည်။ မြန်မာအသင်းသည် ပထမပွဲတွင် အင်ဒိုနီးရှားကို ဂိုးပြတ်ရှုံးနိမ့်ထားသောကြောင့် ယခုပွဲတွင် ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့ပြီး နာမည်ကြီးထိုင်းအသင်းကို ကျဉ်းမြောင်းသည့် ဂိုးရလဒ်ဖြင့်သာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းသည် ပထမပိုင်းကတည်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရနေပြီး ဒုတိယပိုင်းတွင် ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိခဲ့ပေ။ မြန်မာအသင်းအတွက် ချေပဂိုးကို သိုင်းဘွဲ့အောင်က သွင်းယူခဲ့သည်။

အုပ်စုတတိယနေ့ အခြားပွဲစဉ်တွင် အင်ဒိုနီးရှားအသင်းက မလေးရှားအသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ ယခုပွဲစဉ်အပြီးတွင် အင်ဒိုနီးရှားအသင်းက သုံးပွဲကစား ခုနစ်မှတ်၊ ထိုင်းအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ ဗီယက်နမ်အသင်းက နှစ်ပွဲကစား လေးမှတ်ရရှိထားပြီး နှစ်ပွဲကစားထားသည့် မြန်မာနှင့် သုံးပွဲကစားထားသည့် မလေးရှားအသင်းတို့မှာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် မေ ၁၈ ရက်တွင် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။ **ကိုညီလေး**



## မြန်မာအားကစားအဖွဲ့ ဗီယက်နမ်သို့ ပဉ္စမအသုတ်ဆက်လက်ထွက်ခွာ

**ရန်ကုန် မေ ၁၆**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့နှင့် အခြားဆက်စပ်မြို့များ၌ မေ ၁၂ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ ပဉ္စမအသုတ်သည် ယနေ့နံနက် ၁၀ နာရီတွင် မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာကြရာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာအားကစားအဖွဲ့ ပဉ္စမအသုတ်တွင် ဂျူဒိုအားကစားနည်းမှ အမျိုးသား ကိုးဦး၊ အမျိုးသမီး လေးဦး၊ ဗိုဗီနမ်အားကစားနည်းမှ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ရှစ်ဦး၊ အလေးမ အားကစားနည်းမှ အမျိုးသား လေးဦး၊ အမျိုးသမီး လေးဦး တို့ပါဝင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ထိုင်းနှင့် အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် မလေးရှား ဆုံတွေ့

ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (ခ) နောက်ဆုံးနေ့ကို မေ ၁၆ ရက်က ဆက်လက်ကျင်းပခဲ့ပြီး ဆီမီးဖိုင်နယ်တွင် ထိုင်းနှင့် အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် မလေးရှားတို့ ဆုံတွေ့ခဲ့သည်။

အုပ်စု နောက်ဆုံးနေ့တွင် မလေးရှားနှင့် ကမ္ဘောဒီးယားအသင်း နှစ်ဂိုးစီသရေကျပြီး ထိုင်းအသင်းက လာအိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မလေးရှားအသင်းသည် နှစ်ပွဲဆက်သရေရလဒ်ကြောင့် အုပ်စုပထမနေရာနှင့် လွဲချော်ခဲ့ရပြီး ယခုပွဲတွင်လည်း ကမ္ဘောဒီးယားအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ကမ္ဘောဒီးယားအသင်းသည် ဆီမီးတက်ရေးမျှော်လင့်ချက် အနည်းငယ်အတွက် အကောင်းဆုံးကြိုးစားခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် ပယ်နယ်တီမှတစ်ဆင့် ချန်ချျ၊ ၆၁ မိနစ်တွင် ဆာတေးတို့က ဦးဆောင်ဂိုးများ သွင်းယူခဲ့သည်။

မလေးရှားအသင်း အတွက် ချေပဂိုးများကို ၅၁၊ ၆၈ မိနစ်တွင် ဟာဒီက သွင်းယူခဲ့သည်။ မလေးရှားအသင်း၏ သရေရလဒ်ကြောင့် ထိုင်းအသင်းသည် လာအိုကို အနိုင်ကစားကာ အုပ်စုပထမနေရာရယူနိုင်ခဲ့သည်။ ထိုင်းအသင်းသည် အဖွင့်ပွဲတွင် မလေးရှားကို အရေးနိမ့်ခဲ့သော်လည်း နောက်ဆုံးသုံးပွဲဆက်အနိုင်ယူကာ အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းအတွက် အနိုင်ဂိုးကို ပထမပိုင်းကတည်းက ရရှိခဲ့ခြင်းဖြစ်သည်။

အုပ်စု (ခ) ပွဲစဉ်များအပြီးတွင် ထိုင်းအသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ မလေးရှားအသင်းက ရှစ်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ပြီး ငါးမှတ်ရသည့် စင်ကာပူအသင်း၊ လေးမှတ်ရသည့် ကမ္ဘောဒီးယားအသင်းနှင့် တစ်မှတ်ရသည့် လာအိုအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ဆီမီးဖိုင်နယ်တွင် ဗီယက်နမ်နှင့် မလေးရှား၊ ထိုင်းနှင့် အင်ဒိုနီးရှားတို့ တွေ့ဆုံနေပြီး မေ ၁၉ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

31st SEA GAMES HANOI 2021

၁၆-၅-၂၀၂၂

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဗီယက်နမ် | ၈၈ | ၅၃ | ၅၅ | ၁၉၆ |
| ၂ | ထိုင်း | ၃၆ | ၃၈ | ၅၁ | ၁၂၅ |
| ၃ | ဖိလစ်ပိုင် | ၃၀ | ၃၄ | ၄၄ | ၁၀၈ |
| ၄ | စင်ကာပူ | ၂၄ | ၂၄ | ၂၉ | ၇၇ |
| ၅ | အင်ဒိုနီးရှား | ၂၃ | ၃၅ | ၃၀ | ၈၈ |
| ၆ | မလေးရှား | ၁၉ | ၂၃ | ၄၂ | ၈၄ |
| ၇ | မြန်မာ | ၄ | ၅ | ၉ | ၁၈ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၄ | ၁၀ | ၁၅ |
| ၉ | ဘရူနိုင်း | ၁ | ၁ | ၁ | ၃ |
| ၁၀ | လာအို | ၀ | ၁ | ၁၃ | ၁၄ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၁ | ၀ | ၁ |

# အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီး . . .

ကလေးသူငယ်များဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ခု၏ အနာဂတ်မျိုးဆက်သစ်များ ဖြစ်ကြသည်။ ကလေးသူငယ်များသည် အသက်အားဖြင့်၊ ဉာဏ်ရည်အားဖြင့်၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုအားဖြင့် ပြည့်စုံသေးကြသည့် အရွယ်မဟုတ်သေးချေ။ အသက်အရွယ်အားဖြင့် အသက် ၁၈ အောက်ကို ကလေးသူငယ်အဖြစ် ကုလသမဂ္ဂက သတ်မှတ်ထားသည်။ အသက် ၁၈ အောက် ကလေးသူငယ်များဆိုသည်က ပညာသင်ကြားရမည့်အရွယ်၊ ကျောင်းသို့ သွားရမည့်အရွယ်၊ မိဘအုပ်ထိန်းသူနှင့် ရင်အုပ်မကွာရှိ၍ ကာယ၊ ဉာဏ ပြုစုပျိုးထောင်ပေးကြရမည့်အရွယ် ဖြစ်သည်။

ဇင်ငြိမ်း

## အလေးထားရမည့်လုပ်ငန်းစဉ်

ကလေးသူငယ်များသည် ပုံမှန်အတိုင်း ကလေးသူငယ်ဘဝကို ကြီးပြင်းခွင့်ရှိကြပြီး သူတို့၏ လူသားဘဝအနာဂတ်များ ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးများ ရှိကြပါသည်။ သို့သော်လည်း ပဋိပက္ခများ၊ စစ်ပွဲများနှင့် ကျပ်တည်းသော အခြေအနေများ အောက်တွင် ကလေးသူငယ်များသည် အကူအညီမဲ့လျက်ရှိကြပါသည်။ ကလေးသူငယ်များသည် အကျဉ်းကျခံရခြင်း၊ ဒဏ်ရာရရှိခြင်း သို့မဟုတ် သေဆုံးခြင်း သို့မဟုတ် ၎င်းတို့၏ မိသားစုများနှင့် အကြောင်းအမျိုးမျိုးဖြင့် ခွဲခွာနေရခြင်းများ ရှိနေကြပါသည်။ ထိုသို့သော အရွယ်မရောက်သေးသူ ကလေးသူငယ်များမှာ အကြောင်းအမျိုးမျိုးကြောင့် လက်နက်ကိုင်တိုက်ခိုက်မှုများတွင် ပါဝင်နေကြရသကဲ့သို့ လက်နက်ကိုင်တိုက်ခိုက်မှုများ၏ ဒဏ်ကိုလည်း ခံစားနေကြရသည်ကို တွေ့ရပါသည်။

ကလေးသူငယ်များအား စစ်သားအဖြစ် စုဆောင်းခြင်း အဆုံးသတ်ရန်နှင့် ကလေးသူငယ်များအား ပဋိပက္ခများ၊ လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် လက်နက်အုပ်စုများတွင် ပါဝင်မှု မရှိစေရေး ကာကွယ်တားဆီးရန် ကမ္ဘာတစ်ဝန်းကြိုးပမ်းအားထုတ်လျက်ရှိသော်လည်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည့်အပြင် ကလေးသူငယ်များအတွက် အရေးပါသော အခြေခံအခွင့်အရေးများလည်း ဆုံးရှုံးနေကြောင်း သိရပါသည်။

ယင်းသည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာအရဖြစ်စေ၊ လူသားချင်း စာနာမှုဆိုင်ရာအရဖြစ်စေ ထိထိရောက်ရောက် ကာကွယ်တားဆီးရမည့် လုပ်ငန်းတစ်ရပ်အဖြစ် တွေ့ရပါသည်။ ကလေးသူငယ်များအခွင့်အရေး ကာကွယ်တားဆီးရေး လုပ်ငန်းစဉ်မှာ ကြီးမားကျယ်ပြန့်လှပြီး နောက်ခံအခြေခံအကြောင်းတရားများ ရှိနေကြသော်လည်း အရေးထားလုပ်ဆောင်ရန် လိုအပ်သည့် လုပ်ငန်းတစ်ရပ်အဖြစ် တွေ့ရပါသည်။

## ကလေးစစ်သား အဓိပ္ပာယ်ဖွင့်ဆိုမှု

လက်နက်ကိုင်တပ်ဖွဲ့ သို့မဟုတ် လက်နက်ကိုင်အဖွဲ့နှင့် ဆက်စပ်နေသည့် ကလေးသူငယ်ဆိုသည်မှာ လက်နက်ကိုင်တပ်ဖွဲ့တစ်ခု သို့မဟုတ် လက်နက်ကိုင်အုပ်စုတစ်ခုက မည်သို့အသုံးပြုရန်ဖြစ်စေ လူသစ်စုဆောင်းခံရသော သို့မဟုတ် အသုံးပြုခံရသော အသက် ၁၈ အောက်ရှိသူ မည်သူကိုမဆို ရည်ညွှန်းသည်။ ၎င်းတို့တွင် တိုက်ခိုက်ရေးသမားများ၊ ထမင်းချက်များ၊ ပေါ်တာများ၊ စပိုင်များ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်များအတွက် အသုံးပြုသော ယောကျ်ားလေးနှင့် မိန်းကလေးများ အပါအဝင် ကလေးသူငယ်များကို ကန့်သတ်ချက်မရှိဘဲ အကျုံးဝင်သည်။ (Source: Paris Principles on the Involvement of Children in Armed Conflict 2007)



တပ်မတော်သို့ ဝင်ရောက်စဉ် အသက် (၁၈) နှစ်မပြည့်သေးသူများကို စစ်မှုထမ်းခြင်းမှ နုတ်ထွက်ခွင့်ပြု၍ မိဘအုပ်ထိန်းသူများထံ မေ ၁၃ ရက်က လွှဲပြောင်းပေးအပ်စဉ်။

ကလေးသူငယ်များဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (CRC) နှင့် ဂျီနီဗာကွန်ဗင်းရှင်းများဆိုင်ရာ သီးခြားသတ်မှတ်ချက်များအရ အသက် ၁၅ နှစ်အောက် လူသားများကို စုဆောင်းခြင်း သို့မဟုတ် အသုံးပြုခြင်းကို တားမြစ်ထားပြီး ယင်းလိုလုပ်ဆောင်ခြင်းသည် စစ်ရာဇဝတ်မှုဖြစ်ကြောင်း နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ တရားရုံး၏ ရောမဥပဒေအရ သတ်မှတ်ထားပါသည်။ ထို့အပြင် လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးသူငယ်များ ပါဝင်ခြင်းဆိုင်ရာ CRC ၏ မဖြစ်မနေ လိုက်နာရန် မလိုသော သတ်မှတ်ချက်သည် အသက် ၁၈ အောက် ကလေးသူငယ်များကို လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် နိုင်ငံမဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် ပဋိပက္ခများတွင် တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းအတွက် အတင်းအကျပ် စုဆောင်းခြင်းကို တားမြစ်ထားပါသည်။

## စုဆောင်းခံရမှု

လမ်းပေါ် အကြမ်းဖက်မှုများ၊ အလွန်အမင်း ဆင်းရဲမှုများ၊ နေထိုင်ရန် အခက်အခဲများကဲ့သို့သော လူမှုရေးအခြေအနေများ ဖြစ်ပေါ်နေပြီး စစ်ပွဲများ ဖြစ်ပွားနေသည့် နိုင်ငံများနှင့် ဒေသများတွင် ကလေးသူငယ်များမှာ လက်နက်ကိုင်အုပ်စုများတွင် အတင်းအကျပ် စုဆောင်းခံရမှုများ မြင့်တက်လျက်ရှိကြောင်း ICRC ကဆိုပါသည်။ အကြောင်းအမျိုးမျိုးကြောင့် မိဘမရှိသော ကလေးသူငယ်များမှာ မိသားစုနှင့် နေထိုင်နေကြသောသူများထက် ပိုမို၍ ထိခိုက်ခံစားနေကြရပါသည်။

၎င်းတို့သည် ကျင်လည်ရာဝန်းကျင်နှင့် အဆက်ဖြတ်ခံထားရပြီး ၎င်းတို့၏အနာဂတ်မှာ မသေချာမရေရာမှုများနှင့် ရင်ဆိုင်နေကြရပါသည်။ ထိုသို့သော အခြေအနေတွင် လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် လက်နက်ကိုင်အုပ်စုများသို့ ဝင်ရောက်ခြင်းသည် ကာကွယ်မှုအချို့နှင့် လူမှုအဆင့်အတန်း တစ်ခုရရှိနိုင်သည့် နည်းလမ်းတစ်ခု ဖြစ်ကောင်း ဖြစ်နေနိုင်ပါသည်။

ယင်းသည်ပင် ၎င်းတို့အသက်ရှင်ရပ်တည်ရေးအတွင် တစ်ခုတည်းသော နည်းလမ်းလည်း ဖြစ်နိုင်ပါသည်။ အချို့သော ကလေးငယ်များသည် အကြောင်းတစ်ခုခုကြောင့် လက်နက်ကိုင်အုပ်စုများသို့ ရောက်ရှိနေသော်လည်း အချို့မှာ ၎င်းတို့၏ မိသားစုထံမှ အတင်းအကျပ် စုဆောင်းခံရမှုများလည်းရှိကြောင်း ICRC ၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

## ကုလသမဂ္ဂ အစီရင်ခံစာ

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာအထူးကိုယ်စားလှယ်၏ ၂၀၂၂ ခုနှစ် ဧပြီလ အစီ ရင်ခံစာအရ ၂၀၂၁ ခုနှစ်အတွင်း ပဋိပက္ခဇုန်များတွင် နေထိုင်သော ကလေးသူငယ်များအား အကာအကွယ်ပေးရာတွင် မကြုံစဖူး စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း ဆိုပါသည်။ ယခုနှစ် ပထမ ကိုးလအတွင်း ကလေးများအပေါ် ဆိုးရွားစွာ ချိုးဖောက်မှုအရေအတွက် ဆက်တိုက်များပြားနေကြောင်း သိရပါသည်။

အတည်ပြုထားချက်များအရ ကလေးသူငယ်များအား သတ်ဖြတ်ခြင်းနှင့် နှိပ်စက်ညှဉ်းပန်းခြင်းမှာ အများဆုံးဖြစ်နေပြီး ၎င်းနောက်တွင် ကလေးစစ်သားစုဆောင်း၊ အသုံးချခြင်းနှင့် လူသားချင်း စာနာထောက်ထားမှု အခွင့်အလမ်းများ ဆုံးရှုံးခြင်းများ ရှိနေပါသည်။ နိုင်ငံရေး၊ လုံခြုံရေးနှင့် ရာသီဥတုဆိုင်ရာ အရေးပေါ်အခြေအနေများ အပါအဝင် ကိုရိုနာဗိုင်းရပ်၏ လှိုင်းသစ်များ ထပ်ခါတလဲလဲ ဖြစ်ပွားနေခြင်းများသည် ကလေးသူငယ်များ၏ အားနည်းချက်များကို တိုးမြင့်စေပြီး ပဋိပက္ခနှင့် ဆက်စပ်နေသူများနှင့် ပူးပေါင်းဆောင်ရွက်ရေးသာမက ဆိုးရွားသောချိုးဖောက်မှုများ စောင့်ကြည့်ခြင်း၊ အတည်ပြုခြင်းများတွင် စိန်ခေါ်မှုများ ဖြစ်ပေါ်စေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

## ကိုဗစ်ဆိုင်ရာ ဂယက်ရိုက်ခတ်မှု

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားသည့် နှစ်နှစ်အတွင်း ပဋိပက္ခဖြစ်ပွားသည့်ဒေသများမှ ကလေးသူငယ်များ၏ ရှင်သန်ရပ်တည်ရေးအပေါ် ဆိုးကျိုးများ ဆက်တိုက်သက်ရောက်စေပြီး ဆိုးရွားသော ချိုးဖောက်မှုများ မြင့်တက်လာစေပါသည်။ ကပ်ရောဂါသည် လူထုကျန်းမာရေးစနစ်အပေါ် ပြင်းထန်စွာ သက်ရောက်စေပြီး ကျောင်းများကိုလည်း ပိတ်ထားရသည့် အခြေအနေသို့ ရောက်ရှိစေခဲ့ပါသည်။ ထို့အပြင် ကပ်ရောဂါ ကာကွယ်တားဆီးရေး လုပ်ဆောင်မှု အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသော လူမှုစီးပွား အကျပ်အတည်းများသည် မိသားစုများနှင့် ကလေးသူငယ်များအား လိင်ခေါင်းပုံဖြတ်ခြင်း အပါအဝင် လက်နက်ကိုင်တပ်ဖွဲ့များသို့ ဝင်ရောက်ခြင်း သို့မဟုတ် လုပ်အားခေါင်းပုံဖြတ်ခံရသော နည်းလမ်းများကဲ့သို့သော ဆိုးကျိုးဖြစ်စေသည့် အခြားနည်းလမ်းများကို အားကိုးရန် တွန်းအားဖြစ်စေလျက်ရှိပါသည်။

## ပူးပေါင်းဆောင်ရွက်မှု

အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးရေးအတွက် ကုလသမဂ္ဂက ဦးဆောင်၍ နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်မှစ၍ လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးသူငယ်များ အသုံးပြုခြင်းကို အရေးယူဆောင်ရွက်ရန် အားလုံးစုစည်းလာခဲ့ကြပါသည်။ ထိုအချိန်မှစ၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စုဆောင်းခြင်းနှင့် အသုံးပြုခြင်းကို အဆုံးသတ်ရန်နှင့် တားဆီးကာကွယ်ရန် ရည်ရွယ်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ပြဋ္ဌာန်းထားသော အရေးယူဆောင်ရွက်မှုအစီအစဉ်များကြောင့် ကလေးသူငယ် ကျား/ မ ပေါင်း ၁၃၀၀၀၀ ကျော်ကို ပြန်လွှတ်ပေးနိုင်ခဲ့ကြောင်း တွေ့ရပါသည်။

ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခများဆိုင်ရာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် ယူနီဆက်တို့က **လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးစစ်သားများကို အသုံးမပြုသင့်ကြောင်း ကမ္ဘာလုံးဆိုင်ရာ သဘောတူညီမှုရရှိရန် ရည်ရွယ်သော Children, Not Soldiers လှုပ်ရှားမှုကမ်ပိန်း တစ်ရပ်ကို ၂၀၁၄ ခုနှစ်တွင် စတင်ခဲ့ပါသည်။** *စာမျက်နှာ ၁၁ သို့*

**❊ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စုဆောင်းခြင်းနှင့် အသုံးပြုခြင်းကို အဆုံးသတ်ရန်နှင့် တားဆီးကာကွယ်ရန် ရည်ရွယ်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ပြဋ္ဌာန်းထားသော အရေးယူ ဆောင်ရွက်မှုအစီအစဉ်များကြောင့် ကလေးသူငယ် ကျား/ မ ပေါင်း ၁၃၀၀၀၀ ကျော်ကို ပြန်လွှတ်ပေးနိုင်ခဲ့**

**❊ ကလေးသူငယ်များ၏ အတိတ်ကို မပြောင်းလဲနိုင်တော့သော်လည်း ၎င်းတို့၏ အနာဂတ်ကိုမူ ပြောင်းလဲပေးနိုင်ပါသည် ဆိုသည့်စကားကဲ့သို့ပင် အရွယ်မရောက်သေးသူ ကလေးသူငယ်များ ပဋိပက္ခများတွင် အသုံးပြုခြင်းမှ ကာကွယ်တားဆီးရေးမှာ ကလေးများအတွက် အရေးပါသည့် အနာဂတ် ဖော်ဆောင်ရေးလုပ်ငန်းစဉ်ဖြစ်**

# အသိပညာသည်သာ လူ့ရဲ့ရတနာ

ခင်သန်းမြင့်

**ဇွန်လ ၂ ရက်နေ့ဆိုရင် အခြေခံပညာကျောင်းတွေ ဖွင့်လှစ်တော့မယ်။ ပညာရေးဝန်ကြီးဌာနကလည်း ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ၂၀၂၂ ခုနှစ် မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိကို ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ပြီး ကျောင်းအပ်နှံကြဖို့ နှိုးဆော်တိုက်တွန်းလျက်ရှိပါတယ်။**

ဒီလရာသီကတော့ ကျောင်းသားမိဘတွေအတွက် အလုပ်ကိစ္စမြားမြောင်တဲ့ လတစ်လပါပဲ။ ပညာရေးဝန်ကြီးဌာနက၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ ဖတ်စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံတစ်စုံစသဖြင့် အခမဲ့ထောက်ပံ့ပေးမယ့်အပြင် ကျောင်းအုပ်၊ ဆရာ ဆရာမအားလုံးနဲ့ အရာထမ်း၊ အမှုထမ်းအားလုံး သိရှိလိုက်နာရမယ့်အချက်တွေထဲမှာ "မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း၊ လက်ခံခြင်းမပြုရ၊ ငွေကြေး/လက်ဆောင်ပစ္စည်းတစ်စုံတစ်ရာ လက်ခံခြင်းမပြုရ၊ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ"စတဲ့ အချက်တွေ အသိပေးထုတ်ပြန်ထားပေမယ့်လည်း ကိုယ့်ရဲ့ရင်သွေးငယ်တွေအတွက် ကျောင်းအပ်နှံဖို့ ကိစ္စတွေ၊ ကျောင်းဝတ်စုံ၊ ကျောပိုးအိတ်၊ ထီး၊ မိုးကာ ဗာဟီရကအစ ပြည့်စုံအောင် ဝယ်ရတာတွေ ရှိသေးတာကိုး။ ကျွန်မတို့လို အသက်အရွယ်ရလာသူတွေအဖို့ကတော့ သားသမီးတွေ ဘွဲ့ရပညာတတ်လို့ လက်လွှတ်ပြီးသော်ငြား သားသမီးတွေက မွေးဖွားလာကြတဲ့ မြေးကိစ္စတွေကို ဝင်ပါနေရတုန်းပါပဲ။

### ကျောင်းတွေရက်ရှည်ပိတ်ထားခဲ့ရ

တစ်နေ့ကဆို မြေးမလေးက သူ့အမေဝယ်လာတဲ့ အဖြူနဲ့အစိမ်း ကျောင်းဝတ်စုံလေးတွေ၊ ကျောပိုးအိတ်အသစ်၊ ဖိနပ်အသစ်ကလေးတွေ ဝတ်ပြရင်း ပျော်နေလိုက်တာ။ ဖွားဖွားကြီးဖြစ်တဲ့ ကျွန်မလည်းပျော်တယ်။ သူ့အမေဖြစ်တဲ့ ကျွန်မသမီးလည်း ပျော်နေတယ်။ ပျော်ကြမှာပေါ့။ ပြီးခဲ့တဲ့ ပညာသင်နှစ်တွေက ကိုဗစ်ရောဂါဆိုးကြီးကြောင့် ကျောင်းတွေရက်ရှည်ပိတ်ထားခဲ့ရသလို ကျောင်းတွေပြန်ဖွင့်တော့လည်း နိုင်ငံရေးအပြောင်းအလဲနဲ့အတူ အဖျက်အမှောင့်အနှောင့်အယှက် ဖျက်ဆီးမှုတွေ၊ ကောလာဟလတွေကြောင့် ရင်သွေးငယ်တွေ အေးအေးချမ်းချမ်း ပညာသင်ကြားရတယ်လို့ကို မရှိလှဘူး။ တထိတ်ထိတ်တလန့်လန့်နဲ့ပဲပေါ့။ တချို့ရင်သွေးငယ်လေးတွေဆိုရင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ခွင့်တွေ ဆုံးရှုံးခဲ့ရ၊ တစ်နှစ်နှောင့်နှေးရနဲ့ ဖြစ်ကြရတယ်။

ဒီလိုစိတ်မကောင်းစရာဖြစ်ရပ်တွေက မြန်မာနိုင်ငံမှာ အဆန်းတော့မဟုတ်ပါဘူး။ ၁၉၈၈ ခုနှစ် အရေးအခင်းအပြီးမှာလည်း ကျောင်းတွေတော်တော်နဲ့မဖွင့်နိုင်ခဲ့ဘူး။ ထိုစဉ်က နဝတအစိုးရအဖွဲ့က ကျောင်းတွေပြန်ဖွင့်ဖို့ အကောင်အထည်ဖော် စီစဉ်ပြန်တော့လည်း နိုင်ငံရေးသမားငိုဘတွေက ကျောင်းတွေ ပြန်ဖွင့်ရင်ဖြစ်ပေါ်လာမယ့်ကိစ္စဟာ နဝတအဖွဲ့ရဲ့တာဝန်သာ ဖြစ်တယ်လို့ပြောခဲ့ဖူးတယ်။



ထိုစဉ်က ပညာရေးဝန်ကြီးဒေါက်တာ ဖေသိန်းက "အဖျက်သမားတွေရဲ့ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့ရတဲ့ စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတွေဆုံးရှုံးခဲ့ရတာဟာ အစားထိုးဖြည့်စွမ်းနိုင်သော်လည်း ကျောင်းသား ကျောင်းသူတွေရဲ့ပညာသင်ကြားချိန် ဆုံးရှုံးခဲ့ရတာကတော့ အစားထိုးနိုင်စွမ်းမရှိတာမို့ အလွန်နစ်နာလှပါကြောင်း" မိန့်ခွန်းတစ်ခုမှာ ပြောကြားခဲ့တာ မှတ်မိပါသေးတယ်။

ဒါကြောင့် အခုလာမယ့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ ကျောင်းသား ကျောင်းသူတွေ အေးချမ်းစွာ ပညာသင်ကြားရေး၊ ပညာသင်ယူခွင့်မဆုံးရှုံးစေရေးအတွက် ကျောင်းသားမိဘတွေ၊ ရပ်မိရပ်ဖတွေ၊ ဆရာ ဆရာမတွေအပါအဝင် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးက ထိန်းသိမ်းစောင့်ရှောက်ပေးကြစေချင်ပါတယ်။

**အပျံသင်စငှက်ကလေးတွေလို အတောင်ပံတဖျပ်ဖျပ်အားယူ ခတ်ရင်း ခုန်ဆွခုန်ဆွ မြောက်ကြွ မြောက်ကြွ ခြေလှမ်းတွေနဲ့ ကျောင်းသွားတက်တော့မယ့် မြေးငယ်လေးနဲ့ အားလုံးသော ရင်သွေးငယ်လေးတွေကို ကျွန်မမြင်ယောင်လာမိတယ်။ တကယ့်ကို ကြည်နူးစရာကောင်းတဲ့ပုံရိပ်မြင်ကွင်းတွေပါ**

ပညာရေးဝန်ကြီးဌာနကတော့ ကျောင်းထွက်သူလုံးဝမရှိစေရေးနဲ့ အလယ်တန်း၊ အထက်တန်းအဆင့်သို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့လူနေမှုပုံစံတွေ စွဲမြဲဆောင်ရွက်တတ်ဖို့ အသိပညာပေးရေး၊ ကျောင်းသား ကျောင်းသူတွေ ဂိမ်းစွဲလမ်းမှုပပျောက်စေရေးတို့အတွက် မိဘပြည်သူအားလုံးနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ကျောင်းအုပ်၊ ဆရာ ဆရာမအားလုံးနဲ့ အရာထမ်း၊ အမှုထမ်းအားလုံး သိရှိလိုက်နာရမယ့်အချက်တွေအဖြစ် အသိပေးနှိုးဆော်ထားတာကို သတင်းစာမှာ ဖတ်လိုက်ရပါတယ်။

### အသိပေးနှိုးဆော်ချက်တွေ

အလားတူ ကိုဗစ်ရောဂါ ကာကွယ်တားဆီးရေးအတွက် ပါးစပ်နဲ့ နှာခေါင်းစည်း (Mask) ကို ညွှန်ကြားချက်အတိုင်း စနစ်တကျတပ်ဆင်ဖို့ ၊ လိုအပ်ပါက မျက်နှာအကာ (Face Shield) တပ်ဆင်ဖို့၊ လက်ကိုရေနဲ့ ဆပ်ပြာအသုံးပြုပြီး စက္ကန့် ၂၀ ကြာအောင် စနစ်တကျမကြာခဏ ဆေးကြောဖို့၊ လက်နဲ့နှာခေါင်း၊ ပါးစပ်၊ မျက်လုံးတွေကိုမကိုင်ဖို့၊ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားရင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့သတင်းပို့ဖို့နဲ့ ဆေးကုသမှုခံယူဖို့၊ အသက် ၁၂ နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူတွေ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ဆိုတဲ့ အသိပေးနှိုးဆော်ချက်တွေ ထုတ်ပြန်ထားပါတယ်။

မြေးလေးတွေခေတ်မှာ ပညာသင်ယူရတာကလည်း အဘက်ဘက်ကမလွယ်ပါလားလို့ ကျွန်မတွေးနေမိတယ်။ ဒါပေမယ့် မြေးလေးတွေ၊ ကျောင်းသား ကျောင်းသူရင်သွေးငယ်တွေကတော့ ကျောင်းပြန်တက်ကြရတော့မယ်ဆိုပြီး ပျော်နေကြရှာတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရင်သွေးငယ်တွေ ကျောင်းနေပျော်၍ စာတော်အောင် ကျွန်မတို့မိဘ ဆရာတွေအပါအဝင် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးက အားပေးကြရပါမယ်။ အထူးသဖြင့် ကျောင်းသားမိဘတွေပဲပေါ့။

ကမ္ဘာပေါ်မှာ ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေ၊ နိုင်ငံ့ခေါင်းဆောင်တွေရဲ့ နောက်ကွယ်မှာ ဆင်ခြင်တုံတရားနဲ့ပြည့်ဝတဲ့၊ အမြော်အမြင်ကြီးမားတဲ့မိဘတွေရှိကြတယ်လို့ ဆိုကြတယ်လေ။

"မိခင်ကောင်းတစ်ယောက်၏ စွမ်းရည်သည် ဆရာပေါင်းမြောက်မြားစွာ၏ စွမ်းရည်နှင့်ညီမျှ၏" တို့၊ "ကြီးကျယ်မြင့်မြတ်သော ပုဂ္ဂိုလ်တိုင်းသည် ထိုကြီးကျယ်မြင့်မြတ်သောအမွေကို သူတို့၏မိခင်များထံမှရရှိခဲ့ကြသည်" တို့၊ "လူ့လောက၏ အနာဂတ်သည် မိခင်တို့၏လက်တွင်း၌သာ တည်ရှိသည်" တို့စတဲ့ အဆိုအမိန့်တွေကြည့်ရင် တွေ့နိုင်တယ်ပေါ့။ ကျွန်မတို့မြန်မာတွေမှာလည်း "လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖ"ဆိုတဲ့ စကားတွေ၊ "အပြုမှာဖခင်၏သဘော၊ အပြောမှာ မိခင်၏စရိုက်၊ ငှက်ပျောပင်စိုက်၊ မိလိုက်ဖပါ"ဆိုတဲ့ စကားလည်းရှိတယ်ပေါ့။ ဒါကြောင့် မိဘတွေက ကိုယ့်သားသမီးတွေကို ပညာတတ်တွေ၊ လူတော်လူကောင်းတွေဖြစ်လာအောင် ပြုစုပျိုးထောင်ပေးဖို့၊ ပညာသင်ကြားပေးဖို့ အလွန်အရေးကြီးတယ်ပေါ့။

ဒီလိုပြောမယ့်သာ ပြောရပေမယ့် တကယ်တော့ မြန်မာ့လူ့အဖွဲ့အစည်းဟာ ပညာကို တန်ဖိုးထားမြတ်နိုးကြတဲ့ အစဉ်အလာရှိပြီးသားပါ။ မိဘတိုင်းကလည်း ကိုယ့်သားသမီးတွေကို ပညာတတ်ကြီးဖြစ်စေချင်ကြတာချည်းပါပဲ။ ထူးချွန်ထက်မြက်တဲ့ ကမ္ဘာသိ မြန်မာနိုင်ငံသားအများအပြားလည်းရှိခဲ့ပါတယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်လည်း "ပညာ နရာနံ ရတနံ"၊ "အသိပညာသည်သာ လူ့ရဲ့ရတနာ"၊ "ပညာသည်သာလျှင် လူသားတွေအတွက် ရတနာဖြစ်ပါတယ်" လို့ ဟောကြားတော်မူပါတယ်။

ဒို့အပြင် မြတ်စွာဘုရားရှင်က ပညာရှာရာမှာ ထကြွလုံ့လရှိစေဖို့အတွက် -

ပျင်းရိသောသူမှာ(အသက်မွေးမှု)အတတ်ပညာ အဘယ်သို့ ရပါမည်နည်း။

အတတ်ပညာမရှိသူမှာ ဥစ္စာဓန အဘယ်သို့ရပါမည်နည်း။

ဓနမရှိသူမှာ (ကလျာဏမိတ္တ) အဆွေခင်ပွန်းကောင်း အဘယ်သို့ရပါမည်နည်း။

မိတ်ဆွေကောင်းမရှိသူမှာ ချမ်းသာမှု အဘယ်သို့ရပါမည်နည်း။

ချမ်းသာမှုမရှိသူမှာ ကောင်းမှုကုသိုလ် အဘယ်သို့ရပါမည်နည်း။

ကောင်းမှုကုသိုလ်မရှိသူမှာ မြတ်သောနိဗ္ဗာန်ကို အဘယ်သို့ရပါမည်နည်း။ စသဖြင့် ဟောကြားတော်မူခဲ့ပါတယ်။

### ပညာကိုကြိုးစားသင်ယူ

ရှေးရှေး မြန်မာပညာရှိကြီးတွေကလည်း လူငယ်တွေ၊ ရင်သွေးငယ်တွေ မပျင်းမရိဘဲ အတတ်ပညာကိုကြိုးစားသင်ယူကြအောင် ဆုံးမတဲ့စာတွေ အများအပြားရေးသားခဲ့ကြပါတယ်။ စတုရင်္ဂဗလ ပညာရှိအမတ်ကြီးဆိုရင် လူငယ်တွေအတတ်ပညာလိုလားအောင် ပဏ္ဏိတကဏ္ဍဆိုပြီး အပိုင်းလိုက်ခွဲခြားဆုံးမခဲ့ပါတယ်။ သူတော်ကောင်းနဲ့ပေါင်းသင်းနိုင်အောင် သူတော်ကောင်းဆိုင်ရာအပိုင်းကို သုဇနကဏ္ဍ၊ သူယုတ်မာတို့ကို ရှောင်ကြဉ်နိုင်အောင် ဒုဇ္ဇနကဏ္ဍ၊ အသက်အရွယ်လူလားမြောက်လာတဲ့အခါ မိတ်ကောင်း၊

*စာမျက်နှာ ၁၁ သို့*

# အောင်တော်မူ သကျမာရဇိန်အံတော်ရှင်စေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် သံဃာတော်အပါး ၃၆၀ အား ဆွမ်းဆန်စိမ်းလောင်းလှူ



**မြစ်ကြီးနား မေ ၁၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ရှေးဟောင်း သမိုင်းဝင် အောင်တော်မူ သကျမာရဇိန် အံတော်ရှင်စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူခြင်း၊ ဘက်စုံ မွမ်းမံခြင်း၊ ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူ ပူဇော်ခြင်း အခမ်းအနားအောင်ပွဲ အထိမ်းအမှတ်အဖြစ် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် သံဃာတော်၊ သီလရှင်အပါး ၃၆၀ တို့အား သံဃာ့ဒါနဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ယနေ့ နံနက် ၇ နာရီက အဆိုပါ စေတီတော် မြတ်ကြီးရင်ပြင်တွင် ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ စေတီတော် မြတ်ကြီး၏ရင်ပြင်ရှိ မုခ်ဦး လေးဘက်တွင် အံတော်ရှင် တောင်တန်း သာသနာပြုဗဟို ကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ ဉာဏဓဇ အမှူးပြုသော ဆရာတော် သံဃာတော်အပါး ၁၀၈ ပါးက ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူသည်။

ယင်းနောက် ဘုရားအမှူးပြုသော သံဃာတော်၊ သီလရှင် စုစုပေါင်းအပါး ၃၆၀ တို့အား မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်မျိုးဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်အလှူရှင် ပြည်သူများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကန့်ဘလူမြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

**ကန့်ဘလူ မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၆ ရက်က စတင်ထုတ်ချေးပေးလျက်ရှိသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများကို တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံများအတွက် တစ်ဧကလျှင် ကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်ပြီး ယင်းနေ့က ကန့်ဘလူမြို့ အမှတ် (၄) ရပ်ကွက်ရှိ တောင်သူ ၃၃ ဦးတို့၏ စပါးစိုက်ဧက ၁၁၀ အတွက် ချေးငွေကျပ် ၁၆၅၀၀၀၀၀ ကို တောင်သူများအား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာတွင် တောင်သူတစ်ဦးလျှင် တစ်ဧက ကျပ် ၁၅၀၀၀၀ ထုတ်ချေးပေး၍ အများဆုံး လယ် ၁၀ ဧကအထိ အတိုးနှုန်းကို ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ ချေးငွေများ ထုတ်ချေးပေးမှုအစီအစဉ်အနေဖြင့် ယခင်နှစ် ချေးငွေများ အချိန်မီပြန်လည်ပေးဆပ်ပြီးသည့် တောင်သူများအား ဦးစားပေး ထုတ်ချေးပေးလျက်ရှိကြောင်း ခရိုင်ဘဏ်ခွဲမန်နေဂျာ ဒေါ်စန်းစန်းအေးက ပြောသည်။

ကန့်ဘလူမြို့နယ်အတွင်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် တောင်သူများအား မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများကို မေလမှ စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

---

*စာမျက်နှာ ၉ မှ*

ယင်းလှုပ်ရှားမှုသည် အားလုံး သဘောတူပါဝင်မှု၊ နိုင်ငံရေးစိတ်ဆန္ဒနှင့် နိုင်ငံတကာ အထောက်အပံ့များမြှင့်တင်ရန် ရည်ရွယ်ခဲ့ပါသည်။ ကုလသမဂ္ဂ၏ လှုပ်ရှားမှု အစီအစဉ်အပေါ် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ NGO မိတ်ဖက်များ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်သူလူထုများ၏ ထောက်ခံမှုကို ချက်ချင်း ရရှိခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် ယင်းလှုပ်ရှားမှုကမ်ပိန်း ပြီးဆုံးခဲ့သော်လည်း မျှော်မှန်းထားသည့် သဘောတူညီမှုမှာ ယခုအခါ လက်တွေ့အကောင်အထည်ဖော်လျက်ရှိပြီး ကုလသမဂ္ဂ နှင့် NGO မိတ်ဖက်များသာမက ယူနီဆက်၊ ငြိမ်းချမ်းရေးထိန်းသိမ်းမှု သို့မဟုတ် နိုင်ငံရေးမစ်ရှင်များ၏ အကူအညီဖြင့် ကလေးစစ်သား ထောင်ပေါင်းများစွာကို လွှတ်ပေးနိုင်ခဲ့ပြီး ပြန်လည်ပေါင်းစည်း ပေးနိုင်ခဲ့ကြောင်း သိရပါသည်။

### ဆက်လက်လုပ်ဆောင်ရန် လိုအပ်နေဆဲ

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှာ ကာကွယ်တားဆီးရေး လုပ်ငန်းများကို သက်ဆိုင်ရာ နိုင်ငံများအလိုက် အကောင်အထည်ဖော်လျက်ရှိရာ လက်ရှိတွင် လုပ်ဆောင်မှု ၁၉ ခုရှိပြီး နောက်ဆုံးအနေဖြင့် လတ်တလောလှုပ်ရှားမှု အစီအစဉ်ကို ၂၀၂၁ ခုနှစ် ဩဂုတ်လက မာလီတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရပါသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင်လည်း ကလေးသူငယ်များအပေါ် ဆိုးဆိုးရွားရွား ချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းမည့် လက်တွေ့အစီအစဉ်များ တိုးမြှင့်လုပ်ဆောင်ရန် သက်ဆိုင်ရာနိုင်ငံနှင့် အဖွဲ့အစည်းများသို့ တိုက်တွန်းထားပါသည်။

CAAC (Children and Armed Conflict၊ UN) သဘောတူညီချက် စတင်ချိန်စ၍ လက်တွေ့လုပ်ငန်းအစီအစဉ် ၃၇ ခု လက်မှတ်ရေးထိုးထားပြီး ယင်းတို့တွင် အစိုးရတပ်ဖွဲ့ ၁၁ ခုနှင့် နိုင်ငံ မဟုတ်သော လက်နက်ကိုင်အုပ်စု ၂၆ တို့ ပါဝင်ပါသည်။ ယင်းတို့အနက် ၁၂ ခုသည် ၎င်းတို့၏ ကတိပြုချက်များကို အပြည့်အဝ အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ကြောင်း သိရပါသည်။

သို့သော်လည်း ပဋိပက္ခများအခြေအနေများနှင့် ကိုဗစ်ဆိုင်ရာ အခြေအနေများကြောင့် လုပ်ငန်းစဉ်များတွင် စိန်ခေါ်မှုများ ရှိနေဆဲ ဖြစ်ပါသည်။ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်နေပါသည်။ ကလေးသူငယ်များ၏ အတိတ်ကို မပြောင်းလဲနိုင်တော့သော်လည်း ၎င်းတို့၏ အနာဂတ်ကိုမူ ပြောင်းလဲပေးနိုင်ပါသည် ဆိုသည့်စကားကဲ့သို့ပင် အရွယ်မရောက်သေးသူ ကလေးသူငယ်များ ပဋိပက္ခများတွင် အသုံးပြုခြင်းမှ ကာကွယ်တားဆီးရေးမှာ ကလေးများအတွက် အရေးပါသည့် အနာဂတ်ဖော်ဆောင်ရေးလုပ်ငန်းစဉ် ဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ် အပြည့်အဝအောင်မြင်ရန်အတွက် သက်ဆိုင်သူအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုလိုအပ်မည် ဖြစ်ပါသည်။


ကိုးကား

၁။ Report of the Special Representative of the Secretary–General for Children and Armed Conflict၊ Human Rights Council၊ Forty–ninth session၊ 28 February–1 April 2022

၂။ CHILD SOLDIERS AND OTHER CHILDREN ASSOCIATED WITH ARMED FORCES AND ARMED GROUPS၊ ICRC၊ 2012

၃။ https://childrenandarmedconflict.un.org/six–grave–violations/child–soldiers/

၄။ https://childrenandarmedconflict.un.org/tools–for–action/action–plans/

၅။ https://childrenandarmedconflict.un.org/children–not–soldiers/


---

*စာမျက်နှာ ၁၀ မှ*

ဆွေကောင်းပေါင်းသင်းနိုင်အောင် မိတ္တကဏ္ဍ၊ အိမ်ထောင်ပြုဖို့ရည်ညွှန်းချင့်ချိန်နိုင်တဲ့ ဣတ္ထိကဏ္ဍ၊ မင်းမှုထမ်းဖြစ်စေ၊ ကိုယ်တိုင်အုပ်ချုပ်ရတဲ့ မင်းစိုးရာဇာဖြစ်စေ ကျင့်သုံးရမယ့်ရာဇကဏ္ဍ၊ လောကီလောကုတ္တရာ အထွေထွေအကျင့်တရားတွေကို ပြုတဲ့ ပကိဏ္ဏကကဏ္ဍဆိုပြီး တစ်ပိုင်းစီခွဲခြားဆုံးမစာတွေရှိခဲ့ပါတယ်။

စာသင်ပျိုနုတို့ အခြေပြုဖို့အတွက် အရှင်မဟာရဋ္ဌသာရရေးဖွဲ့ဆုံးမတော်မူတဲ့ "သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ခါ၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့" ဆုံးမစာကတော့ ဘယ်ခေတ်မဆို ပညာရှာမှီးသူတို့အတွက် အသုံးဝင် အသုံးတည့်နေဆဲလို့ပဲဆိုရမှာပါ။ သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ခါ ဆိုတာက –

၁။ သု(သုဏေယျ)– ကြားနာရမယ်။(စာဖတ်ရမယ်)

၂။ စိ(စိန္တေယျ)– ကြံစည်ရမယ်။ စာပါအကြောင်းအရာကို ကိုယ့်ဉာဏ်နဲ့လည်း ကိုယ်တွေးယူရမယ်။ တစ်ထွာပြရင် တစ်လံမြင်ရမယ့်သဘော။

၃။ ပု(ပုစ္ဆေယျ) – မေးမြန်းရမယ်။ မရှင်းလင်းတဲ့အချက်တွေနဲ့ အကျယ်ဝိတ္ထာရသိစရာတွေကို ပညာရှိတွေကို ချဉ်းကပ်မေးမြန်းရမယ်။

၄။ ဘာ(ဘာသေယျ)– ပြောဆိုရမယ်။ ထိုစာကို ဖတ်ဖူးသူတွေနဲ့ ဆွေးနွေးပြီး ဉာဏ်ချင်းဖလှယ်ရမယ်။

၅။ ဝိ(ဝိစာရေယျ) – စူးစမ်းရမယ်။ အခြားသော အဆိုအမိန့်အရေးအသားတွေနဲ့ ညှိနှိုင်းကြည့်ရမယ်။

၆။ လိ(လိခေယျ) – ရေးသားမှတ်သားထားရမယ်။ မှတ်စုသဘောမျိုးထုတ်နုတ် ရေးသားထားရမယ်။

၇။ သိ(သိက္ခေယျ)– လေ့ကျင့်ရမယ်။ အပြန်ပြန်ဖတ်ရမယ်၊ ရေးရမယ်။

၈။ ခါ(ခါရေယျ)– နှုတ်ငုံဆောင်ရမယ်။ အရေးတကြီး အသုံးဝင်မယ့်စာပိုဒ်တွေကို အလွတ်ကျက်မှတ်ထားရမယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

### ကျောင်းတွေ ဖွင့်လှစ်တော့မယ်

မကြာမီကျောင်းတွေ ဖွင့်လှစ်တော့မယ်။ ကျွန်မ မြေးငယ်လေးအပါအဝင် ရင်သွေးငယ်တို့ရဲ့ လိခေယျဆိုတဲ့ အိမ်စာတွေလေ့ကျင့်မှတ်သားဖတ်မှတ်ရေးသားနေမယ့် ပုံရိပ်တွေ၊ ခါရေယျဆိုတဲ့ ကျောင်းသင်ခန်းစာတွေကို နှုတ်တတ်အာဂုံဆောင်ကျက်မှတ်နေတဲ့ အသံတွေမြင်ရကြားရပါတော့မယ်။ သစ်လွင်တဲ့အဖြူ အစိမ်းကျောင်းဝတ်စုံလေးကို ဝတ်ဆင်ပြီး ကျောပိုးအိတ်နဲ့၊ ခြေထောက်က ဖိနပ်အသစ်လေးကို ငုံ့ငုံ့ကြည့်ရင်း အပျံသင်စငှက်ကလေးတွေလို အတောင်ပံတဖျပ်ဖျပ်အားယူခတ်ရင်း ခုန်ဆွခုန်ဆွ မြောက်ကြွမြောက်ကြွ ခြေလှမ်းတွေနဲ့ ကျောင်းသွားတက်တော့မယ့် မြေးငယ်လေးနဲ့ အားလုံးသော ရင်သွေးငယ်လေးတွေကို ကျွန်မမြင်ယောင်လာမိတယ်။ တကယ့်ကို ကြည်နူးစရာကောင်းတဲ့ ပုံရိပ်မြင်ကွင်းတွေပါ။

တကယ်တော့မြေးငယ်လေးနဲ့ ရင်သွေးငယ်တို့ရဲ့ခြေလှမ်းတွေဟာ သူတို့ရဲ့အနာဂတ်အတွက်သာမက မြန်မာ့လူ့အဖွဲ့အစည်းရဲ့အနာဂတ်၊ မြန်မာနိုင်ငံရဲ့အနာဂတ် ခြေလှမ်းတွေလည်းဖြစ်ပါတယ်။ မြေးငယ်လေးအပါအဝင် မြန်မာ့ရင်သွေးငယ်တွေ အားလုံးအေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် မြန်မာ့လူ့အဖွဲ့အစည်းအားလုံးကလည်း ဝိုင်းဝန်းကူညီပေးကြပါလို့ ထပ်ဆင့်တိုက်တွန်းနှိုးဆော်ပါရစေ။ ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၉၀ | ၂၁၄၀ | ၂၁၃၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၆၀ | ၂၁၄၅ | ၂၁၂၅ | ၂၂၁၅ | ၂၂၃၀ | ၂၁၃၀ | ၂၁၄၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၇၅ | ၂၃၉၅ | ၂၄၃၀ |
| 95 Ron | ၂၁၅၀ | ၂၁၉၅ | ၂၁၉၅ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၅၀ | ၂၆၀၅ |
| HSD (500 ppm) | ၂၂၆၀ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၉၀ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၆၀ | ၂၆၉၀ |
| HSD (50 ppm) | ၂၂၈၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၀ | ၂၅၉၀ | ၂၇၂၅ |
| HSD (10 ppm) | ၂၂၈၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၀ | ၂၅၉၀ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၁ | ၂၀၆၄ |
| 95 Ron | ၂၀၄၅ | ၂၁၂၀ |
| HSD (500 ppm) | ၂၁၅၃ | ၂၂၂၅ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၅၃ |
| HSD (10 ppm) | ၂၁၈၀ | ၂၂၅၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ တရားစွဲဆိုခံရသည့် မွန်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံ အပေါ် အမိန့်ချမှတ်

**နေပြည်တော် မေ ၁၆**

မွန်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံသည် ရာထူးနှင့် လုပ်ပိုင်ခွင့်ကို အကြောင်းပြု၍ စီးပွားရေးလုပ်ငန်းရှင်များထံမှ ငွေကြေးများ ရယူသုံးစွဲခဲ့မှုများအပေါ် ဥပဒေနှင့်အညီ အရေးယူပေးပါရန် တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံသည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်လျက် ၂၀၁၈ ခုနှစ်မှစတင်၍ သံလွင်မြစ်အတွင်း သဲများ စုပ်ယူထုတ်လုပ်ခဲ့ရာတွင် လုပ်ငန်းရှင်များထံမှ စုစုပေါင်း ငွေကျပ် သိန်း ၅၆၉၀ ကျော်ကို လက်ခံရယူခဲ့ခြင်း၊ သဲသောင်တူးဖော်ရေးလုပ်ငန်းတွင် နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေစာရင်းသို့ အမှန်တကယ် ပေးသွင်းရမည့် ခါတ်သတ္တုခွန်အား လုပ်ပိုင်ခွင့်မရှိဘဲ လျှော့နည်းပေးသွင်းရန် ခွင့်ပြုခဲ့ခြင်းကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်မှရရှိမည့် ဘဏ္ဍာငွေကျပ်သိန်း ၁၃၂၀ ကျော် နစ်နာဆုံးရှုံးခဲ့ခြင်း၊ ကိုဗစ် - ၁၉ ရန်ပုံငွေများမှ ငွေကျပ် သိန်း ၂၀၀ ကို ပုဂ္ဂိုလ်ရေးအရ အခြားသူတစ်ဦးသို့ ခေတ္တထုတ်ပေးခဲ့ပြီး ပြန်လည်ပေးဆပ်မှုမရှိခြင်း၊ အခြားပုဂ္ဂိုလ်နှစ်ဦးသို့ ငွေကျပ် သိန်း ၆၅၀ ထုတ်ပေးခဲ့ပြီး ပြန်လည်ပေးဆပ်မှုမရှိခြင်းတို့သည် နိုင်ငံတော်၏ ငွေကြေးပိုင်ဆိုင်မှုကို နစ်နာဆုံးရှုံးစေခဲ့ခြင်းအပါအဝင် အဂတိလိုက်စားမှုများကို ကျူးလွန်ခဲ့ခြင်းကြောင့် ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံ အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရ မွန်ပြည်နယ်တရားလွှတ်တော်တွင် ၂၇-၄-၂၀၂၂ ရက်နေ့၌ တရားစွဲဆိုတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၁/၂၀၂၂ မှ ၉/၂၀၂၂ အထိ အမှု ကိုးမှုဖြင့် လက်ခံစစ်ဆေးခဲ့သည်။

မွန်ပြည်နယ်တရားလွှတ်တော်က ယနေ့ရက်စွဲဖြင့် ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံ အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ အမှု ကိုးမှုအတွက် ပြစ်မှုထင်ရှားစီရင်ပြီး ထောင်ဒဏ် ၂၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၁၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ “ ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“မိုးညှင်းမြို့နယ်၊ နန်းမားကျေးရွာအုပ်စု၊ နန့်စလော်ကျေးရွာရှိ ဒက္ခိဏဝန်မန် (တောင်ကျောင်း) ဘုန်းတော်ကြီးကျောင်းတိုက်အား အကြမ်းဖက်အဖွဲ့များက ဒရုန်းယာဉ်ဖြင့် ပစ်ချဖောက်ခွဲခဲ့သည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် မေ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်ရှိ စစ်ဆေးရေးဂိတ်၌ အကြမ်းဖက်အဖွဲ့အစည်းများ၏ လက်နက်နှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့်ဖြစ်စဉ်”**နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးတက္ကသိုလ်၏ သက်ဆိုင်ရာပညာသင်နှစ်အလိုက် သင်တန်းများဖွင့်လှစ်

**မန္တလေး မေ ၁၆**

မန္တလေးတက္ကသိုလ်တွင် မေ ၁၂ ရက်မှစတင်၍ သက်ဆိုင်ရာ ပညာသင်နှစ်များ အလိုက် ဘာသာရပ်ဆိုင်ရာ သင်တန်းများကို ပြန်လည်ဖွင့်လှစ် သင်ကြားလျက်ရှိသည်။ **(အောက်ပုံ)**



ကျောင်းဖွင့်ကာလ ကျောင်းအပ်နှံခြင်းလုပ်ငန်းများ၊ အဆောင်နေရာချထားခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာ ဘာသာရပ်များအလိုက် သင်ကြားရေးလုပ်ငန်းများကိုလည်း စတင်သင်ကြားလျက်ရှိသည်။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အသစ်ဝင်ရောက်လာသော မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူများအား သင်ကြားရေး၊ နေထိုင်ရေးနှင့် စားသောက်ရေးကိစ္စများ အဆင်ပြေ ချောမွေ့စေရန် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ စီမံခန့်ခွဲရေးဝန်ထမ်းများနှင့် ဆရာ ဆရာမများက နွေးထွေးစွာကြိုဆိုနေရာချထားပေးလျက်ရှိကြောင်း သိရသည်။

**မန်းကိုယ်ပွား**

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ပူးပေါင်းပြီး သီရိလင်္ကာနိုင်ငံ၌ ဆေးလိပ်ငွေ့ကင်းစင်ဇုန်ထူထောင်မည်

ကိုလံဘို မေ ၁၆

ဆေးရွက်ကြီးနှင့် အရက်ဆိုင်ရာ သီရိလင်္ကာနိုင်ငံ အမျိုးသားအာဏာပိုင်အဖွဲ့(နာတာ)က ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)နှင့် ပူးပေါင်းကာ သီရိလင်္ကာနိုင်ငံ၌ ဆေးလိပ်ငွေ့ကင်းစင်ဇုန် ၃၆၂ ခု ထူထောင်ရန် စီစဉ်နေကြောင်း သိရသည်။ ထိုကဲ့သို့စီစဉ်ရခြင်းမှာ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်ခြင်းမှ ပြည်သူများကို ကာကွယ်ပေးရန် ဖြစ်ကြောင်း အဆိုပါလုပ်ငန်းနှင့်သက်ဆိုင်သူ သုတေသနပညာရှင်တစ်ဦးက ကိုလံဘိုရှိ မီဒီယာတစ်ခုသို့ ပြောကြားသည်။

တစ်ဆင့်ခံဆေးလိပ်ငွေ့သည် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်ကြောင်း၊ ဆေးလိပ်မသောက်သုံးသော လူကြီးများနှင့် ကလေးများတွင် သေဆုံးခြင်းနှင့် ရောဂါရခြင်းတို့ ဖြစ်ပွားစေနိုင်ကြောင်း အဆိုပါအာဏာပိုင်အဖွဲ့မှ ဥက္ကဋ္ဌဖြစ်သူ ဆာမတ်ဟီရာဂျာပတ်ဆာက ပြောကြားသည်။

ထို့အပြင် ကလေးငယ်ထက်ဝက်ခန့်သည် အများပြည်သူဆိုင်ရာ နေရာများတွင် တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ပုံမှန်ရှူရှိုက်နေရကြောင်း၊ ထို့ကြောင့် အိမ်များ၊ လုပ်ငန်းခွင်နေရာများနှင့် အများပြည်သူဆိုင်ရာ နေရာများတွင် ဆေးလိပ်သောက်သုံးခြင်းမှ ရှောင်ကြဉ်ရန် လိုအပ်ကြောင်း ရာဂျာပတ်ဆာက ပြောကြားသည်။



သီရိလင်္ကာနိုင်ငံတွင် ဆေးလိပ်သောက်သုံးမှုနှုန်းကို လျှော့ချရန် အစိုးရအဆက်ဆက်က အမျိုးမျိုး ကြိုးစားလုပ်ဆောင်ခဲ့သော်လည်း မျက်မှောက်၌ အချို့သောအုပ်စုများကြားတွင် ဆေးလိပ်သောက်သုံးမှု သိသိသာသာ မြင့်မားနေဆဲဖြစ်ကြောင်း အစီရင်ခံစာတစ်ခုအရ သိရသည်။

ဆင်ဟွာ

## အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း၌ အစုလိုက်အပြုံလိုက် အစာအဆိပ်သင့်မှုဖြစ်ပွား

တာလူကွင် မေ ၁၆

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းပြည်နယ်ဖြစ်သည့် တာကာတွင် အစုလိုက်အပြုံလိုက် အစာအဆိပ်သင့်မှုဖြစ်ပွားပြီး ၄၂ ဦး နာမကျန်းဖြစ်ခဲ့ကြောင်း နယ်မြေခံရဲတပ်ဖွဲ့က မေ ၁၆ ရက်တွင် ပြောကြားသည်။ အဆိုပါ အစာအဆိပ်သင့်မှုဖြစ်ပွားရခြင်းမှာ ချာဟတ်ခရိုင် တာဟန်အဘတ်ရွာတွင် မေ ၁၅ ရက်က ကျင်းပသော မင်္ဂလာဆောင်အခမ်းအနားတစ်ခုမှဖြစ်ကြောင်း နယ်မြေခံရဲတပ်ဖွဲ့ဌာနမှ အက်ဒူလ် မူဘင်က ပြောကြားသည်။

### ဖမ်းဆီးအရေးယူထား

နာမကျန်းဖြစ်သူများထဲတွင် သတို့သားနှင့် သတို့သမီးလည်း ပါဝင်ကြောင်း၊ အစာအဆိပ်သင့်မှုဖြစ်ပွားသူများကို ခရိုင်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ ထို့အပြင် အဆိုပါဖြစ်စဉ်နှင့် ပတ်သက်ပြီး လူသုံးဦးကို ဖမ်းဆီးအရေးယူထားပြီး အစာအဆိပ်သင့်မှု ဖြစ်ပွားရခြင်း အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

## နယ်စပ်ဂိတ်များပြန်လည်ဖွင့်လိုက်ပြီးနောက် လာအိုနိုင်ငံအတွင်းသို့ လူ ၂၀၀၀ ကျော် ဝင်ရောက်လာ

ဗီယန်ကျင်း မေ ၁၆

လာအိုအစိုးရအနေဖြင့် မေ ၉ ရက်က နိုင်ငံနယ်စပ်ဂိတ်များကို ပြန်လည်ဖွင့်လိုက်ပြီးနောက် လာအိုနိုင်ငံသားများနှင့် နိုင်ငံခြားသား ၂၀၀၀ ကျော်သည် လာအိုနယ်စပ်နှင့် မြို့တော် ဗီယန်ကျင်းရှိ လေဆိပ်မှတစ်ဆင့် နိုင်ငံအတွင်းသို့ ဝင်ရောက်လာကြောင်း သိရသည်။

လာအိုနိုင်ငံသည် ခရီးသွားလာမှုကန့်သတ်ချက်များ ဖြေလျှော့ပေးမှုနှင့်အတူ နိုင်ငံခြားခရီးသွားများကို နိုင်ငံအတွင်းသို့ လွတ်လပ်စွာ ဝင်ထွက်ခွင့်ပြုလိုက်ကြောင်း သိရသည်။ ပထမဆုံး လာအို-ထိုင်း ချစ်ကြည်ရေးတံတား နိုင်ငံတကာစစ်ဆေးရေးဂိတ် အကြီးအကဲဖြစ်သူ သီပါဗွန်းက နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်လိုက်ကတည်းက လူ ၁၆၀၀ ကျော်သည် လာအိုနိုင်ငံအတွင်းသို့ ဝင်ရောက်ပြီး လူ ၂၁၀၀ ကျော်သည် ထိုင်းနိုင်ငံအတွင်းသို့ အဆိုပါ ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဝင်ရောက်ကြကြောင်း ပြောကြားသည်။



ဝပ်တေး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မန်နေဂျာတစ်ဦးက ဗီယန်ကျင်းရှိ လေဆိပ်မှတစ်ဆင့် လာအိုနိုင်ငံသို့ လူ ၆၉၀ ကျော် ဝင်ရောက်ပြီး လူ ၈၆၀ မှာ လာအိုနိုင်ငံမှ ထွက်ခွာသွားကြောင်း ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုကို တားဆီးနိုင်ရန်အတွက် အစိုးရကထုတ်ပြန်ထားသော လမ်းညွှန်ချက်များကို ပြည်သူများ ဆက်လက်လိုက်နာကြရန် လိုအပ်ကြောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး အမျိုးသားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးချုပ် ချီကျိုက အလေးပေးပြောကြားသည်။

ဆင်ဟွာ

## အာဖဂန်နစ္စတန်နိုင်ငံ ပြည်နယ်နှစ်ခုမှ မိသားစု ၇၀၀၀ ကျော် စားနပ်ရိက္ခာအကူအညီများ လက်ခံရရှိ

ကဘူးလ် မေ ၁၆

မကြာသေးမီရက်များအတွင်း အာဖဂန်နစ္စတန်နိုင်ငံ ပြည်နယ်နှစ်ခုမှ မိသားစု ၇၀၀၀ ကျော်သည် စားနပ်ရိက္ခာအကူအညီ လက်ခံရရှိပြီ




ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ပါဝမ်ပြည်နယ်အရှေ့ပိုင်း ဂျာဘယ်လ်ဆာရိုင်နှင့် ဆာခီ ပါဆာခရိုင်မှ ဆင်းရဲနွမ်းပါးသော မိသားစုများထံသို့ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်နှင့် အာဖဂန်ကျေးလက်ဒေသ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး အစားအစာထုပ် ၄၄၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ အဆိုပါ အစားအစာထုပ်များတွင် ဂျုံမှုန့်၊ ဟင်းချက်ဆီ၊ ပဲနှင့် ဆားတို့ပါဝင်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းပြည်နယ်ဖြစ်သည့် ဂျော်ဂျန်ပြည်နယ်မှ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူ ၂၆၄၀ အပြင် မိုးခေါင်မှုဒဏ်ခံခဲ့ရသော မိသားစုများသည်လည်း စားနပ်ရိက္ခာအကူအညီများ လက်ခံရရှိခဲ့ကြောင်း ပြည်နယ်ဒုက္ခသည်များဆိုင်ရာ နေရပ်ပြန်ပို့ရေးဌာနမှ အကြီးအကဲဖြစ်သူ အက်ဒူလ် ကေယမ် နာဇာရီက ပြောကြားသည်။ အဆိုပါ ပြည်နယ်မှ ဆင်းရဲနွမ်းပါးသော မိသားစုများထံသို့ လာမည့်ရက်ပိုင်း သို့မဟုတ် သီတင်းပတ်အတွင်း လူသားချင်းစာနာမှုဆိုင်ရာ နောက်ထပ်အကူအညီများ ထပ်မံပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

- အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၀၂ ဦး ထပ်မံတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၃၁၂၃၈၀၁ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော နောက်ဆုံးအချက်အလက်များအရ သိရသည်။ ထို့အပြင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၇ ဦး ရှိလာသည့်အတွက် စုစုပေါင်း သေဆုံးသူ ၅၂၄၂၄၁ ဦးအထိ ရှိလာပြီဖြစ်သည်။ ပိုးတွေ့ဆဲလူနာ ၁၇၃၁၇ ဦး ရှိနေသေးသော်လည်း လွန်ခဲ့သော ၂၄ နာရီကထက် ၃၇၅ ဦး လျော့နည်းခဲ့ကြောင်း သိရသည်။

- တောင်ကိုရီးယားနိုင်ငံတွင် မေ ၁၅ ရက် သန်းခေါင်ယံအထိ နောက်ထပ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၂၉၆ ဦး တွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၇၉၅၃၅၇ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက မေ ၁၆ ရက်တွင် ပြောကြားသည်။ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုပမာဏသည် ပြီးခဲ့သောရက်ကထက် ၂၅၄၃၄ ဦး ကျဆင်းခဲ့ကြောင်း ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

- မလေးရှားနိုင်ငံတွင် မေ ၁၅ ရက် သန်းခေါင်းယံအထိ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရသူ ၂၂၃၉ ဦး ထပ်မံတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၇၈၁၁၂ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အဆိုပါ ကူးစက်ခံရသူများအနက် သုံးဦးမှာ ပြည်ပပြန်များဖြစ်ပြီး ၂၂၃၆ ဦးမှာ ပြည်တွင်းကူးစက်ခံရသူများကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်သောအချက်အလက်အရ သိရသည်။



- တောင်ကိုရီးယားနိုင်ငံတောင်ပိုင်းတွင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားပြီး တစ်ဦး သေဆုံးကာ နှစ်ဦး ဒဏ်ရာအပြင်းအထန်ရရှိကြောင်း ယွန်ဟပ်သတင်းဌာနက မေ ၁၆ ရက်တွင် ပြောကြားသည်။

# နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများ၌ သင်တန်းဖွင့်ပွဲများကျင်းပ

**နေပြည်တော် မေ ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း လေးကျောင်း၌ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်းနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းဖွင့်ပွဲများအား ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းများ၌ ကျင်းပဆောင်ရွက်ခဲ့ရာ ဘားအံမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက လည်းကောင်း၊ အောင်ပန်းမြို့သင်တန်းကျောင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက လည်းကောင်း၊ လပွတ္တာမြို့ သင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက လည်းကောင်း(ယာပုံ)၊ ပုဏ္ဏားကျွန်းမြို့သင်တန်းကျောင်းတွင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးမောင်မောင်နိုင်က လည်းကောင်း အသီးသီး တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ယခုဖွင့်လှစ်သည့် သင်တန်းကျောင်းများတွင် ဆောက်လုပ်ရေးသင်တန်းသား ၃၅ ဦး၊ လျှပ်စစ်သင်တန်းသား ၄၇ ဦး၊ ဂဟေသင်တန်းသား ၄၇ ဦး၊ မော်တော်ယာဉ်စက်ပြင်သင်တန်းသား ၆၅ ဦးနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းသား ၁၆ ဦး စုစုပေါင်း ၂၁၀ ဖြင့် ၁၆-၅-၂၀၂၂ ရက်မှ ၁၄-၁၀-၂၀၂၂ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည် ဖြစ်ပြီး သင်တန်းသားများ နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများကို အခမဲ့ထောက်ပံ့ သင်ကြားပေးသွားမည် ဖြစ်သည်။



နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများတွင် ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသား စုစုပေါင်း ၅၆၈၄ ဦးအား သင်ကြားလေ့ကျင့် မွေးထုတ်ပေးနိုင်ခဲ့ပြီး ကျောင်းဆင်း သင်တန်းသား ၃၆၁၁ ဦးအား အလုပ်အကိုင်အခွင့်အလမ်းရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများကို ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့်နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ်ရပ်ကွက်နေ ဇော်ဝင်းအောင်(ခ) အကြိုင်းသည် ၎င်းအသုံးပြုသည့် “Zaw Win Aung” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွှေတံခါးရပ်ကွက်နေ မြင့်နွယ်ဝင်းသည် ၎င်းအသုံးပြုသည့် “Myint New Win” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်နေ သက်ပိုင်ဟိန်းနှင့် ကိုထက်တို့သည် ၎င်းတို့အသုံးပြုသည့် “Thet Paing Hein” Facebook အကောင့်၊ “Ko Htet” Facebook အကောင့်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အေးသာယာမြို့ အမှတ် (၆)ရပ်ကွက်နေ သောင်းမြင့်ဦးသည် ၎င်းအသုံးပြုသည့် “Thaung Myint Oo” Facebook အကောင့်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွှေတံခါးရပ်ကွက် အပိုင်း(၂)နေ အေးအေးခိုင်(ခ)မခိုင်သည် ၎င်းအသုံးပြုသည့် “Ma Khaing” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၁၆**

ထူးခြားသည့် နေ့အပူချိန်များမှာ ဂန့်ဂေါမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်နှင့် ဗားရ်မြို့၊ ကလေးဝမြို့၊ ကလေးမြို့၊ ကြေးမုံမြို့၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ ပေါက်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံမျိုးဂျာနယ် ထွက်ရှိ



၁၅-၅-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၉)၊ အမှတ်(၁၀)တွင်

- စပါးအထွက်တိုးခြင်းအစ ပျိုးပင်ကောင်းမှ
- ရေဆင်း(၁) စပ်မျိုးနေကြာ တိုးချဲ့စိုက်ပျိုးပါ
- ငွေနှင်းမှို စိုက်ပျိုးရေးနှင့် ဈေးကွက်အခြေအနေ
- ငါးရစ်ငါးသန်ဘေးမဲ့ချန် ပုံမှန်စားသုံးမျိုးမသုဉ်း
- ကျွဲနွားများတွင်ဖြစ်တက်သောရောဂါများနှင့် ကုသပျောက်ကင်းစေသောနည်းများ
- ပြည်ပဈေးကွက်ဝင်သည့် ကျောက်ငါး
- ရေတိသီးမှို သတိပြုစေလို
- ကျန်းမာစေရေးအတွက် တစ်နေ့တာအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal


# တောင်ကြီးမြို့၌ တောင်သူလယ်သမားများအတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**တောင်ကြီး မေ ၁၆**

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် ယနေ့နံနက်ပိုင်းမှစတင်၍ တောင်သူများအား ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ထုတ်ချေးပေးလျက်ရှိသည်။

ထိုသို့ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာတွင် တောင်ကြီးမြို့နယ် လွယ်တော်ကျေးရွာအုပ်စုမှ လယ်ယာလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ (၇) ရရှိပြီးဖြစ်သော တောင်သူ ၁၃ ဦးအတွက် စပါး၂၁ ဧက၊ အခြား သီးနှံ ၇၅ ဧက စိုက်ပျိုးရန် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၀၆၅၀၀၀၀ ကိုလည်းကောင်း၊ ဟိုပုံးမြို့နယ် နမ့်ခုတ်ကျေးရွာအုပ်စုမှ လယ်ယာလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ (၇) ရရှိပြီးဖြစ်သော တောင်သူ ၃၇ ဦးအတွက် စပါး ၁၁၅ ဧက၊ အခြားသီးနှံ ဧက ၇၀ စိုက်ပျိုးရန် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေကျပ် ၂၄၂၅၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းချေး ငွေကျပ် ၃၄၅၀၀၀၀၀ ကို ထုတ်ချေးပေးမည်ဖြစ်သည်။ ကျန်ကျေးရွာ အုပ်စုများကိုလည်း စိုက်ပျိုးစရိတ် ချေးငွေများ ဆက်လက် ထုတ်ချေးပေးမည် ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တောင်ကြီးဘဏ်ခွဲ ခရိုင်မန်နေဂျာ ဒေါ်ခင်ပြုံးရည်ထံမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မတ္တရာမြို့နယ်၌ လေပြင်းတိုက်မှုကြောင့် နေအိမ်များ ပျက်စီး

**မတ္တရာ မေ ၁၆**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် မေ ၁၆ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်း တစ်ကျောင်းနှင့် ကျေးရွာအုပ်စု ၁၈ အုပ်စုမှ လူနေအိမ် ၁၂ လုံး သစ်ပင်ပိ၍ ပြိုကျပျက်စီးခဲ့ပြီး လူနေအိမ် ၈၁ လုံးမှာ အမိုးလန်ပျက်စီးသွားခဲ့သည်။

စုစုပေါင်းလူဦးရေ ၃၅၉ ဦးတို့ လေဘေးသင့်၍ အမျိုးသမီး တစ်ဦး သေဆုံးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ အဆိုပါ လေဘေးသင့် ပြည်သူများ၏ စားသောက်နေထိုင်ရေးများအား သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# မေ ၁၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀ ဒသမ ၀၄) ရာခိုင်နှုန်းရှိ

**(၁၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၅၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်း မှာ (၀.၀၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၉၂,၄၈၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၁၄၄) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၀၉၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၆–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၁၁) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၃) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆၃) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၉၅) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၂၈) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၄၄၉) ခု | (၂) ဦး |
| စုစုပေါင်း | (၉,၁၅၅) ခု | (၄) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန




## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် မေ ၁၆**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ်ရှိ မြဝတီ ကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ တိုက်ဝါကြီးကျောင်းတိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ခရိမ်းကြီး ကျောင်းတိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ မြို့မကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဟိုခုံပရိယတ္တိ စာသင်တိုက်နှင့် ကွတ်ခိုင်မြို့နယ်ရှိ တောင်တန်းဒေသထေရဝါဒ ဗုဒ္ဓဘာသာ သာသနာပြုကျောင်းတိုက်တို့သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၁၄၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၈၁၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၇၄၆၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်၌ ဒေသခံပြည်သူ ၈၇၂၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၅၂၅၀၀ ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ထန်းတပင်မြို့နှင့် ပဲခူးမြို့နယ်၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၃၈၀ တို့ကို တပ်မတော်ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **သတင်းစဉ်**



# မိန်းမလှကျွန်းဘေးမဲ့တောမှ ဧရာဝတီလင်းပိုင်များ

## ရေရှည်ရှင်သန်နိုင်ရေး ဝိုင်းဝန်းကူညီထိန်းသိမ်းပေး



သိန်းညွန့်(PZL)

မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အတွင်း တည်ရှိပြီး ရေချိုရေငန်စပ် နယ်မြေဒေသတစ်ခုဖြစ်ကာ ရေချိုရေငန်စပ် မိကျောင်း(Crocodylus Porosus) ကို သဘာဝအတိုင်းထိန်းသိမ်းကာကွယ်ထားသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ဧရိယာလည်းဖြစ်ပေသည်။ ယခုနှစ်အတွင်း အဆိုပါဘေးမဲ့တော ဧရိယာအတွင်းရှိ မြစ်ချောင်းများတွင် ဧရာဝတီလင်းပိုင်အရေအတွက်နှင့် ၎င်းတို့အပေါ်ကျရောက်နေသော ခြိမ်းခြောက်မှုများကို ဖော်ထုတ်နိုင်ရန်အတွက် အဖွဲ့နှစ်ဖွဲ့ခွဲ၍ စာရင်းကောက်ယူရာ ဧရာဝတီလင်းပိုင် ၁၄ ကောင် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း မိန်းမလှကျွန်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

"ဒီဘေးမဲ့တောမှာ အခုနှစ် မတ်လကစတင်ကာ အချိန်ကာလတစ်ခုသတ်မှတ်ထားပြီးတော့ ဧရာဝတီလင်းပိုင်ကောင်ရေစာရင်းကောက်ယူတာကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို စာရင်းကောက်ယူတဲ့အခါ ဘေးမဲ့တောဧရိယာတွေဖြစ်တဲ့ အရှေ့ခြမ်းမှာ ရှစ်ကောင်၊ အနောက်ခြမ်းက ဒုံကနီမြစ်တန်းနဲ့ဘေးမဲ့တောအတွင်း ချောင်းမကြီးတွေမှာ ခြောက်ကောင် စုစုပေါင်း ၁၄ ကောင်ကို တွေ့ရှိမှတ်တမ်း တင်နိုင်ခဲ့ပါတယ်။ အဓိကက ဒီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းနဲ့ ပတ်ဝန်းကျင်ဧရိယာတွေမှာ သွားလာကျက်စားတဲ့ ဧရာဝတီလင်းပိုင် အရေအတွက် သိရှိနိုင်ဖို့၊ ဧရာဝတီလင်းပိုင်တွေအပေါ် ကျရောက်နေတဲ့ နေရင်းဒေသခြိမ်းခြောက်မှုကို ဖော်ထုတ်နိုင်ဖို့နဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်မှုမှာ အထောက်အကူဖြစ်ဖို့ အခုလို ကွင်းဆင်းစောင့်ကြည့်လေ့လာမှုတွေ ဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးစိုင်းဝဏ္ဏကြည်က ပြောကြားသည်။

ဧရာဝတီလင်းပိုင်ကို မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်နှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နေရာတချို့၌ အများဆုံး တွေ့ရှိနိုင်ကြောင်း သိရသည်။ အဆိုပါ ဘေးမဲ့တောတွင် ငှက်မျိုးစိတ်များ ပျံ့နှံ့ကျက်စားမှု၊ ရေချိုရေငန်စပ် မိကျောင်းများ၏ အလေ့အထများနှင့် ဂေဟဗေဒ၊ ရာသီဥတုပြောင်းလဲမှု၏ ဒီရေတောများအပေါ် အကျိုးသက်ရောက်မှု၊ ဒီရေတောမှ ရရှိသည့် သယံဇာတများက ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးကိုအထောက်အကူပြုမှု၊ ဒီရေတော ဂေဟစနစ်ဝန်ဆောင်မှုများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှု လျော့နည်းသက်သာခြင်း ဆက်စပ်မှုများအား လေ့လာနိုင်မည် ဖြစ်ကြောင်းနှင့် လေ့လာ အပန်းဖြေစရာအဖြစ် ဒီရေတောအတွင်း စက်လှေစီး၍လေ့လာခြင်း၊ ဒေသခံများ၏ မိရိုးဖလာ ငါးဖမ်းနေမှုများ၊ ကမ္ဘာပေါ်တွင် အလွန်ရှားပါးသည့် ရွှေ့ပြောင်းဆောင်းခိုငှက်များ၊ နို့တိုက်သတ္တဝါများ၊ တွားသွားသတ္တဝါများ၊ ပင်လယ်လိပ်များ၏ နေထိုင် ကျက်စားမှုများကိုလည်း လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီလင်းပိုင်များနှင့် ပတ်သက်၍ The Convention on International Trade in Endangered Species of Wild Fauna and Flora–CITES မျိုးသုဉ်းရန် အန္တရာယ်ရှိသော တောရိုင်းတိရစ္ဆာန် သစ်ပင်ပန်းမန်မျိုးစိတ်များ နိုင်ငံတကာ ကူးသန်း ရောင်းဝယ်ခြင်းဆိုင်ရာသဘော တူညီချက်၏ အဆင့် (၁)အရ လုံးဝကာကွယ်ထားသည့်



တိရစ္ဆာန် ဖြစ်သကဲ့သို့ အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့(IUCN)က မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော မျိုးစိတ်အဖြစ် သတ်မှတ်ထားပြီး မြန်မာနိုင်ငံအနေဖြင့် အမိန့်ကြော်ငြာစာအမှတ် (၆၉၀/၂၀၂၀) အရ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုံးဝကာကွယ်ထားသည့် (နို့တိုက်သတ္တဝါ) စာရင်းတွင် ထည့်သွင်းထားကြောင်း သိရသည်။

> "အဆိုပါ ဘေးမဲ့တောတွင် ငှက်မျိုးစိတ်များ ပျံ့နှံ့ကျက်စားမှု၊ ရေချိုရေငန်စပ် မိကျောင်းများ၏ အလေ့အထများနှင့် ဂေဟဗေဒ၊ ရာသီဥတု ပြောင်းလဲမှု၏ ဒီရေတောများအပေါ် အကျိုးသက်ရောက်မှု၊ ဒီရေတောမှ ရရှိသည့် သယံဇာတများက ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးကို အထောက်အကူပြုမှု၊ ဒီရေတော ဂေဟစနစ် ဝန်ဆောင်မှုများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်မှု လျော့နည်းသက်သာခြင်း ဆက်စပ်မှုများအား လေ့လာနိုင်"

မြန်မာနိုင်ငံသားများအဖို့ တန်ဖိုးကြီးမားပြီး ရှားပါးသောပိုင်ဆိုင်ခွင့်ဖြစ်သည့် ဧရာဝတီလင်းပိုင်မျိုးစိတ်တစ်ခု မျိုးသုဉ်းပျောက်ကွယ် မသွားစေရေးနှင့် ရေရှည်ဆက်လက် ရှင်သန်နိုင်ရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တတ်သိပညာရှင်များနှင့် ဘိုကလေးမြို့နယ်ရှိ ဒေသခံပြည်သူများက တာဝန်သိသိ၊ စေတနာရှိရှိဖြင့် ဝိုင်းဝန်းကူညီ ထိန်းသိမ်းကြပါရန် တိုက်တွန်းရေးသား အပ်ပါသည်။

# မင်းစုံတောင်ဘေးမဲ့တောက ကြယ်လိပ် များ

ဌေးမြင့်မောင်

**မြန်မာ့မျိုးရင်း ကြယ်လိပ်များသည် ကမ္ဘာ့တိရစ္ဆာန် ရှားပါးစာရင်းဝင်ဖြစ်သည်။ ဂျပန်တွင် အလှမွေးတိရစ္ဆာန်အဖြစ် မွေးမြူကြပြီး တစ်ကောင်လျှင် ဒေါ်လာနှစ်သောင်းအထိ တန်ဖိုးရှိသည်။ မြန်မာနိုင်ငံတွင် ရွှေစက်တော်၊ မင်းစုံတောင်နှင့် ပြင်ဦးလွင် မြလိပ်တောင်တို့တွင် သဘာဝအတိုင်း ကျက်စားလျက်ရှိသည်။**

မြန်မာနိုင်ငံ၌ လိပ်မျိုးစိတ် ၃၁ မျိုးရှိရာ ပင်လယ်လိပ်ငါးမျိုး၊ ရေချိုလိပ် ၂၂ မျိုးနှင့် ကုန်းလိပ်လေးမျိုး ရှိသည်။ ကုန်းလိပ်တွင် မျိုးစိတ်ရှစ်မျိုးမှာ မျိုးသုဉ်းရန် အန္တရာယ်အလွန်နီးကပ်နေပြီး ယင်းတို့အနက် ကြယ်လိပ်မှာ တစ်မျိုးအပါအဝင်ဖြစ်သည်။

ကမ္ဘာ့ရှားပါးစာရင်းဝင် မြန်မာ့မျိုးရင်း ကြယ်လိပ်ကို ၂၀၀၀ ပြည့်နှစ်ကစ၍ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံ အစီအစဉ်)– WCS၊ လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့ (TSA) နှင့် သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်း၍ မြန်မာနိုင်ငံရှိ နေရာလေးခုတို့တွင် ခြံခတ်မွေးမြူခဲ့သည်။ နွားထိုးကြီးမြို့နယ် မင်းစုံတောင်ဘေးမဲ့တောတွင် ၁၉၉၀ ပြည့်နှစ်က ကြယ်လိပ်အထီး ခြောက်ကောင်၊ အမ ခြောက်ကောင် စုစုပေါင်း ၁၂ ကောင်မှ စတင်



မွေးမြူခဲ့ ရာ ၂၀၁၇ ခုနှစ်တွင် ကြယ်လိပ် ၃၅၀၀ ကျော်အထိ အောင်မြင်စွာ သားဖောက်မွေးမြူနိုင်ခဲ့သည်။

သဘာဝအတိုင်း တောထဲ၌ ပြန်လည်စေလွှတ် မွေးမြူလိုသော်လည်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသဖြင့် မင်းစုံတောင်ဘေးမဲ့တောတွင် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ကြယ်လိပ်အကောင် ၇၅၀ ကို မျိုးဆက်ပွားမှု၊ နေထိုင်မှုဓလေ့များကို သိရှိရန် သဘာဝအတွင်းသို့ ပြန်လွှတ်ပြီး သုတေသနပြုလုပ်ခဲ့သည်။ သစ်တောဦးစီးဌာနက ၂၀၃၀ ပြည့်နှစ်တွင် ကြယ်လိပ်ကောင်ရေ တစ်သိန်းကို တောထဲပြန်လွှတ်ရန် ရည်မှန်းထားရာ နွားထိုးကြီးမြို့နယ်ရှိ မင်းစုံတောင်ဘေးမဲ့တောက လိပ်ကောင်ရေ ၄၀၀၀ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

> **သစ်တောဦးစီးဌာနက ၂၀၃၀ ပြည့်နှစ်တွင် ကြယ်လိပ်ကောင်ရေ တစ်သိန်းကို တောထဲ ပြန်လွှတ်ရန် ရည်မှန်းထားရာ နွားထိုးကြီးမြို့နယ်ရှိ မင်းစုံတောင် ဘေးမဲ့တောက လိပ်ကောင်ရေ ၄၀၀၀ ပါဝင်မည်**

နွားထိုးကြီးမြို့နယ်တွင် တန်ဖိုးရှိသော



ကြယ်လိပ်များကို ခိုးယူရောင်းချမှု သုံးကြိမ်အထိဖြစ်ပွားခဲ့ပြီး အများအပြား တရုတ်ပြည်သို့ ရောင်းချခြင်းခံခဲ့ရသည်။ မြန်မာ့မျိုးရင်းကြယ်လိပ်များမှာ တရားမဝင်ရောင်းချခြင်းနှင့် စားသောက်ရန် ဖမ်းဆီးခြင်းတို့ကြောင့် မျိုးသုဉ်းမည့် အန္တရာယ်ကို ရင်ဆိုင်နေရသည်။

ထို့ကြောင့် နိုင်ငံ၏ ဇီဝရတနာ မြန်မာ့မျိုးရင်း ကြယ်လိပ်များမျိုးသုဉ်းမှုမရှိဘဲ ဆက်လက်ရှင်သန်နိုင်ရေး ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်ကြရန်လိုနေအပ်နေပြီဖြစ်သည်။

# ဂေဟစနစ်ဆိုတာ

**သီဟစည်သူ**

ဂေဟစနစ်ဆိုသည်မှာ အပင်၊ တိရစ္ဆာန်၊ အခြားသော သက်ရှိ၊ သက်မဲ့များအားလုံးနှင့် ပတ်ဝန်းကျင်တို့ အပြန်အလှန် ဆက်စပ်နေသည့် ဇီဝအသိုက်အဝန်းဖွဲ့စည်းတည်ဆောက်ပုံဖြစ်ပြီး မြေ၊ ရေ၊ လေနှင့် နေရောင်ခြည်စသည့် သဘာဝပတ်ဝန်းကျင် အစိတ်အပိုင်းများလည်း ပါဝင်ကြသည်။ ဂေဟစနစ် (Ecosystem) ဟူသည့် ဝေါဟာရကို ၁၉၃၅ ခုနှစ်တွင် အင်္ဂလိပ်လူမျိုး ရုက္ခဗေဒပညာရှင် Sir Arthur George Tansley က စတင်တီထွင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာပေါ်ရှိ ဂေဟစနစ်ကို အဓိကအားဖြင့် ကုန်းမြေဂေဟစနစ်နှင့် ရေနေဂေဟစနစ် ဟူ၍ အမျိုးအစား နှစ်မျိုး ခွဲခြားနိုင်သည်။

**၁။ ကုန်းမြေ ဂေဟစနစ်**

ကုန်းမြေဂေဟစနစ်ဆိုသည်မှာ မြေယာအခြေပြု ဂေဟစနစ်များ ဖြစ်သည်။ ကုန်းမြေဂေဟစနစ်တွင် မြေမျက်နှာ သွင်ပြင်ပေါ်မူတည်ပြီး ကုန်းမြေဂေဟစနစ် အမျိုးမျိုးရှိပြီး သစ်တောဂေဟစနစ်၊ မြက်ခင်းပြင် ဂေဟစနစ်၊ စိမ့်မြေလွင်ပြင်ဂေဟစနစ်နှင့် သဲကန္တာရ ဂေဟစနစ်တို့ပါဝင်သည်။

သစ်တောဂေဟစနစ်(Forest Ecosystem)တွင် မျိုးစုံသော အပင်များ၊ တိရစ္ဆာန်များနှင့် သေးငယ်သော ဇီဝသက်ရှိများသည် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ နေထိုင်မှုကို သစ်တောဂေဟစနစ်ဟု ခေါ်သည်။ သစ်တောဂေဟစနစ်တွင် အမြဲစိမ်းတော၊ အင်တိုင်းတော၊ ထင်းရှူးတော၊ ဆားနယ်မြေတော၊ ဂဝံကျောက်တော၊ ယာယီသွေ့ခြောက်တော၊ အထက်ရွက်ပြတ်ရော တောခြောက်၊ ဒီရေတော စသည်တို့ပါဝင်သည်။

မြက်ခင်းပြင် ဂေဟစနစ် (Grassland Ecosystem)တွင် အပင်များသည် အများအားဖြင့် မြက်ခင်းများနှင့် ဟင်းသီးဟင်းရွက်များဖြစ်ပြီး ကမ္ဘာ့မျက်နှာပြင်ဧရိယာ၏ ၂၀ ရာခိုင်နှုန်းမှာ မြက်ခင်းပြင်ဂေဟစနစ်များ ဖြစ်သည်။

စိမ့်မြေလွင်ပြင်ဂေဟစနစ် (Tundra Ecosystem) များသည် သစ်ပင်များမရှိသဖြင့် အေးသော ရာသီဥတု သို့မဟုတ် မိုးရွာသွန်းမှုနည်းပါးသောနေရာတွင် တွေ့ရပြီး တစ်နှစ်ပတ်လုံး ဆီးနှင်းများဖုံးလွှမ်းနေတတ်သည်။ အာတိတ်ရေခဲပြင်ဒေသ သို့မဟုတ် တောင်ထိပ်ရှိ ဂေဟစနစ်သည် စိမ့်မြေလွင်ပြင် ဂေဟစနစ်အမျိုးအစားဖြစ်သည်။

သဲကန္တာရ ဂေဟစနစ် (Desert Ecosystem) များသည် မိုးရွာသွန်းမှုအလွန်နည်းသော ဒေသများ ဖြစ်သည်။ အကြီးမားဆုံး သဲကန္တာရဂေဟစနစ်များကို အန္တာတိက၊ မြောက်အာဖရိက၊ အာတိတ်ဒေသနှင့် အရှေ့အလယ်ပိုင်းဒေသတို့တွင် တွေ့နိုင်သည်။ ဆာဟာရ သဲကန္တာရ၊ ဂိုဘီ သဲကန္တာရများသည် သဲကန္တာရဂေဟစနစ်တွင်ပါဝင်သည်။ သဲကန္တာရများတွင် သာမန်ရာသီဥတုအခြေအနေ၌ အပူချိန် ၂၀ ဒီဂရီဆဲလ်စီးရပ်မှ ၂၅ ဒီဂရီဆဲလ်စီးရပ်အထိ ရှိပြီး ပြင်းထန်သော ရာသီဥတုတွင် အနုတ် ၁၈ ဒီဂရီ ဆဲလ်စီးရပ်မှ ၄၉ ဒီဂရီ ဆဲလ် စီးရပ် အထိ ရှိကြသည်။



**၂။ ရေနေ ဂေဟစနစ်**

ရေနေ ဂေဟစနစ်များသည် ရေထဲတွင် သက်ရှိသက်မဲ့များ စုစည်းတည်ရှိနေသော ဂေဟစနစ်များ ဖြစ်သည်။ ယင်းဂေဟစနစ်တွင် ရေချိုဂေဟစနစ်နှင့် အဏ္ဏဝါဂေဟစနစ် အမျိုးအစားနှစ်ခုပါဝင်သည်။

ရေချိုဂေဟစနစ် (Freshwater Ecosystem) သည် ဆားပါဝင်မှုမရှိသော အိုင်များ၊ ရေကန်များ၊ မြစ်များ၊ စမ်းချောင်းများနှင့် စိုစွတ်သောမြေများပါဝင်သည်။ ရေချိုဂေဟစနစ်အတွင်း ကမ္ဘာပေါ်ရှိ ငါးမျိုးစိတ်များ၏ ၄၁ ရာခိုင်နှုန်းခန့် ရှင်သန်ပေါက်ပွားလျက်ရှိသည်။

အဏ္ဏဝါဂေဟစနစ် (Marine Ecosystem)တွင် ပင်လယ်နှင့်သမုဒ္ဒရာများ ပါဝင်သည်။ ၎င်းတို့တွင် ရေချိုဂေဟစနစ်နှင့် နှိုင်းယှဉ်လျှင် ပိုမိုသိသာထင်ရှားသော ဆားပါဝင်မှုများနှင့် ပိုမိုကောင်းမွန်သော ဇီဝမျိုးစုံမျိုးကွဲများရှိတတ်သည်။ ယင်းဂေဟစနစ်တွင်ပါဝင်သည့် ပင်လယ်သမုဒ္ဒရာရေပြင်သည် ကမ္ဘာ့မျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းခန့်ဖုံးလွှမ်းနေပြီး ကမ္ဘာ့ရေအရင်းအမြစ်၏ ၉၇ ရာခိုင်နှုန်းခန့်ရှိသည်။

ထိုသို့ ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများအပါအဝင် သဘာဝပတ်ဝန်းကျင်၏ အကျိုးပြုမှုတန်ဖိုးများကိုသိရှိပြီး ယနေ့ရင်ဆိုင်နေကြရသော ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုဆိုင်ရာ ဘေးဒုက္ခများကို ဖြေရှင်းနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို မဖြစ်မနေထိန်းသိမ်းရန် လိုအပ်လျက်ရှိသည်။

# ရေနေသယံဇာတထိန်းသိမ်းရေး အဆိပ်ချ၊ ဆေးချငါးဖမ်းခြင်းနှင့် ဘက်ထရီရှော့တိုက် ငါးဖမ်းခြင်းမပြုရေး ပူးပေါင်းပါဝင်ကူညီပေး

**ပင်လယ်ပြာ(ငါးဦးစီး)**

**မြန်မာ့ရေချိုငါးလုပ်ငန်းရေပြင်များတွင် တားမြစ်ငါးဖမ်းနည်းဖြစ်သော အဆိပ်ချ၊ ဆေးချငါးဖမ်းခြင်း၊ ဘက်ထရီရှော့တိုက် (ကျင်စက်)ဖြင့် ငါးဖမ်းဆီးသူတချို့ရှိနေကြသဖြင့် ထိုကဲ့သို့ဖမ်းဆီးပါက ရေသယံဇာတများ ထိခိုက်ပျက်စီးစေပါသည်။**

(က) အဆိပ်ချ၊ဆေးချငါးဖမ်းခြင်းသည်ရေသတ္တဝါများအား သေစေရုံသာမက အဆိပ်ကြောင့် သေသော ငါးများကို စားသုံးမိသူများသည် မူးဝေခြင်း၊ ကိုယ်လက်ထုံကျဉ်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ ကိုယ်တစ်ခြမ်း သေစေနိုင်သည်အထိ လေဖြတ်ခြင်း၊ အာရုံကြောများ ထိခိုက်ခြင်းတို့ ဖြစ်စေနိုင်သည်။

( ခ ) ဆိုက်ပါမီသရင်း 10 EC ပိုးသတ်ဆေးသည် ရေထုအပုံတစ်သန်း၏ ၀ ဒသမ ၀၀၄၂ ပုံ (ppm) ပျော်ဝင်ရုံဖြင့် လေးလက်မအရွယ် တီလားပီးယားငါးကို သေစေနိုင်သည်။

( ဂ ) အယ်လ်ဆန် 50 EC ပိုးသတ်ဆေးသည် ရေထုအပုံတစ်သန်း၏ ၀ ဒသမ ၀၂ ပုံ(ppm) ပျော်ဝင်ရုံဖြင့် ၃ ဒသမ ၅ လက်မအရွယ် တီလားပီးယားငါးကို သေစေနိုင်သည်။

(ဃ) အင်ဒရင်း ပိုးသတ်ဆေးသည် ပက်ဖျန်းပြီးနောက် တစ်လကြာသည်အထိ လည်းကောင်း၊ DDT ပိုးသတ်ဆေးသည် ၄၅ ရက်ခန့်အထိလည်းကောင်း အာနိသင်ကြာရှည်စွာ တည်ရှိသဖြင့် ရေသတ္တဝါများအား ချက်ချင်းသေစေရုံသာမက တဖြည်းဖြည်းချင်းလည်း သေဆုံးစေနိုင်သည်။

**ပြဒါးနှင့် ဆိုင်ယာနိုက်များ၏ ဆိုးကျိုးများ**

ရွှေကျင်ရာတွင် အသုံးပြုသည့် ပြဒါးနှင့် ဆိုင်ယာနိုက်များအား စနစ်တကျမစွန့်ပစ်ဘဲ မြစ်ချောင်း၊ အင်းအိုင်အတွင်း စွန့်ပစ်ပါက–

(က) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတများ ပျက်စီးခြင်း။

( ခ ) ရေနေသတ္တဝါများ သေကျေပျက်စီးခြင်း။

( ဂ ) ရေနေသတ္တဝါများ၏ မျိုးပွားစနစ်ကို ထိခိုက်ခြင်း။

(ဃ) ပြဒါး (သို့မဟုတ်) ဆိုင်ယာနိုက်အဆိပ်ဖြင့် သေဆုံးသောငါးများအား လူသားတို့ စားသုံးမိပါက–

- ဦးနှောက်နှင့် အာရုံကြောများ ထိခိုက်ခြင်း၊
- သွေးအဆိပ်တက်ခြင်း စသည့် သွေးနှင့်ပတ်သက်သော ရောဂါများဖြစ်ပွားခြင်း၊
- သန္ဓေမတည်နိုင်ခြင်း၊ မျိုးမအောင်ခြင်း စသည်ဖြင့် မျိုးပွားမှုကို ထိခိုက်ခြင်း။

(င) အထူးသဖြင့် ကလေးငယ်များအား ပိုမိုထိခိုက်စေပြီး ဉာဏ်ရည်မမီခြင်း၊ ခန္ဓာကိုယ်ဖွံ့ဖြိုးမှု နှေးကွေးခြင်း စသည့်ဆိုးကျိုးများကို ခံစားရရှိစေပါမည်။

**အရေးယူခံရနိုင်သည့် ပြစ်ဒဏ်များ**

အထက်ဖော်ပြပါ ငါးမျိုးပြုန်းတီးစေနိုင်သော ငါးဖမ်းနည်းစနစ်များဖြင့် ငါးဖမ်းခြင်းကြောင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည် ဖြစ်သည်။

အလားတူ ငါးသယံဇာတအပါအဝင် ရေနေသယံဇာတများကို ထိခိုက်စေနိုင်သည့် ဘက်ထရီရှော့တိုက် (ကျင်စက်) ဖြင့် ငါးဖမ်းခြင်း၏ ဆိုးကျိုးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

**ကျင်စက်ဖြင့်ငါးဖမ်းခြင်း**

မြန်မာ့ရေချိုငါးလုပ်ငန်းရေပြင်များတွင် ငါးသယံဇာတများကိုထိခိုက်စေနိုင်သည့် တားမြစ်ငါးဖမ်းနည်းဖြစ်သော ဘက်ထရီရှော့တိုက်(ကျင်စက်)ဖြင့် ငါးဖမ်းဆီးသူများရှိနေကြသဖြင့် ထိုကဲ့သို့ ဖမ်းဆီးပါက ရရှိနိုင်မည့်ဆိုးကျိုးများကို ဖော်ပြပေးပါမည်။

ငါးသယံဇာတများကို ထိခိုက်စေနိုင်သဖြင့် တားမြစ်ကန့်သတ်ထားသော ငါးဖမ်းနည်းစနစ်များမှာ–

(က) ပိုက်ကွက် ၃/၄ လက်မအောက်ငယ်သောပိုက်များဖြင့် ငါးဖမ်းခြင်းမပြုရ။

( ခ ) ဂုန်နီ၊ ပိတ်စ၊ပလတ်စတစ် (သို့မဟုတ်) နိုင်လွန်ရက်ထည်စသည်တို့ဖြင့် ရေလမ်းကြောင်းပိတ်၍ ငါးဖမ်းခြင်းမပြုရ။

( ဂ ) ဘက်ထရီရှော့တိုက်(ကျင်စက်)ဖြင့် ငါးဖမ်းခြင်းမပြုရ။

(ဃ) ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊အဆိပ်အတောက်၊ ဓာတုပစ္စည်းနှင့်ယင်းကဲ့သို့အန္တရာယ်ဖြစ်စေသော ပစ္စည်းများဖြင့် ငါးဖမ်းခြင်းမပြုရတို့ဖြစ်ပါသည်။

ရေနေသယံဇာတများနှင့်လူကိုပါ ထိခိုက်စေသည့် ဘက်ထရီရှော့တိုက်(ကျင်စက်)ဖြင့် ငါးဖမ်းခြင်း၏ ဆိုးကျိုးများမှာ– အပင်မျှောလေး (Phytoplankton)၊ သတ္တမျှောလေး (Zoo-plankton) အပါအဝင် ငါးနှင့်ရေနေသတ္တဝါများ သေကျေပျက်စီးခြင်းကြောင့် ဂေဟဗေဒစနစ်နှင့် သတ္တဝါများတိုးပွားမှုအတွက်အရေးပါသော အစာကွင်းဆက် (Food Chain Mechanism) များ ပျက်ယွင်းခြင်း၊ ဥကပ်ငါးများ သေကျေပျက်စီးပါက ပေါက်ပွားလာမည့် ငါးသယံဇာတများ ဆုံးရှုံးခြင်း၊ ရောင်းတမ်းဝင်ငါးတစ်ကောင်ရရန်အတွက် ငါးငယ်များစွာ သေကျေပျက်စီးခြင်း၊ အသက်မသေဘဲ လွတ်မြောက်သွားသော ငါးကြီးများသည် လျှပ်စစ်ဓာတ်အားကြောင့် ချည့်နဲ့သွားခြင်း၊ မြုံသွားခြင်း၊ မျိုးမပွားနိုင်တော့ခြင်း၊ အခန့်မသင့်ပါက လူပါဓာတ်လိုက်သေဆုံးနိုင်ခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ထိန်းသိမ်းကာကွယ်လျက်ရှိသော မျိုးသုဉ်းရန်အန္တရာယ်နှင့်ရင်ဆိုင်နေရသည့် ပင်လယ်လိပ်၊ တောင်ပေါ်ဖျံနှင့်ဒေသမျိုးရင်း ငါးမျိုးများကိုလည်း ထိခိုက်သေဆုံးစေခြင်းတို့ ဖြစ်ပွားနိုင်သည်။

**အဆိပ်ချ၊ ဆေးချငါးဖမ်းခြင်းသည် ရေသတ္တဝါများအား သေစေရုံသာမက အဆိပ်ကြောင့် သေသော ငါးများကို စားသုံးမိသူများသည် မူးဝေခြင်း၊ ကိုယ်လက်ထုံကျဉ်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ ကိုယ်တစ်ခြမ်း သေစေနိုင်သည်အထိ လေဖြတ်ခြင်း၊ အာရုံကြောများ ထိခိုက်ခြင်းတို့ ဖြစ်စေနိုင်**

အထက်ဖော်ပြပါ ငါးမျိုးပြုန်းတီးစေသော ငါးဖမ်းနည်းစနစ်များဖြင့်ငါးဖမ်းခြင်းကြောင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ခံရမည်ဖြစ်သည်။

သို့ဖြစ်၍ ရေနေသယံဇာတထိန်းသိမ်းရေးအတွက် တားမြစ်ငါးဖမ်းနည်းဖြစ်သော အဆိပ်ချ၊ ဆေးချငါးဖမ်းနည်းနှင့် ဘက်ထရီရှော့တိုက်(ကျင်စက်) ဖြင့် ငါးဖမ်းခြင်းမပြုရေးအတွက် ပြည်သူများ ပူပေါင်းပါဝင် ကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ဆောင်နန်းခဲကျေးရွာရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်မီးရှို့ဖျက်ဆီး




နေပြည်တော် မေ ၁၆

**အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အချို့ဒေသများတွင် လက်နက်ကိုင် အကြမ်းဖက်မှုများ၊ လမ်း၊ တံတားဖောက်ခွဲ ဖျက်ဆီးမှုများအပြင် အများပြည်သူ နေထိုင်လျက်ရှိသည့် နေအိမ်များကိုလည်း မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။**

ထိုသို့လုပ်ဆောင်လျက်ရှိရာ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် ဆောင်နန်းခဲကျေးရွာရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား ယနေ့ညနေပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက အနောက်ဘက်အင်းဘက်ရှိ ဟိုတိန်းတောင်ကျေးရွာဘက်မှ လှေများဖြင့် ရောက်ရှိလာခဲ့ပြီး ဝင်ရောက်မီးရှို့ ဖျက်ဆီးခဲ့ကြောင်း၊ ထိုသို့ မီးရှို့ဖျက်ဆီးလျက်ရှိသည်ကို တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူတစ်ဦးက သတင်းပေးပို့လာခဲ့သဖြင့် ဖယ်ခုံမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် စုံစမ်းစစ်ဆေးခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများသည် ကျေးရွာအတွင်း အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား လိုက်လံမီးရှို့ဖျက်ဆီးလျက်ရှိသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများသည် တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သဖြင့် ၎င်းတို့ ဆုတ်ခွာရာနောက်သို့ ထက်ကြပ်လိုက်၍ လိုအပ်သည့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖယ်ခုံမြို့နယ် ဆောင်နန်းခဲကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။**

အထက်ပါ ဖြစ်စဉ်မှ ကျေးရွာနေ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးမှု ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိရေး နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

❖ *ကျော်ဖုံးမှ*

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၄ ရက် ည ၇ နာရီခွဲတွင် သတင်းအရ မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သီရိရတနာ ဈေးဝင်းတွင် ယာဉ်မောင်း ဝင်းလှိုင်(ခ) ဦးချယ်နှင့် လှဘော်တို့ နှစ်ဦးအား TOYOTA WISH မော်တော်ယာဉ်နှင့်အတူ တွေ့ရှိပြီး ယာဉ်ပေါ်မှ ဒေသကာလ တန်ဖိုးငွေကျပ် ၆ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၂၅၁ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ မေ ၆ ရက် မွန်းလွဲ ၁ နာရီတွင် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်တွင် အိုက်စ်(မက်သ်အဖက်တမင်း) များ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ထွန်းနိုင်နှင့် ဝင်းမြင့်တို့ကို လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် ကျောက်ကုန်းမြို့အဝင်တိုးဂိတ်တွင် အားဂျီး(ခ) အားရှီးကို လည်းကောင်း၊ ညနေ ၅ နာရီတွင် တာချီလိတ်မြို့နယ် လွယ်ချီတုံကျေးရွာတွင် ကိုပေါက်(ခ)အောင်မြတ်ဝင်းကို လည်းကောင်း၊ ညနေ ၅ နာရီခွဲတွင် ပုသိမ်မြို့နယ် ချောင်းသာ ဟိုတယ်တွင် ထိုင်းနိုင်ငံသား စိုင်းရှန်ဖ(ခ) ဘောန် (ခ)Mr. Piayapong Khammongkhon နှင့် စိုင်းနော်ခမ်း(ခ)အိုက်စိုင်းတို့ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း၊ ဆက်လက်စစ်ဆေးဖော်ထုတ်ချက်များအရ မေ ၇ ရက် နံနက် ၁၁ နာရီတွင် ဒလမြို့နယ် စက်မြေရပ်ကွက်ရှိ ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ပင်လယ်ပြင်သုံး ငါးဖမ်းစက်လှေတစ်စင်းနှင့်အတူ ရှိုင်းထက်အောင်(ခ) ဆံရှည်၊ အေးသောင်း၊ မျိုးနိုင်နှင့် သန်းစိုးတို့ကို ထပ်မံဖမ်းဆီးရမိခဲ့ပြီး မေ ၈ ရက် ညနေ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးများတာဝန်ခံ သယ်ဆောင်မည့် စက်လှေပိုင်ရှင် ဉာဏ်ဝင်းကို လည်းကောင်း၊ မေ ၁၁ ရက် နံနက် ၁၀ နာရီတွင် တာချီလိတ်မြို့ ပါလျှံ(၁)ရပ်ကွက်တွင် အောင်ကျော်ထွန်း(ခ) အိုက်ဆမ်ကိုလည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ပြီး ထိုမှတစ်ဆင့် ရေကြောင်းလမ်းအသုံးပြု၍ မလေးရှားနိုင်ငံ ရေပိုင်နက်သို့ သယ်ဆောင်မည်ဖြစ်ကြောင်း၊ ဖမ်းဆီးရမိသူများအနက် ထိုင်းနိုင်ငံသား စိုင်းရှန်ဖ(ခ) ဘောန်(ခ)Mr. Piayapong Khammongkhon သည် ထိုင်းနိုင်ငံတွင် လူသတ်မှု၊ မူးယစ်ဆေးဝါးမှုတို့ဖြင့် အလိုရှိတရားခံပြေးဖြစ်ကြောင်း၊ အမှုတွင် ပူးပေါင်းပါဝင်ပြီး ထွက်ပြေးတိမ်းရှောင်နေသူများဖြစ်သည့် စိုင်းဂွမ်(ခ)စိုင်းဂွမ်း၊ စိုင်းအောင်ညွန့်၊ အားချန်နှင့် လူဖီးတို့အပါအဝင် စုစုပေါင်း ၁၈ ဦးကို ဥပဒေအရ အရေးယူထားရှိပြီး မူးယစ်ဆေးဝါး ရောင်းဝယ် လုပ်ကိုင်ရာမှ ရရှိသည့် အကျိုးအမြတ်များနှင့် ပိုင်ဆိုင်မှုများ စိစစ်ဖော်ထုတ်၍ ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ထိုင်းနိုင်ငံမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ (ONCB)၊ မလေးရှားနိုင်ငံ အမျိုးသား မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးအဖွဲ့(NADA)တို့နှင့် ပူးပေါင်း၍ ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ဝမ်ဟိုင်းမှ ရန်ကုန်သို့ အိုက်စ်(မက်သ်အဖက်တမင်း)များသယ်ဆောင်သည့် မော်တော်ယာဉ်။




ရန်ကုန်မှ မလေးရှားရေပိုင်နက်သို့ အိုက်စ်(မက်သ်အဖက်တမင်း)များ သယ်ဆောင်ရာလမ်းကြောင်း။



တာချီလိတ်မြို့ ပါလျှံ(၁)ရပ်ကွက်ရှိ အောင်ကျော်ထွန်း(ခ)အိုက်ဆမ် ပိုင်ဆိုင်သည့်နေအိမ်။



တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ စိုင်းရှန်ဖ(ခ)ဘောန်(ခ) Mr. Piayapong Khammongkhon ပိုင်ဆိုင်သည့်နေအိမ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၅-၂၀၂၂ အင်္ဂါနေ့

### MRTV HD

၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ တားဆီးကာကွယ် မီဒီယာအဆိပ်သင့်အန္တရာယ်
၀၉:၁၅ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
၀၉:၅၀ SEA Games Vietnam (Highlights)
၁၀:၀၀ သတင်းထဲကသတင်း
၁၃:၃၀ MRTV National News
၁၆:၃၅ ကလောင်စွမ်းဖြင့်ဉာဏ်အလင်းတံခါး ဖွင့်ပေးကြသူများ
၁၇:၃၀ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန (မြန်မာ့မီးရထား)
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ SEA Games Vietnam (Highlights)
၁၈:၄၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဒေး' (အပိုင်း-၄)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်' (အပိုင်း-၂၆)

### mitv

07:01 Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
07:05 Myanmar's Bamboo Hat
07:19 Let's Taste Delicious Insects: Silkworm Masala & Peppery Cricket Bread with Sunflower and Pumpkin Seeds
07:41 Conflict & Solution Between Man & Elephant
08:01 Insight Myanmar: Parenting & Child Development (Part-1)
08:27 Great Shwedagon - The Planetary Posts
08:40 Myanmar's Traditions and Culture: The Golden Land
09:01 News
09:24 Global Partnership for Brighter Future: Montenegro Pavilion at Expo 2020 Dubai
09:35 Myanmar Puppeteers (Chinlone)
09:45 Charming & Fragrant Sabai

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဆီးချို၊သွေးချိုရောဂါအကြောင်းသိကောင်းစရာ

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရိုးရာအိမ်ချက်ဟင်းတစ်ခွက်

**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
သင်မယ်၊ရေးမယ်၊တို့ချင်းစာ(အပိုင်း-၁၉)

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၃)

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မုဒုံမြို့သို့အလည်တစ်ခေါက် 'ဘင်လိုင်ဘုရား'

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ရွှေချမ်းသာဖောင်တော်ဦးဘုရားပွဲ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ပန်လုံမြို့သို့အလည်တစ်ခေါက်

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ရဝမ်ရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၂၀:၀၀ မှ ၂၁:၀၀)**
ဒီမော့ဆိုမြို့လေးနှင့်ဖိုးဒီးခရိုး

**စကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်တိုင်းရင်းသားတို့ရဲ့ ချစ်စရာရိုးရာအိမ်ကလေး(ယဉ်ကျေးမှု)

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၄၅ တားဆီးကာကွယ် မီဒီယာအဆိပ်သင့်မှုအန္တရာယ်
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လောဘနဲ့ဒေါသ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)
၁၁:၀၀ Election Indonesia
၁၁:၃၀ အတွေးအမြင် (အပိုင်း-၆)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးစနစ်သို့(အပိုင်း-၁)
၀၆:၄၅ လူတိုင်းပါဝင်ရမည့်အာဟာရဖြင့်တင်ရေး
၀၇:၀၀ မျိုးကောင်းမျိုးသန့်စိုက်ပျိုး အထွက်တိုးမယ့်ရွှေနေကြာ
၀၇:၅၀ တောင်သူ့ဘဝသုတကဏ္ဍ
၀၉:၂၀ ဆန်းသစ်တဲ့အမြင် အရှန်းလေယာဉ်

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်ရောက်ရှိနေသည့် နယ်လှည့်အထူးကုဆေးအဖွဲ့များပါဝင်သည့် တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ဒေသခံပြည်သူ ၃၆၈ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၁၂ ဦး၊ ခွဲစိတ် ရောဂါ ၄၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၄၂ ဦး၊ ကလေးရောဂါ ၃၉ ဦး၊ အရိုး ရောဂါ ၃၁ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၂၅ ဦး၊ မျက်စိရောဂါ ၃၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။(ယာပုံ)

ထို့အပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ခုနစ်ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၄ ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်၍ ဓာတ်မှန်ရိုက်လူနာ ၃၈ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ် စစ်ဆေးလူနာ ၃၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် ဒေသခံပြည်သူ ကိုးဦးကို ဆေးရုံရေယာဉ်ပေါ်တွင် ဆေးရုံတင် ကုသပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း မုတ်သုံလေ အားအသင့်အတင့်ရှိ

**နေပြည်တော် မေ ၁၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၅ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၀၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၈၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၀၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၈၅၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၀၀/၂၂၀၅ ကျပ် | ၂၂၀၅/၂၂၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၃၀/၂၂၃၅ ကျပ် | ၂၂၃၅/၂၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၉၀/၁၉၉၅ ကျပ် | ၁၉၉၅/၂၂၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၄၀/၂၀၄၅ ကျပ် | ၂၀၄၅/၂၃၈၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၂၈ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၇ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၁၀၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၃၀ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၀ . ၆၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၂ . ၁၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၇၅၇ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၆၀၀ | ၇၆၀၀ | ၁၀၀ | ၇၆၀၀၀၀ |
| MTSH | ၂၆၀၀ | ၂၆၅၀ | ၁၈၅၁ | ၄၈၇၉၆၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၃၀၀ | ၅၂၅၀၀၀၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၇၀ | ၁၇၈၅၀၀ |
| EFR | ၂၅၅၀ | ၂၆၀၀ | ၁၁၅ | ၂၉၆၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၄၀၂ | ၁၉၉၀၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့

သီသီသောင်း

**၁၉၇၇ ခုနှစ် မေလ ၁၈ ရက်နေ့မှစတင်ပြီး အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ (International Council of Museum) မှ အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ကို ဦးဆောင်ကျင်းပခဲ့သည်မှာ ၂၀၂၂ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ၄၅ ကြိမ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။**

အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ (IC-OM) ကို ၁၉၄၆ ခုနှစ် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အဖွဲ့ဝင်ပြတိုက်ပေါင်း ၂၀၀၀၀ ကျော်၊ ပြတိုက်ပညာရှင်ပေါင်း ၃၅၀၀၀ ကျော်နှင့် ကမ္ဘာတစ်ဝန်းလုံးပြတိုက်ဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းကော်မတီ ၁၇၂၃ ကျော်ဖြင့် ပြတိုက်ပညာရပ်ဆိုင်ရာ မျိုးဆက်သစ်များအား စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပေသည်။

အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ (ICOM) သည် ပြတိုက်များကို စနစ်တကျ စုစည်း၍ ပြတိုက်ပညာရပ်ဆိုင်ရာ နည်းပညာများနှင့် ပတ်သက်သည့် အကြံဉာဏ်များ၊ ပြတိုက်ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု အကူအညီပေးနိုင်ရန်အတွက် နိုင်ငံပေါင်း ၆၀ ကျော်မှ အမျိုးသားပြတိုက်အဆင့် ကော်မတီများနှင့် ဆက်သွယ်ထားရှိပြီး တစ်ကမ္ဘာလုံးမှ ပြတိုက်လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းပေါင်း ၂၂၀၀ ကျော်နှင့်လည်း ဆက်သွယ်ဆောင်ရွက်လုပ်ကိုင်လျက်ရှိပေသည်။

**တန်ဖိုးမဖြတ်နိုင်သည့် နိုင်ငံရတနာများ**

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ရိုးရာထုံးတမ်းအစဉ်အလာများ၊ သမိုင်းတန်ဖိုးလက်ရာများ၊ ရှေးဟောင်းတန်ဖိုးလက်ရာများ မတူကွဲပြားစွာ ရှိနေကြပေသည်။ ထိုတန်ဖိုးမဖြတ်နိုင်သည့် နိုင်ငံရတနာများ တစ်စုတစ်စည်းတည်း စုစည်းပြသထားရာမှာ ပြတိုက်များပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ ပြတိုက်များသည် မြန်မာ့ရာဇဝင်နှင့်သမိုင်းကြောင်းများကို ထင်ဟပ်စေသည့် ထူးခြားထင်ရှားသော စုဆောင်းပြသပစ္စည်းများစွာကို ပိုင်ဆိုင်ထားကြပါသည်။ အဆိုပါ ပြသပစ္စည်းများသည် မြန်မာ့သမိုင်းကြောင်း အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်ကူးလူး ဆက်သွယ်ထားသော တိုင်းပြည်၏ အဖိုးမဖြတ်နိုင်သည့် ရတနာများဖြစ်ကြပြီး မြန်မာနိုင်ငံသားတို့၏ ဖန်တီးနိုင်မှုနှင့် အောင်မြင်မှုတို့အတွက် သက်သေတစ်ခုပင်ဖြစ်ပါသည်။

ပြတိုက်ဟူသောဝေါဟာရသည် အင်္ဂလိပ်ဘာသာဖြင့် Museum ဟုခေါ်ပြီး အင်္ဂလိပ် ဘာသာပင်ရင်းမဟုတ်ဘဲ ရှေးဟောင်းဂရိဘာသာစကား mouse–ion (မောင်စီယွန်) မှ ဆင်းသက်လာပေသည်။ ဂရိဒဏ္ဍာရီလာ muse (မျူစ်)ကို စာပေ၊ ဂီတ၊ အနုပညာတို့ကို စောင့်ရှောက်ကုန်သော နတ်သမီးများပျော်စံရာဘုံဗိမာန်ဟု အဓိပ္ပာယ်ရပေသည်။

**❄ ပြတိုက်ဆိုသည်မှာ အများပြည်သူအကျိုးငှာ ယဉ်ကျေးမှုအရ၊ သမိုင်းကြောင်းအရ အနုပညာလက်ရာမြောက်မှုအရ တန်ဖိုးရှိသော ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက် ပညာပေးရန်အတွက် ရည်ရွယ်၍ ခင်းကျင်းပြသဖွင့်လှစ်ထားခြင်းဖြစ်**



၂၀၁၅ ခုနှစ် International Museum Day( IMD ) Museum Forum မှာ စာရေးသူစာတမ်းတင်သွင်းစဉ်။

ထို့ကြောင့် ပြတိုက်များသည် စာပေ၊ ဂီတ၊ အနုပညာဆိုင်ရာပစ္စည်းများကို စုဆောင်း၊ ထိန်းသိမ်း၊ သုတေသနပြု၊ ခင်းကျင်းပြသကာ အများပြည်သူများကို အသိပညာဗဟုသုတ ဖြန့်ဝေပေးရာ ဗဟိုဌာနဟု ဖွင့်ဆိုကြလေသည်။

International Council of Museum (ICOM) မှ ပြတိုက်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ “ပြတိုက်ဟူသည် အများပြည်သူပညာရစေရန်၊ လူ့အသိုင်းအဝိုင်းနှင့် လူ့ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အများပြည်သူစိတ်ကျေနပ်မှု ရရှိနိုင်ရန် ငွေကြေးအမြတ်အစွန်းကို အဓိကမထားဘဲ ဝန်ဆောင်မှုပေးရသော အမြဲတမ်းဖွင့်လှစ်ရသည့် ပညာပေးရေးအဖွဲ့အစည်း ဖြစ်ပါသည်။

ပြတိုက်များသည် ပြသပစ္စည်းများ စုဆောင်းခြင်း ၊ စုဆောင်းရရှိသော ပြသပစ္စည်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း ၊ ၎င်းပြသပစ္စည်းများ၏ အချက်အလက်များ ပိုမိုခိုင်မာသိရှိမှုရှိစေရန် သုတေသနပြုခြင်း၊ အများပြည်သူလူထုနှင့်ပညာရပ်ဆိုင်ရာ ကူးလူးဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ယဉ်ကျေးမှုအမွေအနှစ် ဒြပ်ရှိဒြပ်မဲ့ ပစ္စည်းများကို ခင်းကျင်းပြသခြင်းဟူသော ပြတိုက်လုပ်ငန်းစဉ်အပြင် ပြည်သူလူထုအား ပညာပေးရန် ပညာရပ်ဆိုင်ရာဗဟုသုတများအား စိတ်ပျော်ရွှင်မှုရရှိစေရန် ဖန်တီးထားသည့် ဌာနဖြစ်ပေသည်” ဟု ၂၀၀၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ (ICOM)မှ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပေသည်။

**ပြတိုက်ဆိုသည်မှာ**

တစ်နည်းဆိုရသော် ပြတိုက်ဆိုသည်မှာ အများပြည်သူအကျိုးငှာ ယဉ်ကျေးမှုအရ၊ သမိုင်းကြောင်းအရ အနုပညာလက်ရာမြောက်မှုအရ တန်ဖိုးရှိသော ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ပညာပေးရန်အတွက် ရည်ရွယ်၍ ခင်းကျင်းပြသဖွင့်လှစ်ထားခြင်း ဖြစ်ပေသည်။

အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီသည် ပြတိုက်အဓိပ္ပာယ်နှင့် ကမ္ဘာတစ်ဝန်းလုံးရှိ ပြတိုက်ဆိုင်ရာ လုပ်ငန်းဆောင်တာများ အခြေခံစံနှုန်း စည်းမျဉ်းများ၊ အပြည်ပြည်ဆိုင်ရာ ပြတိုက်အသိုင်းအဝိုင်းမှ လက်ခံကျင့်သုံးသော ကျင့်ဝတ်ဆိုင်ရာ အခြေခံသဘောတရားများကို အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီဥပဒေနှင့် ထင်ဟပ်စေပါသည်။

အချို့နိုင်ငံများသည် မိမိကိုယ်ပိုင်ပြတိုက်ဥပဒေများ ဖန်တီးရေးဆွဲရန်အတွက် အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ ဥပဒေများကို အခြေခံအုတ်မြစ်တစ်ခုကဲ့သို့ အသုံးပြုကြပါသည်။ မြန်မာနိုင်ငံသည်လည်း အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်ရာ အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ၏ မူဘောင်တစ်ခုချင်းစီမှ ပြဋ္ဌာန်းချက်များကို မြန်မာနိုင်ငံရှိ ပြတိုက်များမှ ကျင့်သုံးလိုက်နာရမည် ဖြစ်ပေသည်။

၂၀ ရာစုနောက်ပိုင်းတွင် ပြတိုက်များသည် နိုင်ငံ၏မျက်နှာစာ၊ နိုင်ငံ၏ဂုဏ်ဒြပ်များကို ရည်ညွှန်းဖော်ပြလျက်ရှိသည်ကို ပိုမိုသိရှိလာကြသည့် အလျောက် နိုင်ငံတကာတွင် ပြတိုက်ကြီး၊ ငယ်များ အရှိန်အဟုန်ဖြင့် တိုးတက်ပေါ်ထွန်းလာခဲ့ရာ ပြတိုက်မရှိသောနိုင်ငံဟူ၍ မရှိသလောက်ပင် ဖြစ်ပေသည်။ တစ်ကမ္ဘာလုံးတွင်လည်း ပြတိုက်ပညာရပ်ဆိုင်ရာ သင်တန်းပေးသည့် ဌာနပေါင်း ၈၀ ကျော်ခန့်အထိတိုးပွားလာပြီး ပြသပစ္စည်းအလိုက် အမျိုးအစားခွဲခြားပြသသည့် အထူးပြုပြတိုက် ထူထောင်သည့် ခေတ်သို့ရောက်ရှိလာသလို ပြသပစ္စည်းအမျိုးအစား ခွဲခြားမှတ်ပုံတင်ခြင်းစနစ်အား Computer Data base၊ Software များဖြင့် စာရင်းသွင်းမှတ်တမ်းတင်နိုင်သည့်အဆင့်သို့ ရောက်ရှိခဲ့ပြီဖြစ်ပေသည်။ ပြတိုက်များသည် ပြည်သူလူထု အသိဉာဏ်မြင့်မားစေရန်အတွက် ပညာပေးရာ၊ ဗဟုသုတပေးရာ ယဉ်ကျေးမှုဗဟိုဌာနများအဖြစ် အများပြည်သူများမှ ပိုမိုသိရှိနားလည်လာကြပြီ ဖြစ်ပေသည်။

၁၉၇၇ ခုနှစ် ဆိုဗီယက်ပြည်ထောင်စုတွင် ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ၏ (၁၁)ကြိမ်မြောက် ညီလာခံမှ မေလ ၁၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ (International Museum Day) ဟူ၍ သတ်မှတ်ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ပေသည်။

ထိုဆုံးဖြတ်ချက်နှင့်အညီ နိုင်ငံတကာမှ မေလ ၁၈ ရက်နေ့တွင် အထူးပြပွဲများ၊ ပွဲတော်များ ကျင်းပခဲ့ကြပေသည်။ ထိုသို့ အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အထိမ်းအမှတ်အခမ်းအနားများကို တစ်ကမ္ဘာလုံးရှိ နိုင်ငံပေါင်းများစွာမှ ပြတိုက်များတွင် တချို့တစ်ရက်တည်းသာ ကျင်းပသော်လည်း တချို့က စနေ၊ တနင်္ဂနွေပိတ်ရက်များ၊ တချို့က တစ်ပတ်၊ တချို့ကတစ်လတိတိ မိမိပြတိုက် မူဝါဒအပေါ်လိုက်၍ အချိန်ကာလအမျိုးမျိုး သတ်မှတ်ကျင်းပကြပါသည်။

ကမ္ဘာ့ပြတိုက်များ ညီလာခံများကို အာရှ၊ အာဖရိက၊ ဂျပန်၊ ဥရောပ၊ အမေရိက စသည် တို့တွင် အလှည့်ကျကျင်းပပြီး ပြတိုက်နှင့်ပြည်သူ ရင်းနှီးချစ်ကြည်စွာထိတွေ့နိုင်ရေး၊ ပြည်သူများ အသိပညာပေးရေး၊ ယဉ်ကျေးမှုမြှင့်တင်ရေးနှင့်ဖလှယ်ရေး၊ ပြတိုက်နယ်ပယ်အသီးသီးရှိ ဝန်ထမ်းများ၏ ပြတိုက်ပညာရပ်ဆိုင်ရာ အရည်အသွေးမြင့်မားရေး စသည့် အချက်များကို ထည့်သွင်းဆုံးဖြတ်ချက် ချမှတ်ခဲ့ကြပေသည်။

**အသီးအပွင့်များ**

ယင်းတို့၏ အသီးအပွင့်များအဖြစ် ပြတိုက်ပညာရပ်ဆိုင်ရာ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ကတ်တလောက်၊ ပညာပေးစာအုပ်များ ထွက်ရှိလာပေသည်။ ထို့ပြင် ပြသပစ္စည်းများ ထိန်းသိမ်းခြင်း၊ လူထုဆက်ဆံရေးနှင့် ပြတိုက်ပညာပေးခြင်း၊ ခင်းကျင်းပြသခြင်း၊ ပြတိုက်စီမံခန့်ခွဲခြင်း၊ ပြတိုက်ဈေးကွက်ဖော်ဆောင်ခြင်း၊ ပြသပစ္စည်းစုဆောင်းခြင်း စသည့်ပြတိုက်ပညာရပ်ဆိုင်ရာ ဘာသာရပ်များသင်ကြားသည့် ပြတိုက်ပညာရပ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်လေ့ကျင့်ပေးရာ သင်တန်းများ၊ ကျောင်းများ၊ တက္ကသိုလ်များ ပေါ်ပေါက်လာကြပေသည်။

ထို့ပြင် ဒေသဆိုင်ရာပြတိုက်၊ အထိမ်းအမှတ်ဆိုင်ရာပြတိုက်၊ နယ်လှည့်ပညာပေးပြတိုက်၊ ရှေးဟောင်းသုတေသန ပြတိုက်၊ ယဉ်ကျေးမှုပြတိုက်၊ အမျိုးသားပြတိုက်၊ ပြသပစ္စည်းတစ်ခုချင်းအလိုက် သီးသန့်ပြသထားသည့်ပြတိုက် ဥပမာ–ဖိနပ်ပြတိုက်၊ တူရိယာပစ္စည်းပြတိုက်၊ သနပ်ခါးပြတိုက် စသည်ဖြင့် ပေါ်ထွန်းလာကြပေသည်။

“အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့” အခမ်းအနား ကျင်းပပြုလုပ်ခြင်း အထူးအစီအစဉ်များမှ ရွေးချယ်တင်ပြရသော် ၁၉၅၆ ခုနှစ်က ပိုလန်နိုင်ငံ ဝါဆောပြတိုက်ကြီးတွင် ပန်းချီကျော် “ရမ်းဘုရင်” နှစ် (၃၅၀) မြောက် မွေးနေ့အထူးပြပွဲ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ဒေါက်တာမောင်မောင် (နိုင်ငံတော်သမ္မတ–ငြိမ်း) သည် နယ်သာလန် ရေဒီယိုမှ အသံလွှင့်ခဲ့ဖူးပါသည်။ ၁၉၅၆ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့တွင် မြန်မာ့အသံ အင်္ဂလိပ်အစီအစဉ်မှနေ၍ ဒေါက်တာမောင်မောင် (နိုင်ငံတော်သမ္မတ–ငြိမ်း) က ထပ်မံအသံလွှင့်ခဲ့ဖူးပါသည်။ ၁၉၆၉ ခုနှစ်တွင် ကမ္ဘာ့ပြတိုက်ပွဲတော်ကို နယ်သာလန်နိုင်ငံ ဥတရက်ချ် မြို့တွင်

*စာမျက်နှာ ၂၂ သို့*

*စာမျက်နှာ ၂၀ မှ*

ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ပါသည်။

မြန်မာနိုင်ငံတွင်လည်း "ပြတိုက်ရက်သတ္တပတ် (Museum Week)" ပြပွဲကို ၁၉၆၁ ခုနှစ် မတ်လ ၂၅ ရက်နေ့မှ ၃၁ ရက်နေ့အထိ ရန်ကုန်မြို့ အမျိုးသားပြတိုက်ရှိ ဂျူဗလီဟောခန်းမတွင် ကျင်းပခဲ့ပြီး ပို့စကတ်များ ထုတ်ဝေခဲ့ပါသည်။ ထိုရက်သတ္တပတ်လုံး အမျိုးသားပြတိုက်ထဲမှ ထင်ရှားသည့် အကြောင်းအရာအချက်အလက်များကို ပညာပေးဟောပြောပွဲများ၊ အထူးပြပွဲများ၊ ကလေးများအတွက် ဂိမ်းတီထွင်ဖန်တီးမှုများ စသည်ဖြင့် ပြတိုက်သို့ ပြည်သူလူထု ပိုမိုဝင်ရောက်လေ့လာရန်နှင့် ပြတိုက်အား ပြည်သူလူထုပိုမိုသိရှိရန် Museum Promotion ပြုလုပ်ခဲ့ပါသည်။

"အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့" ကို ကမ္ဘာ့နိုင်ငံပေါင်း ၁၂၀ ကျော်မှ ပြတိုက်ပေါင်း ၃၀၀၀၀ ကျော်ခန့်သည် လှိုက်လှိုက်လှဲလှဲ ပါဝင်ဆင်နွှဲခဲ့ကြပါသည်။ အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ၏ အကြံပေးကော်မတီသည် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ အနှစ်သာရ (Theme) တစ်ရပ်ကို နှစ်စဉ်ချမှတ်ပေးလေ့ရှိရာ ၂၀၂၂ခုနှစ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ဆောင်ပုဒ်မှာ "Power of Museums" "ပြတိုက်များ၏စွမ်းပကား" ပင် ဖြစ်ပါသည်။

၂၀၁၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ (ICOM) မှ နှစ်စဉ်ချမှတ်ပေးခဲ့သော Theme များကို ထုတ်နုတ်ဖော်ပြအပ်ပါသည်။

၁။ ၂၀၁၂ ခုနှစ် Theme မှာ
"Museum is a changing world, New Challenges, New Inspirations"
ပြတိုက်သည် စိန်ခေါ်မှုအသစ်၊ စိတ်ကူးစိတ်သန်းအသစ်များဖြင့် ပြောင်းလဲနေသော ကမ္ဘာတစ်ခု။

၂။ ၂၀၁၃ ခုနှစ် Theme
"Museum (Memory + Creativity) = Social Change"
အမှတ်တရဖန်တီးမှုများဖြင့် ပေါင်းစပ်ထားသော ပြတိုက်များသည် လူ့အသိုင်းအဝိုင်းကို ပြောင်းလဲ စေသည်။

၃။ ၂၀၁၄ ခုနှစ် Theme
"Museum Collections make Connection"
"ပြတိုက်ပစ္စည်းစုဆောင်းမှု၊ ပြတိုက်အချင်းချင်းဆက်သွယ်ပြု" ဆိုသည့် ဆောင်ပုဒ် သတ်မှတ်ခဲ့သည့်အတွက် နိုင်ငံတကာရှိပြတိုက်ကြီးများသည် နိုင်ငံရပ်ခြားတိုင်းပြည်များ၏ ပြတိုက်ပစ္စည်းများကို ငှားရမ်းပြီး အထူးပြပွဲများကို ကျင်းပမှုများတွေ့ရပေသည်။ ဥပမာပြရလျှင် အမေရိကန်နိုင်ငံ မတ်ထရိုပိုလီတန် အနုပညာပြတိုက်၊ ဂျာမနီနိုင်ငံ စတုဂတ်မြို့ ဂလင်ဒန်လူသားမျိုးနွယ်စုဆိုင်ရာ ပြတိုက်၊ စင်ကာပူနိုင်ငံ အနုပညာပြတိုက်၊ ကိုရီးယားနိုင်ငံ ဘူဆန်ပြတိုက် စသည့်ပြတိုက်များ၏ အထူးပြပွဲများတွင် မြန်မာနိုင်ငံရှိ ရှားပါးပြီး ထူးခြား ထင်ရှားသည့် ပြသပစ္စည်းများကို ငှားရမ်း၍ ခင်းကျင်းပြသခဲ့ပေသည်။ ထိုသို့ပြုလုပ်ခြင်းသည်လည်း ပြသပစ္စည်းများမှတစ်ဆင့် ပြတိုက်အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုပင် ဖြစ်ပေသည်။

၄။ ၂၀၁၅ ခုနှစ် Theme
"Museums for a Sustainable Society"
"လူ့ဘောင်လောကတည်တံ့မှု၊ ပြတိုက်များက ဂုဏ်ဆောင်ပြု"။

၅။ ၂၀၁၆ ခုနှစ် Theme
"Museum & Cultural Landscapes"
"ပြတိုက်နှင့်ယဉ်ကျေးမှုဆိုင်ရာ ရှုခင်းများ"။




❈ **"အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့" ကို ကမ္ဘာ့နိုင်ငံပေါင်း ၁၂၀ ကျော်မှ ပြတိုက်ပေါင်း ၃၀၀၀၀ ကျော်ခန့်သည် လှိုက်လှိုက်လှဲလှဲ ပါဝင်ဆင်နွှဲခဲ့ကြပါသည်။ အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ၏ အကြံပေးကော်မတီသည် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ အနှစ်သာရ (Theme) တစ်ရပ်ကို နှစ်စဉ်ချမှတ်ပေးလေ့ရှိရာ ၂၀၂၂ခုနှစ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ ဆောင်ပုဒ်မှာ "Power of Museums" "ပြတိုက်များ၏စွမ်းပကား" ပင် ဖြစ်ပါသည်**

၆။ ၂၀၁၇ ခုနှစ် Theme
"Museum & Contested Histories: Saying The Unspeakable in Museums:"
"ယှဉ်ပြိုင်သမိုင်း၊ သိုင်းဝိုင်းပြောကြား၊ ပြတိုက်ထဲက ပစ္စည်းများ"။

၇။ ၂၀၁၈ ခုနှစ် Theme
"Hyper Connected Museums: New approaches, New Public"
"ခေတ်သစ်လူထုဆက်သွယ်ရေး၊ ပြတိုက်အချင်းချင်းဆက်သွယ်ပေး"။

၈။ ၂၀၁၉ ခုနှစ် Theme
"Museums as Cultural Hubs: The Future of Tradition"
"ရိုးရာယဉ်ကျေးမှုအစဉ်အလာများ၏ အနာဂတ်အရေးပြတိုက်များက ဗဟိုပြုဖော်ဆောင်ပေး"
"ရိုးရာဓလေ့တည်တံ့ဖို့ ပြတိုက်ဗဟိုပြုဆောင်ရွက်စို့"

၉။ ၂၀၂၀ ပြည့်နှစ် Theme
"Museums for Equality: Diversity and Inclusion"
"မတူကွဲပြား ခြားနားပါဝင် ညီညွတ်တူယှဉ် ပြတိုက်တစ်ခွင်"။

၁၀။ ၂၀၂၁ ခုနှစ် Theme
"The Future of Museums: Recover and Reimagine"
"ပြတိုက်များ၏ အနာဂတ်ပိုမိုကောင်းမွန်ဖို့ ဂုဏ်ဖော်စို့"။

၁၁။ ၂၀၂၂ ခုနှစ် Theme
"The Power of Museums"
"ပြတိုက်များ၏ စွမ်းပကား"။

မြန်မာနိုင်ငံတွင် "အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့" ကျင်းပရသည့် ရည်ရွယ်ချက်များမှာ -

(၁) မြန်မာနိုင်ငံရှိ ပြတိုက်များ၏ ပြတိုက်လုပ်ငန်းဆိုင်ရာ လုပ်ငန်းများ၏လည်ပတ်မှုစနစ်တွင် အားလုံးတစ်ပြေးညီ ကျင့်သုံးစေရန် ၊
(၂) မကြာခင်ထွက်ပေါ်လာမည့် ပြတိုက်ဥပဒေအတွက် အထောက်အကူဖြစ်စေရန်၊
(၃) မြန်မာနိုင်ငံရှိပြတိုက်များ၏ အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် အဓိကသော့ချက်ဖြစ်သော ဦးတည်ချက်များနှင့် သတ်မှတ်ချက်မူဘောင်များ တစ်ပြေးညီ ချမှတ်ရန်၊
(၄) မြန်မာနိုင်ငံရှိ ပြတိုက်ပညာရပ်ဆိုင်ရာ နယ်ပယ်တွင် နိုင်ငံတကာစံနှုန်းနှင့်ညီသည့် ပြတိုက်ပညာရပ်များ သိရှိတတ်မြောက်အသုံးပြုနိုင်စေရန်၊
(၅) မြန်မာနိုင်ငံ ပြတိုက်များအားလုံး စုဆောင်းပစ္စည်းများ၏ စီမံခန့်ခွဲမှုများတွင် ရေရှည်တည်တံ့သော စနစ်တစ်ခုတည်းသာ ကျင့်သုံးနိုင်ရန်၊
(၆) မြန်မာနိုင်ငံပြတိုက်များ၏ အခန်းကဏ္ဍတွင် ပြတိုက်နယ်ပယ်ရှိ ဦးဆောင်သူများ၏ ခေါင်းဆောင်မှုပိုင်းဆိုင်ရာ စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြတိုက်ပညာရပ်ဆိုင်ရာ နယ်ပယ်အတွင်းရှိ ဝန်ထမ်းများ၏ စွမ်းဆောင်မှုဆိုင်ရာ အရည်အသွေး (Capacity Building) မြှင့်တင်ရန်၊
(၇) ပြတိုက်များကို ပြည်သူလူထုပိုမိုအသုံးပြုလေ့လာနိုင်ရေးအတွက် ပြတိုက်ဘက်များမှ လိုအပ်ချက်များ၊ ကွဲပြားခြားနားချက်များ၊ အကောင်းဆုံးဖြည့်ဆည်းပေးနိုင်သည် ဆိုသည့်အချက်များကို အတွေးသစ်၊ အမြင်သစ်များဖြင့် ပြန်လည်ဆန်းစစ်၍ ဝိုင်းဝန်းဆွေးနွေးအဖြေရှာကာ တစ်ပြေးညီလက်ခံဆောင်ရွက်ရန်၊
(၈) နည်းပညာတိုးတက်လာသည့်အလျောက် ပြတိုက်နယ်ပယ်အသီးသီးရှိ ပြတိုက်ဝန်ထမ်းများ ခေတ်နှင့်အညီ အိုင်တီနည်းပညာကို လေ့လာအသုံးချနိုင်၍ Digital Museum များ ပေါ်ထွန်းလာစေရန် တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့အခမ်းအနားကို ၂၀၁၅ ခုနှစ်တွင် အမျိုးသားပြတိုက်(ရန်ကုန်)နှင့် ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာသင်တန်း အမှတ်စဉ် (၁၃) သင်တန်းသူ သင်တန်းသားများ ပူးပေါင်း၍ အမျိုးသားပြတိုက်(ရန်ကုန်)တွင် ကျင်းပခဲ့ရာ ကလေးများဉာဏ်စမ်းပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ပြတိုက်ပညာရပ်ဆိုင်ရာ ပိုစတာများ၊ ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ ဘွဲ့ယူကျမ်းစာအုပ်များ ခင်းကျင်းပြသခဲ့ပါသည်။

၂၀၁၆ ခုနှစ် ဒုတိယအကြိမ်ကို အမျိုးသားပြတိုက်(ရန်ကုန်)၊ ၂၀၁၇ခုနှစ် တတိယအကြိမ်ကို အမျိုးသားပြတိုက် (နေပြည်တော်)တွင် စာတမ်းဖတ်ပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။ ၂၀၁၈ခုနှစ် စတုတ္ထအကြိမ်ကို အမျိုးသားပြတိုက်(ရန်ကုန်)တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် Museum Forum နှင့် စာတမ်းဖတ်ပွဲကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၉ ခုနှစ် ပဉ္စမအကြိမ်ကို အမျိုးသားပြတိုက် (နေပြည်တော်) တွင် Museum Talk ကျင်းပပြုလုပ်ခဲ့ပါသည်။

**အဋ္ဌမ အကြိမ်မြောက်**

၂၀၂၀ ပြည့်နှစ် ဆဋ္ဌမအကြိမ်နှင့် ၂၀၂၁ သတ္တမအကြိမ်တို့ကို ကိုဗစ် – ၁၉ ရောဂါ ကာလအတွင်း ကမ္ဘာ့ပြတိုက်များ၏ ၉၅ ရာခိုင်နှုန်းမှာ ပိတ်ထားရသည့်အတွက် ယခင်နှစ်များနည်းတူ အခမ်းအနားမဆောင်ရွက်နိုင်ပါ။ သို့ရာတွင် ကိုဗစ် – ၁၉ ရောဂါကာလ အသွားအလာကန့်သတ်ထားသည့်အချိန်တွင် ပြတိုက်များနှင့် ပြည်သူလူထုအကြား ဆက်သွယ်မှုမပြတ်စေရန် မြန်မာနိုင်ငံပြတိုက်များကော်မတီ (ICOM–Myanmar) Page တွင် IMD အထိမ်းအမှတ်အဖြစ် Museum Quiz ဖြေဆိုမှုကို မိမိပြတိုက်များအလိုက် Digital Events အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ အမျိုးသားပြတိုက် (ရန်ကုန်)မှလည်း Online ပန်းချီပြပွဲပြုလုပ်၍ အမျိုးသားပြတိုက် (ရန်ကုန်) ဖေ့စ်ဘွတ်စာမျက်နှာတွင် ပြသခဲ့သလို အမျိုးသားပြတိုက် (နေပြည်တော်) ဖေ့စ်ဘွတ်စာမျက်နှာမှလည်း Digital Museum Activity Online Exhibition ပြသခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ယခု ၂၀၂၂ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့သည် အဋ္ဌမအကြိမ်မြောက် ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အခမ်းအနားအား မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့်အတူ ပါဝင်ကျင်းပရခြင်းမှာ ပြတိုက်များသည် ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများစုဆောင်း၊ ထိန်းသိမ်း၊ ပြသသည့် ပညာပေးဖြန့်ဖြူးရာ ဗဟိုဌာနအဖြစ် တည်ရှိနေသည်ကို ယနေ့လူငယ်များ ပိုမိုသိရှိလာခြင်းဖြင့် ပြတိုက်ကိုချစ်မြတ်နိုးသူများ တိုးပွားလာပြီး အိုင်တီခေတ်တွင် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုများ ခေတ်မီဆန်းပြားစွာ တိုးတက်လာသည်နှင့်အမျှ လူသားတို့၏ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုထွန်းကားစေရေးအတွက် ပြတိုက်များသည် အရေးပါသည့်ကဏ္ဍတွင် ပါဝင်နေသည့် အချက်ကို ပိုမိုသိရှိလာစေပါသည်။


ပြတိုက်များတွင် ပညာပေးရေးလုပ်ငန်းများကို ပျိုးထောင်ခြင်းဖြင့် အနာဂတ်တွင် စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးသော နိုင်ငံသားများပေါ်ထွက်လာစေရန်အတွက် ပြတိုက်များ၏ ကြိုးပမ်းဆောင်ရွက်ချက်ကို နိုင်ငံသူ၊ နိုင်ငံသားများ သိရှိလာစေခြင်းဖြင့် မိမိနိုင်ငံ၏ ယဉ်ကျေးမှု အဆင့်အတန်းကို တန်ဖိုးထားဂုဏ်ယူနိုင်စေရန်ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို ဂုဏ်ပြုရေးသားအပ်ပေသည်။

**ကိုးကား**

**၁။ international museum day (icom), en.m.wikipedia.org**
**၂။ network.icom.museum/international day**
**၃။ ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာသင်ခန်းစာ ပို့ချချက်များ**
**၄။ သီသီသောင်း(မ)၊ ပြတိုက်ပညာ မဟာဝိဇ္ဇာဘွဲ့ကျမ်း၊ ရန်ကုန်၊ (၂၀၁၈)**


# ပန်းအိပ်မက်တို့ကို ရှင်သန်စေသူ စာရေးဆရာမကြီး မစန္ဒာ

တင်တင်ဝင်း (စာပေဗိမာန်)












*(ယမန်နေ့မှအဆက်)*

ဆရာအောင်သင်းကလည်း "မြန်မာဝတ္ထုတိုများတွင်း၌ မစန္ဒာ၏ဝတ္ထုတိုများထဲတွင် "ရေခဲခြစ်နှင့် ရေခဲချစ်" ဝတ္ထုတိုကို ကြိုက်နှစ်သက်သည်။ ထိုဝတ္ထု၏ ထူးခြားချက်မှာ ရေးဟန်သွက်လက် မြူးကြွခြင်း ဖြစ်သည်။ ဝတ္ထု၏ဇာတ်ကောင်ဖြစ်သော လင်မယားနှစ်ယောက်၏ ပဋိပက္ခကို ရေးဖွဲ့ထားပုံမှာ အလွန်ပျော်စရာကောင်းလှသည်။ ကျွန်တော်သဘောကျသောအချက်မှာ ဇာတ်ကောင်စရိုက်နှင့် လိုက်ဖက်သော စကားသံနှင့်အမူအရာ သရုပ်ဖော်မှုဖြစ်သည်။ ဤဝတ္ထုကောင်းခြင်းမှာ ဇာတ်ကောင်များ၏ စရိုက်နှင့်ဘဝများ ပေါ်လွင်ခြင်းကြောင့်ဖြစ်သည်" ဟု ရေးသားခဲ့ပါသည်။

**ဆရာမ၏ စိတ်နေစိတ်ထား**

ကျွန်မတို့က "မမချို" ဟုခေါ်သော ဆရာမ၏ အမည်ရင်းမှာ ဒေါ်ချိုချိုတင် ဖြစ်သည်။ မမချိုနှင့် မရင်းနှီးခင် ကျွန်မတို့မှာ မမချို၏ ဖခင်ကြီး ဦးထွန်းတင် (စာရေးဆရာကြီးမန်းတင်) နှင့် ဦးစွာ ရင်းနှီးခဲ့ရပါသည်။ ဆရာကြီးမန်းတင်မှာ အငြိမ်းစား သံအမတ်ကြီး၊ ပြန်ကြားရေးဌာန အတွင်းဝန်၊ သတင်းနှင့်စာနယ်ဇင်း ဦးဆောင်ညွှန်ကြားရေးမှူး၊ နိုင်ငံတော်ကောင်စီဝင်ဖြစ်ပြီး စာရေးဆရာအဖြစ် ထင်ရှားသူဖြစ်သည်။ စာပေဗိမာန်တွင် အကြံပေး အရာရှိအဖြစ် ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌတာဝန်ကိုလည်း ထမ်းဆောင်သည်။ ထို့ကြောင့် စာပေဗိမာန်ရုံးတွင် ရုံးခန်းရှိသည်။ နေ့စဉ်မဟုတ်သော်လည်း တစ်ပတ်သုံးရက်ခန့် ရုံးလာတတ်သည်။ ထိုချိန်က ဆရာမမှာ "ဂျီဟောသူ"၊ "ငယ်သူမို့ မသိပါ" စသည့် ဝတ္ထုများဖြင့် စတင်ကျော်ကြားနေပြီး ကျွန်မတို့ အသည်းစွဲဆရာမ ဖြစ်နေခဲ့ပြီဖြစ်သည်။ ဆရာကြီးရုံးခန်းသို့ ဆရာမရောက်လာသည့်အခါ သွားရောက်ငေးမောရသည်။

နောက်ပိုင်းတွင် ဆရာမသည် ဖခင်၏ စာပေအမွေကို ဆက်ခံကာ စာပေဗိမာန်၏ မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လာသည်။ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်၊ ပခုက္ကူဦးအုံးဖေစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် စာပေဗိမာန်ရုံးသို့ မကြာခဏရောက်ခဲ့သည်။ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဗဟိုအမှုဆောင်ကော်မတီဝင်ဖြစ်လာသောအခါ ပို၍ အရောက်အပေါက်များလာခဲ့သည်။ ဗိသုကာပညာနှင့် စာပေအနုပညာကို တစ်ပြိုင်တည်းအောင်မြင်စွာ ဆောင်ရွက်နေသူအဖြစ် လေးစားအားကျခဲ့ရသည်။ ဆရာမကိုယ်တိုင်လည်း စာရေးဆရာမဘဝကို မြတ်နိုးကာ ဗိသုကာဘဝကိုလည်း တန်ဖိုးထားသည်ဟု ဆိုပါသည်။

> ❀ **ဆရာမ၏စာများမှတစ်ဆင့် ဆရာမ၏ နှလုံးသားနှင့် စေတနာကို မြင်ဖူးခဲ့သည်။ လူနှင့် ဝန်းကျင်အပေါ် စာနာစိတ်နှင့်အတူ ကောင်းမွန်သော လူ့အဖွဲ့အစည်းအဖြစ် တည့်မတ်စေရန် ကြိုးပမ်းအားထုတ်မှုကို သူ၏စာပေလက်ရာများမှတစ်ဆင့် ထင်လင်းစွာ တွေ့ရ**
>
> ❀ **မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံစာရေးဆရာအသင်းတို့တွင် ဗဟိုအမှုဆောင်ကော်မတီဝင်မှ ဥက္ကဋ္ဌနေရာအထိ တာဝန်ထမ်းဆောင်ခဲ့ရာ ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်တတ်သူဖြစ်**

ဆရာမ၏စာများမှတစ်ဆင့် ဆရာမ၏ နှလုံးသားနှင့် စေတနာကို မြင်ဖူးခဲ့သည်။ လူနှင့် ဝန်းကျင်အပေါ် စာနာစိတ်နှင့်အတူ ကောင်းမွန်သောလူ့အဖွဲ့အစည်းအဖြစ် တည့်မတ်စေရန် ကြိုးပမ်းအားထုတ်မှုကို သူ၏စာပေလက်ရာများမှတစ်ဆင့် ထင်လင်းစွာ တွေ့ရသည်။ လူချင်းခင်မင်ခွင့်ရသောအခါ ဆရာမ၏ ဖြူစင်ပွင့်လင်းသော စိတ်နေစိတ်ထား၊ ရိုးသားဖြောင့်မတ်မှုနှင့်အတူ ပတ်ဝန်းကျင်ကို ကူညီစောင့်ရှောက်လိုသည့် မေတ္တာပြည့်ဝသူအဖြစ် လေးစားရသည်။

မမချိုနှင့် စာပေအဖွဲ့အစည်းများ၊ အစည်းအဝေးများတွင် တွဲဖက်ဆောင်ရွက်ခဲ့ရာမှ ဆရာမ၏ စိတ်နေစိတ်ထားကို သိမြင်လာခဲ့ရသည်။ အဆောက်အအုံသစ်ကြီးတစ်ခုတွင် စာပေဆိုင်ရာ အစည်းအဝေးတစ်ခုကျင်းပရာ "အဲဒါ မမဆွဲတဲ့ ဒီဇိုင်းပေါ့" ဟု အသံတိုးတိုးဖြင့် ပြောပြဖူးသည်။ ဆရာမသည် ခင်ပွန်းဖြစ်သူ ဗိသုကာဦးစန်းမောင်နှင့် တွဲဖက်၍ ဒဂုန်စင်တာ၊ ပုလဲကွန်ဒို၊ ဝါဝါဝင်း တာဝါ၊ ထွန်းဖောင်ဒေးရှင်းဘဏ်အပါအဝင် အခြားအဆောက်အအုံများစွာကို ဒီဇိုင်းရေးဆွဲခဲ့သူ ဖြစ်သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် ဂျပန်နိုင်ငံ၊ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ SVA တို့ ပူးတွဲ၍ ကလေးစာပေဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ဆရာမလည်း ပါဝင်တက်ရောက်သည်။ အလုပ်ရုံဆွေးနွေးပွဲအတွင်း ဆရာမသည် အခြားလူငယ်များနည်းတူ ကိုယ်တိုင်ဇာတ်လမ်းရေး၊ ကိုယ်တိုင်သရုပ်ဖော်ပြီး ပြန်လည်တင်ဆက်သည်။ သင်တန်းဆင်းပွဲ၌ ဆရာမက "အခုလို ကလေးစာပေသင်ကြားခွင့်ရတာ (SVA) ကို ကျေးဇူးတင်မိတယ်။ တကယ်တော့ ကျွန်မအတွက် ကလေးစာပေ ဖန်တီးရတာဟာ ဝတ္ထုရေးရတာထက် ပိုပြီး ခက်တယ်၊ ကြိုးစားပြီး ကလေးစာပေတွေရေးနိုင်ဖို့ ကြိုးစားပါဦးမယ်" ဟု ပြောကြားခဲ့သည်ကို အမှတ်ရမိသည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံစာရေးဆရာအသင်းတို့တွင် ဗဟိုအမှုဆောင်ကော်မတီဝင်မှ ဥက္ကဋ္ဌနေရာအထိ တာဝန်ထမ်းဆောင်ခဲ့ရာ ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်တတ်သူဖြစ်သည်။ စာဆိုတော်နေ့ သက်ကြီးပူဇော်ပွဲအခမ်းအနားတွင် ဧည့်ခံကျွေးမွေးရေးဥက္ကဋ္ဌ တာဝန်ဖြင့် မြို့တော်ခန်းမ မြက်ခင်းပြင်တွင် မုန့်ဟင်းခါးဖြင့် ဧည့်ခံရာနေရာသို့ မိုးမလင်းမီရောက်နှင့်နေပြီး ဖြစ်သည်။

စာပေဆုရွေးချယ်ရေးအဖွဲ့များတွင်လည်း မိမိဘာသာရပ်တွင် တိကျစွာ စိစစ်ရွေးချယ်၏။ ဆန္ဒဂတိ၊ ဘယာဂတိ ကင်းစွာဆုံးဖြတ်တတ်သကဲ့သို့ မိမိရွေးချယ်မှုအပေါ် အပြည့်အဝ တာဝန်ယူတတ်သူဖြစ်သည်။ မရမကတောင်းခံသော မဂ္ဂဇင်းစာမူများကို အချိန်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိမိ၏ များပြားလှသော တာဝန်များအတွင်းမှ မဖြစ်ဖြစ်အောင် ရေးပို့တတ်၏။

ဆရာမသည် ဘဝသရုပ်ဖော်ဖွဲ့၊ မေတ္တာဖွဲ့ ဝတ္ထုများကို ရေးသားရာတွင် မိမိ၏အတွေ့အကြုံ၊ အဖြစ်အပျက်များကို အခြေခံ၍ ရေးသားလေ့ရှိသည်ဟု ထင်မိပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြင်ပတွင်လည်း မိမိ၏ မိဘမောင်နှမ မိသားစုများနှင့် စည်းလုံးပျော်ရွှင်စွာ နေထိုင်လေ့ရှိသကဲ့သို့ မိတ်ဆွေသူငယ်ချင်းများအပေါ်တွင် ပြုံးရွှင်သောမျက်နှာဖြင့် ရင်းနှီးနွေးထွေးစွာ ပေါင်းသင်းဆက်ဆံသူ ဖြစ်ပါသည်။ မိတ်ဆွေများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းကူညီတတ်သူဖြစ်သဖြင့် စာရေးဆရာအသိုင်းအဝိုင်းက ကြီးငယ်မဟူ ဆရာမကို လေးစားချစ်ခင်ကြပါသည်။ မိမိ၏ စာဖတ်ပရိသတ်ကိုလည်း တန်ဖိုးထားသူ ဖြစ်ပါသည်။

အမျိုးသားစာပေတစ်သက်တာစာပေဆု ချီးမြှင့်ခံရမှုနှင့်ပတ်သက်၍ ဆရာမကို ကြေးမုံသတင်းစာက တွေ့ဆုံမေးမြန်းရာတွင် –

"တစ်သက်တာ စာပေဆုဆိုတာ ကိုယ်တစ်သက်လုံး နှစ်ပေါင်းများစွာ ရေးသားခဲ့တဲ့ စာတွေအပေါ်မှာ အကဲဖြတ်ပြီး ရွေးချယ်တာဖြစ်လို့ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ တိုင်းပြည်လည်း အေးချမ်းမယ်၊ ပြည်သူအများလည်း ကျန်းမာပျော်ရွှင်နေကြမယ်ဆိုရင်တော့ ပိုပြီး ပျော်ရွှင်မိမှာပါ။ စာပေနဲ့ပတ်သက်လို့ကတော့ လူငယ်တွေမကဘဲ လူကြီးတွေပါ အားလုံးစာဖတ်ကြပါလို့ ပြောချင်ပါတယ်။ ကျွန်မ ကြားဖူးတာက ကံချင်းတူရင် ဉာဏ်ရှိတဲ့သူက သာတယ်၊ ကံနဲ့ဉာဏ်တူရင် ဝီရိယရှိတဲ့သူက သာတယ်၊ ကံဉာဏ် ဝီရိယတူရင် စာဖတ်တဲ့သူက သာတယ်တဲ့။ စာကြည့်တိုက်တွေနဲ့ အင်တာနက်ကို အကျိုးရှိရှိ အသုံးချသူများလာရင် ကျွန်မတို့ တိုင်းပြည် အများကြီးတိုးတက်လာမှာပါ" ဟု မှတ်သားဖွယ် ပြောကြားခဲ့ပါသည်။

ဆရာမသည် ခင်ပွန်းဖြစ်သူ ဗိသုကာ ဦးစန်းမောင်၊ သားသမီးများ၊ မောင်နှမများနှင့်အတူ အမှတ် ၁၇၃၊ ကျွန်းရွှေမြိုင်လမ်း၊ ၂၃ ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိပါသည်။

ယခုအခါ ဆရာမသည် အသက် ၇၅ နှစ်အရွယ် စာရေးသက် နှစ် ၆၀ နီးပါးရှိပြီ ဖြစ်သော်လည်း ဆရာမ မစန္ဒာ၏ လက်ရာများမှာ ယခုတိုင် စာဖတ်ပရိသတ်၏ရင်ထဲတွင် နုပျိုလင်းလက်ဆဲ ဖြစ်ပါသည်။ ဆရာမ၏ ဝတ္ထုရှင်ခုန်သံများမှတစ်ဆင့် ဘဝအမောကို နှစ်သိမ့်အားဖြည့်နေကြရဆဲ ဖြစ်ပါသည်။ ချစ်ခင်လေးစားရသော ဆရာမ မစန္ဒာ အသက်ရာကျော်ရှည်လျက် စာပေမြတ်နိုးသူများအတွက် စိတ်ခွန်အားဖြည့်ဝတ္ထုများ ဆက်လက်ရေးဖွဲ့နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် ဂုဏ်ပြုရေးသားအပ်ပါသည်။

**ကိုးကားသည့်စာအုပ်စာရင်း**

၁။ ဝတ္ထုရှည်စာတမ်းများ၊ ၂၀၂၁၊ စာပေဗိမာန်

၂။ စာရေးဆရာမ မစန္ဒာ စာစုစာရင်း (၁၉၆၅–၂၀၀၇)၊ မမာလာမျိုးမြတ်၊ ၂၀၀၉

၃။ ဆရာမ မစန္ဒာ ရေးသားခဲ့သောစာအုပ်များ

## ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရွှေသရိုးဖတ်များ ကွာကျ

ကျိုက်ထို မေ ၁၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်တွင် မေ ၁၆ ရက် နံနက် ၂ နာရီခွဲတွင် မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးပစ်သံများ ကြားခဲ့ရ၍ ယင်းနေ့နံနက် ၇ နာရီခန့်တွင် ရင်ပြင်တော်ကျောင်းတိုက် ဆရာတော် ဉူးနန္ဒမာလာ၊ အမှတ် (၂၂) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲမှူး ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများသည် ရင်ပြင်တော် အနီး ပတ်ဝန်းကျင်များသို့ လိုက်လံစစ်ဆေးခဲ့ရာ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်တည်ထားရာ ကျောက်လုံးတော်ကြီး အောက်တွင် ပြန့်ကျဲနေသည့် ရွှေသရိုးဖတ် ခြောက်လက်မ ခန့် ကွာကျသွားကြောင်း သိရသည်။

အဆိုပါကွာကျသွားသော ရွှေသရိုးဖတ်များကို ရာသီဉတု ကောင်းမွန်ချိန်တွင် အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

## ပညာရေးဝန်ကြီးဌာန

**“၂၀၂၂ -၂၀၂၃ ပညာသင်နှစ်”**

**ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ**

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်း မပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှု ပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ (Face Shield) တပ်ဆင်ရန်။
- ❖ လက်ကို ရေနှင့် ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀) ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန်။
- ❖ လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများမကိုင်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

**အိမ်ပြင်ပသို့ ထွက်ခွာချိန်တွင်<br>ထွန်းသော<br>မီးများကို<br>နေ့အလင်းရောင်<br>ရှိချိန်တွင်<br>ပိတ်ထားခြင်းဖြင့်<br>လျှပ်စစ်ကို<br>ချွေတာပါ**




## ဈေးဆိုင်ခန်း အခွန်ထမ်းအမည်လွှဲပြောင်းခြင်းအား ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

၁။ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနပိုင် မြို့မဈေး၊ လားရှိုးကြီးဈေးနှင့် မန်ဆူဈေးရှိ အောက်ဖော်ပြပါ ဈေးဆိုင်ခန်းရှင်များမှ ဆိုင်ခန်းအခွန်ထမ်းအမည်လွှဲပြောင်းခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသည်-

၂။ အထက်ပါလျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်အတူ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနသို့ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားလာသည့်အတိုင်း ဆိုင်ခန်းအခွန်ထမ်းအမည်လွှဲပြောင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | ဈေးအမည် | ဆိုင်ခန်းအမှတ် | မူလဆိုင်ခန်းပိုင်ရှင် | | | အသစ်ပြောင်းလဲမည့်ဆိုင်ခန်းပိုင်ရှင် | | |
|---|---|---|---|---|---|---|---|---|
| | | | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ |
| ၁ | မြို့မဈေး | ၂/၂၉၈၊ ၂၉၉ | ဒေါ်ရွှေမြင့် | ၁၃/လရန(နိုင်)၀၈၃၈၁၇ | ရ.က(၅)၊ န.မ(၈)၊ လားရှိုးမြို့ | ဒေါ်လှကြည် | ၁၃/လရန(နိုင်)၀၃၄၀၅၉ | ရ.က(၁၂)၊ န.မ(၈)၊ လားရှိုးမြို့ |
| ၂ | မြို့မဈေး | ဂ-၁/၁၃ | ဒေါ်ရီရီဝင်း | LSO-၂၀၅၉၈၂ | ရ.က(၅)၊ န.မ(၁၆)၊ လားရှိုးမြို့ | ဒေါ်သီတာ<br>ဒေါ်ယုယုလွင် | ၁၃/လရန(နိုင်)၀၀၀၅၂၇<br>၁၃/လရန(နိုင်)၀၀၅၂၂၁ | ရ.က(၃)၊ န.မ(၁)၊ လားရှိုးမြို့ |
| ၃ | မြို့မဈေး | ၃(ပ)/၂၀၀ | ဒေါ်ဆင်ရွှမ် | ၁၃/လရန(နိုင်)၁၀၅၂၁၆ | ရ.က(၇)၊ န.မ(၅)၊ လားရှိုးမြို့ | ဒေါ်ထင်ထင် | ၁၃/လရန(နိုင်)၁၃၈၀၀၄ | ရ.က(၁၂)၊ န.မ(၁၈)၊ လားရှိုးမြို့ |
| ၄ | မြို့မဈေး | ၂/၁၂၇၊ ၁၃၄ | ဦးခင်မောင်သန်း | ၁၃/လရန(နိုင်)၀၂၄၈၃၃ | ရ.က(၃)၊ န.မ(၁)၊ လားရှိုးမြို့ | ဒေါ်အိသိမ့်သိမ့်ဝင်း | ၁၃/လရန(နိုင်)၁၁၁၀၃၅ | ရ.က(၈)၊ န.မ(၁)၊ လားရှိုးမြို့ |
| ၅ | မြို့မဈေး | ၃/၂၄၇ | ဦးဟိန်းနိုင်စိုး | ၁၃/လရန(နိုင်)၁၉၆၇၆၁ | ရ.က(၁၀)၊ န.မ(၇)၊လားရှိုးမြို့ | ဒေါ်ရွှေလှရင် | ၁၃/လရန(နိုင်)၂၂၀၇၁၃ | ရ.က(၄)၊ န.မ(၁၆)၊ လားရှိုးမြို့ |
| ၆ | မြို့မဈေး | ၁/၃၇ | ဒေါ်ဟောင်ဝင်ဟွန် | ၁၃/လရန(နိုင်)၀၉၁၆၂၇ | ရ.က(၅)၊ န.မ(၇)၊ လားရှိုးမြို့ | ဦးကျော်ငွေး | ၁၃/လရန(နိုင်)၀၉၄၃၆၂ | ရ.က(၅)၊ န.မ(၇)၊ လားရှိုးမြို့ |
| ၇ | မြို့မဈေး | ငါးရုံ/၇ | ဒေါ်သန်းသန်းဝင်း | ၉/အမရ(နိုင်)၀၈၁၇၃၇ | ရ.က(၁)၊ န.မ(၇)၊ လားရှိုးမြို့ | ဒေါ်ခင်ဝင်းတင့် | ၉/မနမ(နိုင်)၀၀၂၇၁၅ | ရ.က(၂)၊ န.မ(၁)၊ လားရှိုးမြို့ |
| ၈ | မြို့မဈေး | ၃/၁၀ | ဦးကိုလေး | ၁၃/လရန(နိုင်)၀၉၀၀၀၁ | ရ.က(၂)၊ န.မ(၆)၊ လားရှိုးမြို့ | ဦးကျော်နိုင် | ၁၃/လရန(နိုင်)၂၁၃၇၇၃ | ရ.က(၇)၊ န.မ(၇)၊ လားရှိုးမြို့ |
| ၉ | မြို့မဈေး | ၄/၉၂ | ဦးချစ်ရွှေ | ၁၃/လရန(နိုင်)၀၈၁၅၇၅ | ရ.က(၅)၊ န.မ(၁၃)၊ လားရှိုးမြို့ | ဒေါ်နှင်းနှင်းမွန် | ၁၃/လရန(နိုင်)၂၃၀၁၄ | ရ.က(၅)၊ န.မ(၅)၊ လားရှိုးမြို့ |
| ၁၀ | လားရှိုးကြီးဈေး | ၅/၁၅၊ ၃၀ | ဦးဂျိန်းရင်ဆိုက် | ၁၃/လရန(နိုင်)၀၉၈၄၃၆ | ရ.က(၁၂)၊ န.မ(၁၇)၊ လားရှိုးမြို့ | ဒေါ်တွမ်ကျီဖူး | ၁၃/လရန(နိုင်)၁၆၄၈၂၉ | ရ.က(၁၂)၊ န.မ(၇)၊ လားရှိုးမြို့ |
| ၁၁ | လားရှိုးကြီးဈေး | ၆/၄ | ဦးလီဆုံကွမ်း | ၁၃/သနန(နိုင်)၀၂၀၅၆၀ | ရ.က(၁၂)၊ န.မ(၃)၊ လားရှိုးမြို့ | ဦးထိုင်းကွယ် | ၁၃/သနန(နိုင်)၀၂၀၅၆၁ | ရ.က(၁၂)၊ န.မ(၃)၊ လားရှိုးမြို့ |
| ၁၂ | လားရှိုးကြီးဈေး | B/၂၂ | ဒေါ်လန်ဂျောင်း | ၁၃/သနန(နိုင်)၀၁၄၁၉၇ | ရ.က(၁၂)၊ န.မ(၁၂)၊ လားရှိုးမြို့ | ဒေါ်ဟွယ်စီ | ၁၃/လရန(နိုင်)၁၀၁၅၇၁ | ရ.က(၁၂)၊ န.မ(၁၉)၊ လားရှိုးမြို့ |
| ၁၃ | လားရှိုးကြီးဈေး | B/၄၀ | ဒေါ်ခွမ်းဟွေဖန် | ၁၃/လရန(နိုင်)၀၆၃၆၀၀ | ရ.က(၁၂)၊ န.မ(၆)၊ လားရှိုးမြို့ | ဒေါ်စိန်လွင် | ၁၃/လရန(နိုင်)၁၁၇၀၉၂ | ရ.က(၁၂)၊ န.မ(၆)၊ လားရှိုးမြို့ |
| ၁၄ | မန်ဆူဈေး | A/၂၈၊ ၂၉ | ဒေါ်အားမေ | ၁၃/လရန(နိုင်)၀၉၂၉၈၆ | ရ.က(၁၂)၊ န.မ(၁၉)၊ လားရှိုးမြို့ | ဒေါ်ဆိုက်ချင် | ၁၃/လရန(နိုင်)၁၆၅၁၅၂ | ရ.က(၁၂)၊ န.မ(၁၉)၊ လားရှိုးမြို့ |
| ၁၅ | မန်ဆူဈေး | SH-H ၆၊ ၇၊ ၈၊ ၉ | ဦးမြင့်လွင် | ၁၃/ကခန(နိုင်)၀၁၀၀၀၉ | ရ.က(၃)၊ န.မ(၉)၊ လားရှိုးမြို့ | ဦးကျော်စွာလွင် | ၁၃/လရန(နိုင်)၁၀၄၀၁၂ | ရ.က(၃)၊ န.မ(၉)၊ လားရှိုးမြို့ |

**လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာန**

### “၂၀၂၂ - မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ မကြာမီထုတ်ချေးပေးတော့မည်” မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားကြီးများသို့ အသိပေးကြေညာချက်

၁။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လုပ်ကွက်ငယ် တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ် အရင်းအနှီးများရရှိစေရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိရာ တောင်သူလယ်သမားများကလည်း သီးနှံပေါ်ချိန်တွင် ချေးငွေများ အချိန်မီ ပြန်လည်ပေးဆပ်ခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်နှင့် တောင်သူများအကြား နှစ်ဦးနှစ်ဖက် အပြန်အလှန် တာဝန်ကျေပွန်စွာ ဆောင်ရွက်လျက်ရှိပါသည်။

၂။ စိုက်ပျိုးစရိတ်ချေးငွေများကို စိုက်ပျိုးရာသီအလိုက် ထုတ်ချေးပေးလျက်ရှိရာ အချိန်စေ့ချေးငွေများဖြစ်သော ၂၀၂၀ မိုးချေးငွေနှင့် ၂၀၂၁ မိုးချေးငွေ အရင်း၊ အတိုး ပြေကျေစွာ ပေးဆပ်ပြီးသည့် တောင်သူများသို့ ၂၀၂၂ မိုးချေးငွေများအား ၂၀၂၂ ခုနှစ်၊ မေလ တတိယပတ် (၁၆-၅-၂၀၂၂) ရက်မှစ၍ သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ် ဘဏ်ခွဲများတွင် စတင်ထုတ်ချေးပေးမည်ဖြစ်ပါသည်။ ယခင်ချေးငွေများ ပြေကျေစွာ ပေးဆပ်လာသူ တောင်သူများကိုလည်း ၂၀၂၂ မိုးရာသီချေးငွေသစ်များကို ဆက်လက် ထုတ်ချေးပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ယခင်ချေးငွေများ ပြေကျေစွာပေးဆပ်ပြီးသော တောင်သူလယ်သမားများအနေဖြင့် ၂၀၂၂ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ် ဘဏ်ခွဲများနှင့် အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

### ရေချွေတာရေး နည်းလမ်းများ

- ❆ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။<br>ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ❆ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။<br>ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။

### အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးစံပြကျေးရွာ၊ ရွာမ(၂)၊ ဘုရင့်နောင်ရပ်ကွက်ရှိ ဦးထွန်းမြင့်နှင့် ဒေါ်သက်သက် တို့ပိုင်ဆိုင်သော မြေဧရိယာ(၁.၅၀)ကေအား ကျွန်တော်/ကျွန်မတို့၏ ဖခင် ဦးသက်မှူးမှ ၂၀၀၆ ခုနှစ်ကတည်းက ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအချိန်တွင် ဖခင် ဦးသက်မှူးမှာ ကွယ်လွန်သွားပြီဖြစ်သောကြောင့် အထက်အဆိုပါ မြေနေရာအား တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသူများ ဖြစ်ကြသည့် သားသမီး အရင်းအချာများဖြစ်ကြသော ကျွန်တော်/ကျွန်မတို့မှသာ ဆက်လက်ပိုင်ဆိုင်သည့် မြေနေရာဖြစ်သောကြောင့် ကျွန်တော်/ကျွန်မတို့ သိရှိခြင်း မရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းသုံးစွဲခြင်း၊ ကျူးကျော်ဝင်ရောက် နေထိုင်ခြင်းများ မပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်မှုများအား ဦးသက်မှူး၏ တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်စိုးစံ ၁၂/အစန(နိုင်) ၀၆၅၉၀၄၊ ဒေါ်ရွှေစင်ဝင်း ၁၂/အစန(နိုင်) ၀၆၅၁၃၈**
**ဦးရဲမာန်သက် ၁၂/အစန(နိုင်)၁၈၀၈၀၅**
**အမှတ်(၆၈၆/ခ)၊ (၉)လမ်းမြောက်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၀၃၁၅၉**

### “ကိုဗစ် - ၁၉ အထူးချေးငွေ ပေးဆပ်ရန်ကာလကို ( ၃၀ - ၉ - ၂၀၂၂ ) ရက်သို့ ပြင်ဆင်တိုးမြှင့်သတ်မှတ်”

ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် တောင်သူဦးကြီးများသို့ ထုတ်ချေးပေးထားသည့် ကိုဗစ်အထူးချေးငွေကို တောင်သူများ စိုက်ပျိုးရေးတွင် အရင်းအနှီးတစ်ရပ်အဖြစ် ဆက်လက်သုံးစွဲပြီး ဝင်ငွေတိုးတက်ရှာဖွေနိုင်ရေးအတွက် ချေးငွေပြန်လည်ပေးဆပ်ရန်ကာလကို ( ၃၁ - ၃ - ၂၀၂၂ ) ရက် အစား **၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်အထိ** တတိယအကြိမ် ပြင်ဆင်တိုးမြှင့်ပေးမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၈-၂၀၂၂ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၇-၅-၂၀၂၂ ရက်နေ့မှ ၁၅-၆-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာအဋ္ဌမတန်းအောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက[တပ်သား အခြေခံလစာ (၁၅၀၀၀၀)ကျပ်နှင့် M.H.R.A (၁၀၀၀၀)ကျပ်၊ စုစုပေါင်း (၁၆၀၀၀၀)ကျပ်] ခံစားခွင့် ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်း တပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး၊ သင်တန်းဆင်းပြီး သတ်မှတ်ချက် ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## စိုက်ပျိုးရေးတက္ကသိုလ် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကျင်းပမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်ခြင်း

စိုက်ပျိုးရေးတက္ကသိုလ်၏ (၂၃)ကြိမ်မြောက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ ပူဇော်ကန်တော့ပွဲကို Virtual + Face to Face(Hybrid) Event အစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေး၊ ရပ်နီးမှ ကျောင်းဆင်းဘွဲ့ရတပည့်များ တက်ရောက်နိုင်ပါရန် ဖိတ် ကြားအပ်ပါသည်။

**နေ့ရက်** - ၂၁-၅-၂၀၂၂ရက်(စနေနေ့)

**အချိန်** - နံနက် ၈ နာရီ

**နေရာ** - နေပြည်တော်၊ နဝရတ်ခန်းမ၊ စိုက်ပျိုးရေး သုတေသနဌာန(DAR)၊ ရေဆင်း
ရန်ကုန်၊ တိုင်းဒေသကြီးမျိုးစေ့ဌာနခွဲ၊ ကြို့ကုန်း၊ အင်းစိန်
မန္တလေး၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန

Face to Face အစီအစဉ်ဖြင့် တက်ရောက်မည်ဆိုပါက ကျန်းမာရေးနှင့် လုံခြုံရေးအတွက် ရည်ရွယ်၍ နေရာအလိုက် သက်ဆိုင်ရာ ဌာနများထံသို့ ကြိုတင်ဆက်သွယ်နိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အောက်ဖော်ပြပါ Facebook Link မှလည်း Live streamingထုတ်လွှင့်သွားမည် ဖြစ်ပါသည်-

**အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ အာစရိယပူဇော်ကန်တော့ပွဲ စိုက်ပျိုးရေးတက္ကသိုလ်**

**https://www.facebook.com/profile.php?id=100080725824935**

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၈၈-ခ/၇)၊ လူနေရပ်ကွက်အမှတ် (နတ်ရေကန်)၊ မြေကွက်အမှတ် ၇၅(က)+၇၇(က)+၈၇(က)၊ ဧရိယာ(၀ဒသမ၂၈၅)ဧကရှိ မြေကွက်သည် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြမြေယာစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မာလာဝင်း ၁၂/မရက(နိုင်)၁၀၈၅၇၁ အမည်ဖြင့် (၁၀) နှစ်မြေငှားဂရန် ချ ထားပေးသော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့် အဆောက်အအုံအား အမည်ပေါက် ဒေါ်မာလာဝင်းကိုယ်တိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေအဆောက်အအုံနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသည့် အထောက်အထား၊ ပိုင်ဆိုင်မှုမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက မြေနှင့်အဆောက်အအုံအရောင်းအဝယ်အား ဥပဒေနှင့်အညီ ငွေဆက်လက်ပေးချေသွားပြီး ပိုင်ရေးဆိုင်ခွင့်ကိစ္စများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမူ(LL.B,D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၃)(၁၀-၅-၂၀၁၂)**
**တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၁၃၉၉၁**

## ဖြန့်ဖြူးသူပြောင်းလဲကြောင်းအသိပေးကြေငြာခြင်း

ပြည်ပထုတ်လုပ်သူ UPL Limited, India . မှ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးကို ပြည်တွင်းမူလ ဖြန့်ဖြူးသည့် Aventine Limited မှ Myanmar Arysta LifeScience Co.,Ltd သို့ ဖြန့်ဖြူးသူအမည် ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူး ရောင်းချသွားမည် ဖြစ်ပါသည်-

| စဉ် | ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်းအမျိုးအစား | မှတ်ပုံတင်အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁။ | Acemida 51.8% SP | Acephate 50% + Imidacloprid 1.8% SP | Full | F 2017-1272 |

သို့ဖြစ်ပါ၍ အဆိုပါ ဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့ သို့ ဤကြေငြာပါသည့်နေ့မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Aventine Limited
No. 9(C1), Yawmingyi Street, Dagon Township, Yangon, Myanmar
+95 1 373388

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် FF/8488,Nissan Wingroad S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်ထွန်း ၁၃/ဟပတ(နိုင်)၀၀၀၀၃၅ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ဖြည့်စွက်ဖတ်ရှုပါရန်

၂၈-၂-၂၀၂၂ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၁) ငြင်းချက်ထုတ်ရန် ဆင့်စာ ကြော်ငြာတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမှတ် ၂(ဆ)၊ မြချမ်းသာ ၇၇၇ ကုမ္ပဏီလီမိတက်ပိုင်ရှင် ၁၉လမ်း၊ ၅၇ ၅၈လမ်းကြား အကွက်(၄၈)၊ အနိုပ်တော်ရပ်နေ အစား **အနိုပ်တော်ရပ်နေ ဒေါ်နီနီအောင်** ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5R/6492 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်လှိုင် ၁၃/လရန(နိုင်)၀၂၈၂၃၈ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ပဒေသာ၊ အမှတ်(၇/၁၂)၊ မြေအကျယ်အဝန်း(၄၀x၃၀)ပေရှိ မြေအား ဦးခင်မောင်ဆွေ ၉/မမန(နိုင်) ၀၇၇၅၄၆မှ ပြင်ဦးလွင်မြို့၊ မြို့မြေနေရာချထားရေးကော်မတီ၏ (၇-၁၀-၂၀၁၄)ရက်စွဲပါ အမိန့်အမှတ်စဉ်(၂၂၁၆)အရ ပိုင်ဆိုင်ထားပြီး ဦးခင်မောင်ဆွေမှ ပြင်ဦးလွင်မြို့ မှတ်ပုံတင်စာချုပ်စာတမ်းရုံး၏ (၂-၉-၂၀၁၄)ရက်စွဲဖြင့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၅၃/၂၀၁၄)အရ လွှဲအပ်ထားသူ ဒေါ်မိမိငယ် ၉/ပဥလ(နိုင်)၀၄၄၇၃၅ထံမှ ဒေါ်စန်းစန်းလှိုင် ၉/ မရမ(နိုင်) ၀၄၅၁၀၄က အထက်ဖော်ပြပါ အိမ်နှင့်မြေအားဝယ်ယူပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်သီဟ (LL.B) (စဉ်-၁၅၁၈၆/၂၀၁၈)**

**ဦးမျိုးကိုကို(LL.B) (စဉ်-၁၆၄၁၃/၂၀၁၉)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(ဆ/၆၈)၊ခွာညိုလမ်းသွယ်(၃)၊ ရပ်ကွက်ကြီး(၁၀)၊ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၄၃၂၀၁၇၆၁၊ ၀၉-၇၈၄၃၂၀၁၇၆၊ ၀၉-၂၅၆၀၁၉၃၇၀**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/6416,Toyota Caldina ST 210 Station Wagon(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စန်းမြင့် ၉/ပသက(နိုင်)၀၆၀၂၁၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## အမည်မှန်

လင်းခေးမြို့နယ်၊ တောင်ရွာ ရပ်ကွက်၊ ခိုင်ရွှေလမ်းနေ ဦးအောင်စိန်၏သမီး မေသိန်းဖြူ၏ အမည်မှန်မှာ မမေဖြူသိန်း ဖြစ်ပါကြောင်း။

**မမေဖြူသိန်း**

### ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၅-၂၀၂၂ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၆)ပါ ကန့်ကွက်နိုင်ပါကြောင်း မရမ်းကုန်းမြို့နယ်၊ ဦးဗိုလ်သန်းအမည်ပေါက်သည့် ကြော်ငြာတွင် အထက်တန်းရှေ့နေ ဦးအောင်ကြည်ဝင်း ၏ ဖုန်း နံပါတ် ၀၉၄၂၁၀ ၃၄၇၂၄ အစား ၀၉၄၂၁၀၃၄ ၇၄၂ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ပတ်စ်ပို့ ပျောက်**

ကျွန်တော် မောင်သန့်ဇင် ၈/မလန(နိုင်)၀၈၁၇၃၇ ၏နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ် သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆၃၂၀၆၆၇**

## စာအုပ်စာပေ လူ့မိတ်ဆွေ

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/9769 ယာဉ် လက်ဝယ်ရှိသူ ဦးချစ်ဇော်နိုင် ၁၂/ပဇတ(နိုင်)၀၄၀၄၀၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (လွိုင်ကော်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/3294,Toyota PRENIO ZZT240, Saloon (4x2) ယာဉ် လက်ဝယ်ရှိသူ ဦးဇော်ထွေး ၁၂/ဥကတ(နိုင်)၁၃၁၆၈၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင် လုံသော အထောက် အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက် ဖော် ပြပါရုံးသို့ လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

## ကျန်းမာရေးဝန်ကြီးဌာန မွန်ပြည်နယ်ကုသရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါကြော်ငြာခေါ်ယူခြင်း

၂၀၂၂-၂၀၂၃ခု ဘဏ္ဍာရေးနှစ်အတွက် မွန်ပြည်နယ်ကုသရေးဦးစီးဌာန၊ ခရိုင်/မြို့နယ် ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် လိုအပ်သော FDAအသိအမှတ်ပြုဆေးဝါးများ ဝယ်ယူရန်အတွက် လိုင်စင်ရ ဆေးကုမ္ပဏီ/ဆေးဆိုင်များ အနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်ကုသရေးဦးစီးဌာနရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၀-၅-၂၀၂၂ရက်

**တင်ဒါပိတ်မည့်ရက်** - ၂-၆-၂၀၂၂ရက်

**တင်ဒါပိတ်မည့်အချိန်** - ညနေ ၄:၃၀နာရီ

**ဆက်သွယ်ရမည့်ဖုန်း** - ၀၅၇-၂၇၁၈၇၊ ၀၅၇-၂၁၉၈၆၊ ၀၅၇-၂၇၃၀၈

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မွန်ပြည်နယ်ကုသရေးဦးစီးဌာန**

## ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၂-၂၀၂၃) ဘဏ္ဍာနှစ်၊ တောင်ငူမြို့၊ ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသမှုခံယူကြသည့် လူနာများအတွက် လိုအပ်သည့် အောက်ဖော်ပြပါ ဆေးနှင့်ဆေးပစ္စည်းများအား ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရ အသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

FDA အသိအမှတ်ပြု
- (က) ဆေးဝါးများ
- (ခ) ခွဲစိတ်ခွဲခန်းသုံးဆေးပစ္စည်းများ
- (ဂ) ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ
- (ဃ) ဆေးရုံသုံး ပစ္စည်းများ(Consumable)

၂။ **တင်ဒါပုံစံ ရောင်းချမည့်ရက်** - ၁၆-၅-၂၀၂၂ရက်(တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၆-၂၀၂၂ရက်(သောကြာနေ့) ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေး/ဆေးပစ္စည်းများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ နေ့စဉ်ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့**
**ဆေးရုံအုပ်ကြီးရုံး**
**ဖုန်း-၀၅၄-၂၈၂၃၃၁၁**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်3G/5509 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## အမည်ပြောင်း

ပဲခူးမြို့၊ အထက(၇)ကျောင်း၊ ဒုတိယတန်းမှ ဦးတင်မျိုးဦး-ဒေါ်မိုးသီတာတို့၏သား မောင်ဇွဲခန့်ကျော်အား ယနေ့မှစ၍ မောင်စွမ်းပြည့်စုံဟု ပြောင်းလဲခေါ်ပါရန်။

**မောင်စွမ်းပြည့်စုံ**

## မွေးသက္ကရာဇ်မှန်

သံတွဲမြို့နယ်၊ ကြက်စား ချောင်ရွာနေ ဦးခင်မောင်ထွန်း၏ သမီး မသူဇာထွန်း ၁၁/သတန(နိုင်)၀၉၄၃၇၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၅-၁၉၉၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရသေ့တောင်မြို့နယ်၊ မင်းဖူးကျေးရွာအုပ်စု၊ အောင်မင်းကျေးရွာနေ မောင်ကျော်လှသိန်း ၁၁/ရသတ(နိုင်)၀၉၀၄၀၀ (အသက်-၂၄)နှစ်၏ ဖခင်အမည်မှန်မှာ ဦးမောင်ဝန်စိုး ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၅-၂၀၂၂ရက်တွင် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၂၅)ပါ ဦးစွမ်းရည်၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် (၁၃)လမ်းအား **(၁၅)လမ်း** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## တစ်ဦးတည်းဖြစ်ကြောင်း

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ဂူတာရပ်ကွက် မီးစက်ကွက်သစ်(၁)လမ်းနေ မလှဲ့သီရိခိုင်၏ ဖခင် ၁၁/ရသတ(နိုင်)၀၀၀၈၄၆ ကိုင်ဆောင်သူ ဦးမောင်လှခိုင်(ခ) ဦးလှခိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်လှခိုင်(ခ)ဦးလှခိုင်**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မိုးသူဇာကျော်(ဘ)ဦးကျောက်ဒိုး ၉/ခအဇ(နိုင်)၀၁၄၆၁၄ ကိုင်ဆောင်သူ ညည-၆/မ-၂၁ စံပြ(င)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးနေထိုင်သူမှ ၁၃-၅-၂၀၂၂ရက်တွင် ခင်ပွန်းဖြစ်သူ ဦးစိုးမောင်မောင်ကျော်(ဘ)ဦးမြင့်ဆွေး ၉/ခမစ(နိုင်)၀၁၄၉၇၅ ကိုင်ဆောင်ပြီး ၆/ ၃က၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး နေထိုင်သူတို့သည် ပြည်ကြီးတံခွန်မြို့နယ် တရားရုံး၌ ၁၃-၅-၂၀၂၂ရက် မှတ်ပုံတင်အမှတ် ၁၄/၂၀၂၂ဖြင့် တရားဝင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်ဆဲခဲ့ကြပါသည်။ ဒေါ်မိုးသူဇာကျော်အနေဖြင့် သားသမီးနှစ်ဦးဖြစ်သော သမီးသဒ္ဒါဆုပြည့်ကျော်နှင့် သား ဘုန်းခန့်ကျော်တို့အား ဖခင်ဖြစ်သူ ဦးစိုးမောင်မောင်ကျော်မှ သားသမီးနှစ်ဦးအား အုပ်ထိန်းခွင့်ပေးမှ ကွာရှင်းပေးမည် ဖြစ်ကြောင်း ပြောခဲ့၍သာ ၁၃-၅-၂၀၂၂ရက်စွဲပါ ကလေးအုပ်ထိန်းခွင့် နှစ်ဦးသဘောတူ ဝန်ခံကတိစာချုပ်အား ချုပ်ဆိုပေးခဲ့ရခြင်းဖြစ်ကြောင်း သားနှင့်သမီးအား အရွယ်ရောက်သည်အထိ ကျွေးမွေးပြုစုပျိုးထောင်နိုင်ကြောင်းနှင့် သားနှင့်သမီးအား အပြီးအပိုင်ပေးကမ်းခဲ့ခြင်း မဟုတ်ကြောင်း၊ ကလေးအုပ်ထိန်းခွင့်နှင့် ပတ်သက်၍ တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးသူဇာကျော်၏ကိုယ်စား အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မိုးသူဇာကျော်၏ လွှဲအပ်ချက်အရ-**
**ဒေါ်အိဖြိုး**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်- ၁၂၈၇၁/၂၀၁၇**
**စွယ်တော် ဘုရား(မ)၊ ဘုရားဈေးအနီး**
**၆၈လမ်းထောင့်၊ အမရ ပူရမြို့နယ်**
**မန္တလေးတိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၈၉၁၀၁၁၈**

**ဖခင် အမည်မှန်**

ပန်းတောင်းမြို့နယ်၊ ဥဿျှစ်ပင်မြို့၊ ရွှေမင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဒုတိယတန်း၌ ပညာသင်ကြားနေသော မရွှေနဒီ(ခ)မချစ်ခွန်းချို၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဝင်း၇/ပတန(နိုင်) ၀၃၁၁၃၈ ဖြစ်ပါကြောင်း။

**ဦးမြင့်ဝင်း**

## ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ မူလတန်းဆင့်သင် (KG+Grade-1)ကျောင်းသား၊ ကျောင်းသူများ၏ သွားနှင့်ခံတွင်းကျန်းမာရေးအတွက် သွားတိုက်ဆေးနှင့်သွားတိုက်တံများအား ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ခရိုင်ပညာရေးမှူးရုံးများသို့ အရောက်ပေးပို့ရန်ရှိပါသဖြင့် နိုင်ငံသားပိုင်လုပ်ငန်း မှတ်ပုံတင်ရှိသော ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ သွားတိုက်ဆေးနှင့်သွားတိုက်တံတင်ဒါလုပ်ငန်းစဉ်များအား အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-

**တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၁၇-၅-၂၀၂၂ရက်

**တင်ဒါလျှောက်လွှာပုံစံပိတ်မည့်ရက်** - ၃၀-၅-၂၀၂၂ရက် ညနေ ၄နာရီ

**တင်ဒါဖွင့်ဖောက်မည့်ရက်** - ၂-၆-၂၀၂၂ရက် နံနက် ၁၀နာရီ

**တင်ဒါပေးသွင်းရမည့်နေရာ** - ပညာဌာနခွဲ၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်

**အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ**
**အခြေခံပညာဦးစီးဌာန၊ နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (၂၀၂၂-၂၀၂၃)ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် မွန်ပြည်နယ်အတွင်းရှိ ချောင်း/မြောင်းတူးဖော်ခြင်းနှင့် တာတမံပြင်ဆင်ခြင်း၊ ရေကန်တူးဖော်ခြင်းနှင့် ရေတံခါးရွက်များ အသစ်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန်အတွက် နိုင်ငံသားလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၅-၂၀၂၂ရက် နံနက် ၁၀နာရီမှ ၃၀-၅-၂၀၂၂ရက် ညနေ ၄:၃၀နာရီအထိ

(ခ) **တင်ဒါပုံစံရယူနိုင်သည့်နေရာ** - မော်လမြိုင်ခရိုင်အတွင်းရှိလုပ်ငန်းများအတွက်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မော်လမြိုင်မြို့
- သထုံခရိုင်အတွင်းရှိလုပ်ငန်းများအတွက် လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ သထုံမြို့

(ဂ) **တင်ဒါပိတ်မည့်ရက်** - ၃၀-၅-၂၀၂၂ရက် (တနင်္လာနေ့) ညနေ ၄:၃၀နာရီ

(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၃၁-၅-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီ

(င) **တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ အစည်းအဝေးခန်းမ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မွန်ပြည်နယ် ၊ မော်လမြိုင်မြို့

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(ဆည်မြောင်း)ရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့သို့ ရုံးချိန်အတွင်း (ဖုန်း-၀၅၇-၂၀၂၇၀၇၂)သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝင်းနိုင် ၁၃/တကန(နိုင်)၃၇၆၃၅၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၅၅၁၀၀၀၄**

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းစုကြည် ၁၃/ဟပန(နိုင်)၀၈၆၂၂၉ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၀၅၂၅၇၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ရဲလင်းနိုင် ၁၃/တကန(နိုင်)၃၀၈၀၃၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၁၀၇၈၈၁၃**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/4703 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/အလင်းရောင်မြို့ကွက်သစ်(၁)၊ဦးပိုင်အမှတ် (စ-၅)၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးထွန်းလုံ(ဘ)ဦးမောင်ပုအမည်ပေါက် မြို့မြေကွက်အား ဦးတင်ထွန်းအောင် (ဘ)ဦးလွန်းကြည် ၉/လဝန(နိုင်)၀၅၁၅၂၈ နှင့် ဒေါ်သန္တာဝင်း(ဘ)ဦးကျော်ဝင်း ၉/လဝန(နိုင်)၁၅၈၉၄၉ တို့မှ မြေကွက်နေရာချထားပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ် ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ကိုယ်တိုင်ကတိဝန်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ အကွက်အမှတ် ၇(ခ)ကန်ဖျားကွင်း၊ ဦးပိုင်အမှတ်(၁၀)၊ မြေဧရိယာ(၀ဒသမ၀၉၆) ဧကရှိ မြေကွက်အား မြေငှားဂရန်အမှုတွဲအမှတ်(၂၉၃/၁၉၉၇-၁၉၉၈)အရ ဒေါ်ရှုလွမ်အမည်ဖြင့် ရရှိခဲ့ပြီး (၁၇-၁၀-၂၀၁၆)ရက်တွင် မြေငှားဂရန်သက်တမ်း ကုန်ဆုံးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ မြေငှားဂရန်အား (အသစ်)လျှောက်ထားနိုင်ရေး ဒေါ်ရှုလွမ် ၆/မအရ(နိုင်) ၀၀၉၆၃၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး သို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ နေပြည်တော်ကောင်စီငွေလုံးငွေရင်းခွင့်ပြု ရန်ပုံငွေဖြင့် တပ်ကုန်းမြို့နယ်အတွင်း ဆောင်ရွက်ဆဲ(အခြား)လုပ်ငန်း(၂)ခုတို့ကို ဆောက်လုပ်ဆောင်ရွက်မည်ဖြစ်သည့်အတွက် တင်ဒါပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

- (က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၇-၅-၂၀၂၂ ရက်
- (ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး ရောင်းချမည့်ရက်** - ၃၀-၅-၂၀၂၂ ရက်၊
- (ဂ) **တင်ဒါလျှောက်လွှာနောက်ဆုံး ပြန်လည်တင်သွင်းရမည့်ရက်၊ အချိန်** - ၃၁-၅-၂၀၂၂ ရက် ၁၆:၀၀ နာရီ
- (ဃ) **တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်ရက်** - ဆက်သွယ်အကြောင်းကြားပါမည်။
- (င) **တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်နေရာ** - တပ်ကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ အိတ်ဖွင့်လျှောက်လွှာပုံစံ၊ စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို တပ်ကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ရုံးဖုန်း-၀၆၇-၈၀၇၀၃၀၄၊ ၀၆၇-၈၀၇၀၃၀၃ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ၊ တပ်ကုန်းမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၁ ရပ်ကွက်၊ ဇေယျာဒီပလမ်း၊ မြေကွက်အမှတ် ၉၉၊ အိမ်အမှတ် ၉၉(ဘီ)၊ မြေအကျယ်အဝန်း(၂၀'x၆၀') ထောင့်ကွက်ပေါ်တွင်ဆောက်လုပ်ထားသော ၄ ထပ်ခွဲတိုက်၏ ဒုတိယထပ်(တတိယလွှာ) တိုက်ခန်းအကျယ်အဝန်း(၁၈'x၅၅')အကျယ်ရှိ ရေမီးစုံတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဖြိုးဝေလင်း ၉/ညဥန(နိုင်)၁၂၄၈၃၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ခိုင်ဝင်း ၈/ရစက(နိုင်)၁၂၇၅၇၉ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းနွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၂၈)**
**အမှတ်(၈)၊ ပထမထပ်၊ ခေမာလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၃၁၁၂၅၇၁၊ ၀၉-၇၉၉၉၁၀၄၂၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊မြေကွက်အမှတ်(၁၀၄၇)၊ ဧရိယာ ၀ ဒသမ၀၅၅ဧကအကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်ကို ဒေါ်ခင်ခင်အုန်း ၁၂/ဥကတ(နိုင်)၀၁၉၅၂၁ ကတရားဝင်အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ထိုမြေကွက်ကြီး၏တောင်ဘက်ခြမ်း (အလျား ၂၀ပေxအနံ ၆၀ပေ) အကျယ်ရှိ မြေနှင့်အဆောက်အအုံကိုငင်းထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဇော်ဝင်းထွဋ် ၁၂/လမတ(နိုင်)၀၂၉၅၇၆ က ၁၅-၅-၂၀၂၂ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်စရန်ပေးကတိစာချုပ်ဖြင့် ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသွယ်တင်လတ် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၅၂)**
